
# ဝဏ္ဏအောင်

ရှောင်အင်း၏ပြန့်ဟူရ

ခြင်္သေ့ဟိန်းသံ



တိုးတက်ရေး-စာပေ

ဝဏ္ဏအောင်

# ခြင်္သေ့ဟိန်းသံ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

ဆိုးတက်ရေး

## ကြေငြာချက်

ယနေ့…

ခြသေ့်ခြံဝင်းရှေ့၌ ဆိုင်းဘုတ်တစ်ခု ထောင်ထား၏။

ဆိုင်းဘုတ်ပေါ်၌ မညီညာသောလက်ရေးများဖြင့် စာများ ရေးသားထားလေသည်။

စာမတတ်သူများက ဘာရေးထားမှန်း မသိပါ။

မတောက်တခေါက် တတ်သူများကမူ…

“အိမ်လခ တိုးတောင်းတာနဲ့တူတယ်”

“အိမ်လခ မပေးနိုင်တဲ့လူတွေကို နှင်ချတာလား မသိဘူး”

စာတတ်သူများကမူ…

“ရဲဒင်းဂိုဏ်းက ဒုက္ခပေးလိမ့်မယ်လို့ သတိပေးထားတာပဲ”

အမျိုးမျိုး ပြောဆိုကြလေသည်။

အမှန်တော့…

အဒေါ်ကြီးရှန်းသည် ရဲဒင်းဂိုဏ်း၏အန္တရာယ်ကို ရိပ်မိထားသဖြင့် ကြိုတင်သတိပေးထားခြင်း ဖြစ်လေသည်။

ရဲဒင်းဂိုဏ်းက ဆင်းရဲသားများစုဝေးနေထိုင်သော ခြသေ့ခြံဝင်းကိုပင် လာ၍မိုက်ကြေးခွဲခဲ့သည်။

ခြသေ့ခြံဝင်းတွင် နေထိုင်ကြသော ဆင်းရဲသားများသည် ရဲဒင်းဂိုဏ်းကို ကြောက်ရွံ့သဖြင့် အရှုံးပေးခဲ့ကြသည်။

သို့သော် အဒေါ်ကြီးရှန်းနှင့် ခြံဝင်းအတွင်း ပြဿနာတစ်စုံတစ်ခုဖြစ်ပွားမည်ကို မလိုလားခြင်းသာ ရှိလေသည်။

ထူးဆန်းသည်မှာ…

ယခုအချိန်တွင် အဒေါ်ကြီးရှန်းတို့က လူအားလုံးအတွက် စိတ်ပူခြင်းမရှိဘဲ လူသုံးယောက်အတွက် ကွက်ပြီး စိတ်ပူနေ၏။

ခြသေ့ခြံဝင်းအား လာရောက်စော်ကားသူများကို မောင်းထုတ်ခဲ့သည့် လူသုံးယောက်အတွက် ဖြစ်သည်။

ခြံဝင်းအတွင်း နေထိုင်ကြသူများက သူရဲကောင်းအဖြစ် သတ်မှတ်ထားသော လူသုံးယောက်ဖြစ်လေသည်။

◆ ◆ ◆



ဦးလေးဂူက ဆေးတံကို မီးညှိလိုက်သည်။

သို့သော် ဖွာရှိုက်ခြင်းမပြုဘဲ အဒေါ်ကြီးရှန်းကို လှမ်းပေးလိုက်သည်။

ဦးလေးဂူက ဆေးတံမသောက်ပါ။

သူ၏ဇနီးသည် အဒေါ်ကြီးရှန်းကသာ မီးခိုးမပြတ်အောင် ဆေးတံသောက်တတ်သူ ဖြစ်လေသည်။

အဒေါ်ကြီးရှန်းက ဆေးတံကို သုံးလေးချက်ဖွာရှိုက်လိုက်ပြီး

"ရှင့်ကို ဆက်ပြီးလက်ခံထားလို့ မဖြစ်တော့ဘူး၊ ရှင် အခုချက်ချင်း အိမ်ပြောင်းသွားပါ"

ဆရာစိန် အံ့သြသွားသည်။

"အဒေါ်ကြီးရှန်း..ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်က အခန်းခကို ခြောက်လစာ ကြိုတင်ပေးထားတာပဲ"

အဒေါ်ကြီးရှန်းက..

"ရှင် တစ်နှစ်စာ ပေးထားယင်တောင် ကျွန်မ ဂရုမစိုက်ဘူး၊ ရှင်တို့ကြောင့် ကျွန်မရဲ့ခြံဝင်းမှာ ပြဿနာတွေ ဖြစ်လာလိမ့်မယ်လို့ အားလုံးက ပြောနေကြတယ်"

"ဟာ..ဒါ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ"

"ဘာဆိုင်လို့လဲ ဟုတ်လား၊ ရှင် စဉ်းစားပါဦး"

ဆရာစိန် မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်က ခြသေ့ခြံဝင်းကလူတွေအတွက် ကာကွယ်စောင့်ရှောက်ခဲ့တယ်ဆိုတာကိုလည်း စဉ်းစားပါဦးဗျာ"

အဒေါ်ကြီးရှန်းက…

"နေပါဦး၊ ရှင့်ကို ဘယ်သူက ငှားထားလို့လဲ"

"ဗျာ"

"ဘယ်သူက ရှင့်ကို ကာကွယ်စောင့်ရှောက်ခိုင်းလို့လဲ"

"မဟုတ်ဘူးလေ၊ သူတို့က…"

အဒေါ်ကြီးရှန်း ပခုံးတွန့်လိုက်သည်။

"သူတို့ကသူတို့၊ ရှင်ကရှင် ဘာဆိုင်လို့လဲ"

"ဟာ..သည်လိုမပြောပါနဲ့ဗျာ"

အဒေါ်ကြီးရှန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသိဘူး၊ ကျွန်မသိတာက ရှင် သည်ခြံဝင်းထဲက အမြန်ဆုံးပြောင်းသွားပါ"

ထိုစဉ်…

ခြေသံများ ဆူဆူညံညံ ထွက်ပေါ်လာပြီး လူနှစ်ယောက် ဝင်ရောက်လာကြလေတော့သည်။

◆ ◆ ◆



လူနှစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာကြလေသည်။

အားကွေနှင့် စုလီချန်းတို့ ဖြစ်လေသည်။

နှစ်ယောက်စလုံး ဒေါသထွက်နေကြ၏။

သို့သော် သူတို့ ဘာမှမပြောနိုင်မီ အဒေါ်ကြီးရှန်းက ဦးအောင်ပြောလိုက်လေသည်။

"ငါက အိမ်ရှင်၊ အိမ်ငှားစားတာ၊ ငါ့ကိုမကြိုက်ယင် အချိန်မရွေး ထွက်သွားလို့ရတယ်၊ ငါက မကြိုက်ယင်တော့ ချက်ချင်း နှင်ထုတ်ပစ်လိုက်မှာပဲ"

အားကွေနှင့် စုလီချန်းတို့ ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဆရာစိန်က…

"ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ခင်ဗျား သေသေချာချာ ပြန်စဉ်းစားပါဦးဗျာ"

အဒေါ်ကြီးရှန်း လက်မခံပါ။

"ကျွန်မ ဘာမှမသိဘူး"

"ခင်ဗျား.."

"ကျွန်မ သိတာ ပြောပြီးပြီ"

ဆရာစိန် သက်ပြင်းချလိုက်သည်။

အဒေါ်ကြီးရှန်းအား ဘာမှပြော၍ရတော့မည် မဟုတ်ဟု နားလည်လိုက်လေသည်။

အားကွေနှင့် စုလီချန်းကလည်း စကားပြောဖို့ လာခဲ့ကြ

ခြင်းဖြစ်သည်။

သို့သော်...

ဆရာစိန်တို့ ပြောဆိုနေကြသော စကားသံများကို ကြားပြီးလျှင် သူတို့လည်း ဘာမှပြောစရာမှ မရှိတော့ကြောင်း နားလည်လိုက်ကြလေသည်။

ထို့ကြောင့် ချက်ချင်းပြန်လှည့်ထွက်သွားကြ၏။

ဆရာစိန်လည်း သူတို့နောက်သို့ လိုက်သွားလေတော့သည်။

◆ ◆ ◆



ခြသေ့်ခြံဝင်းအတွင်း၌ ထုံးစံအတိုင်း ဆူဆူညံညံ ရှိနေ၏။

ဆရာစိန်၊ အားကြွေနှင့်စုလိချွန်းတို့ အပြင်ဘက်ထွက်လာခဲ့ကြသည်။

ကလေးများက ပြေးလွှားဆော့ကစားနေကြ၏။

မိန်းမများက အချင်းချင်း အတင်းအဖျင်းပြောဆိုနေကြသည်။

ယောကျ်ားများက ဟိုသွားလိုက် သည်သွားလိုက် လုပ်နေကြ၏။

ခြသေ့်ခြံဝင်းအတွင်း၌ ဘာတစ်ခုမှ မဖြစ်ခဲ့သည့်အလား။

သို့သော် အားလုံးသည် ဆရာစိန်တို့ကိုမြင်လျှင် တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

ပြီးမှ သတိဝင်လာကြသည့်အလား လာရောက်နှုတ်ဆက်ကြလေတော့သည်။

ဆရာစိန်က...

"အင်း...ပျော်စရာကောင်းသလိုတော့ ရှိသား"

စုလိချွန်းက...

"ဒါပေမယ့် နားအေးပါးအေးတော့ နေလို့ရမှာ မဟုတ်ဘူး"

အားကြွေက...

"ကျုပ်တော့ စိတ်ပျက်သလို ဖြစ်လာပြီဗျ"

ဆရာစိန် ပြုံးလိုက်သည်။

သူတို့သည် လာရောက်နှုတ်ဆက်သူများကို ပြန်လည်နှုတ်

ဆက်ယင်း ရှေ့ဆက်လျှောက်သွားကြသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

ဆရာစိန်က...

"ခင်ဗျားတို့ စိတ်မဝင်စားဘူးဆိုယင်တောင် ကျုပ်က သံမဏိလက်ကောက် ကျင်းတုထွေးဆိုတဲ့ လူတစ်ယောက်အကြောင်းကိုပြောပြချင်တယ်"

ရုတ်တရက် စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းဖြစ်လေသည်။

အားကွေက...

"ဆရာကြီးကျင်းတုထွေးဟာ အင်မတန် ကြည်ညိုလေးစားစရာကောင်းတဲ့ အဖြူရောင် ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ပေါ့ဗျာ"

စုလိချန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျို့၊ သူရဲ့အများအကျိုး ဆောင်ရွက်မှုတွေကို သိုင်းလောကတစ်ခုလုံး ချီးကျူးခဲ့ရတာပဲ"

အားကွေက...

"ဆရာကြီးဟာ အသက်ထက်ဆုံး အများအကျိုးဆောင်ရွက်သွားတဲ့အပြင် သူ့ရဲ့တပည့်တွေကိုလည်း သူ့လိုပဲ ဆောင်ရွက်ကြဖို့ မှာကြားသွားတာဗျ"

စုလိချန်းက....



"ဒါကြောင့် လက်နက်မဲ့သိုင်းဆရာကြီး ချောင်အိမ်းက ဆရာကြီးကျင်းတုထွေးကို စံနမူနာယူရမယ်လို့ ထုတ်ဖော်ကြေငြာခဲ့တာပေါ့"

ဆရာစိန်က...

"သူတို့နှစ်ယောက်အပြင် အင်မတန်လေးစားစရာကောင်းတဲ့ဆရာကြီးတစ်ဦး ရှိပါသေးတယ်"

စုလိရှန်းက...

"မှော်လုံတံဟွေ့လုံဆိုတဲ့ ဆရာကြီး မဟုတ်လားဗျာ"

"သိပ်ဟုတ်တာပေါ့ဗျာ"

ဆရာစိန်၊ အားကွေနှင့် စုလိချန်းတို့သည် သိုင်းဆရာကြီးသုံးယောက်အကြောင်း ချီးကျူးပြောဆိုလိုက်ကြလေသည်။

ထိုသိုင်းဆရာကြီးများမှာ သူတို့၏ကျေးဇူးရှင် ဆရာသမားများပင် ဖြစ်ကြပါသည်။

အတန်ကြာ ပြောဆိုကြပြီးနောက် ဆရာစိန် ထိုင်ရာမှထလိုက်သည်။

"အလာရှိယင် အသွားလည်းရှိဦးမယ်"

အားကွေလည်း ထရပ်လိုက်သည်။

"ဒါပေါ့ အသွားရှိယင် အပြန်ရှိရမှာပေါ့"

စုလိချန်းက...

"ထားတော့လည်း နေတာပေါ့၊ နှင်တော့လည်း မနေရဲပေါ့ဗျာ"

ထို့နောက် သုံးယောက်သား သူတို့၏အခန်းအသီးသီးသို့ ပြန်သွားကြလေတော့သည်။

◆ ◆ ◆

ဦးလေးဝူ ခေါင်းကုတ်လိုက်သည်။

သူက ထိုင်ခုံတွင် ထိုင်ချလိုက်ပြီးမှ ချက်ချင်း ပြန်ထလိုက်သည်။

တဖန် လက်နှစ်ဘက်နောက်ပစ်ကာ ဟိုဟိုသည်သည် လျှောက်နေ၏။

သုံးလေးကြိမ် ခေါက်တုန့်ခေါက်ပြန် လျှောက်ပြီးလျှင် ထိုင်ခုံ၌ပြန်ထိုင်ချလိုက်လေသည်။

အဒေါ်ကြီးရှန်းက မျက်မှောင်ကုတ်၍ကြည့်နေ၏။

သူမသည် ခင်ပွန်းသည်ကိုကြည့်ယင်း မျက်စိနောက်လာပုံရလေသည်။

"ရှင် ဘာကြောင့် ဂဏာမငြိမ်ဖြစ်နေတာလဲ"

ဦးလေးဝူက...

"ငါ ဘာဖြစ်လို့လဲ"

အဒေါ်ကြီးရှန်းက...

"ဟိုသုံးယောက်ကို နှင်ထုတ်လိုက်လို့ မဟုတ်လား"

ဦးလေးဝူ ပခုံးတွန့်လိုက်သည်။



"ဘာဆိုင်လို့လဲ၊ ငါတို့ဆီမှာ လာနေတဲ့လူတွေ အများကြီးပဲ၊ ထွက်သွားတဲ့လူတွေ အများကြီး၊ လာငှားနေလိုက်၊ ပြောင်းသွားလိုက်နဲ့ ဘာဆန်းလို့လဲ"

အဒေါ်ကြီးရှန်းက...

"သည်လူသုံးယောက်ကတော့ ဆန်းတယ်ရှင့်"

"ဘာဆန်းတာလဲ၊ မင်းပဲ ပြောပါဦး"

"သူတို့က သိုင်းသမားတွေလေ"

"သိုင်းသမားတွေ ဟုတ်လား၊ အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ ရဲဒင်းဂိုဏ်းကို သွားစကြတာကိုး"

ဦးလေးဝူ ခေါင်းခါယမ်းလိုက်သည်။

"မင်း မှားနေပြီ"

"ဘာရှင့်"

"သူတို့က စတာမဟုတ်ဘူး၊ ရဲဒင်းဂိုဏ်းက လာစတာ"

အဒေါ်ကြီးရှန်း စိတ်မရှည်တော့သည့်အလား..

"အို..ဘယ်သူပဲစစ ကျွန်မရဲ့ခြံဝင်းထဲမှာတော့ ပြဿနာ အဖြစ်မခံနိုင်ဘူးရှင့်"

ဦးလေးဝူ ရယ်မောလိုက်လေသည်။

"လက်စသတ်တော့ မင်းလည်း ရဲဒင်းဂိုဏ်းကို ကြောက်နေတာကိုး"

"ဘာပြောတယ်..ရှင်..ရှင်"

ဦးလေးဝူက...

"ငါ့မိန်းမကို လူတိုင်း ကြောက်နေရလိမ့်မယ်လို့ထင်တာ၊ ငါ့မိန်းမကြောက်ရမယ့်လူ ရှိသေးတယ်ဆိုတာ အခုမှပဲ သိရတော့တယ်"

အဒေါ်ကြီးရှန်းက...

"ကျွန်မရဲ့ အစ်ကိုကြီးရှန်းထင်းကသာ ဘာတာဝန်မှ ပေးမသွားဘူးဆိုယင် ကျွန်မ ဂရုစိုက်မှာ မဟုတ်ဘူး"

ဦးလေးဝူ သက်ပြင်းချလိုက်သည်။

"ငါသိပါတယ် မိန်းမရယ်၊ ငါတို့က ရဲဒင်းဂိုဏ်းထက် နောက်ကွယ်က ဦးဆောင်နေတဲ့လူကို လိုချင်နေကြတာ၊ သူ့အကြောင်း မဖော်ထုတ်နိုင်သေးဘဲနဲ့ တို့အကြောင်း သိသွားလို့မဖြစ်ဘူး မဟုတ်လား"

အဒေါ်ကြီးရှန်းက...

"ရှင် ဒါတွေသိထားလျှက်နဲ့ အပိုစကားတွေ ဘာကြောင့်ပြောနေရတာလဲ"

"အေးပါကွာ၊ ငါမပြောတော့ပါဘူး"

သူတို့ ပြန်လည် သင့်မြတ်သွားသည်။

အေးအေးချမ်းချမ်း ဖြစ်သွားသည်။

ထိုအချိန်မှာပင် အပြင်ဘက်၌ ပူပူလောင်လောင် ဖြစ်လာလေတော့သည်။

◆ ◆ ◆



"အဒေါ်ကြီးရှန်း တရားဘူး"

"ခြင်္သေ့ခြံဝင်းရဲ့အကျိုး ဆောင်ရွက်ခဲ့တဲ့လူတွေကို နှင်ထုတ်တာ အမှားကြီးမှားနေပြီ"

"သည်ကိစ္စကို ကျုပ်တို့ လက်မခံဘူး"

"သူတို့ကို လက်ခံထားရမယ်"

ခြင်္သေ့ခြံဝင်းတွင် ငှားရမ်းနေထိုင်ကြသူများ၏ မကျေမနပ်ပြောဆိုသံများ ကျွက်ကျွက်ညံနေ၏။

ဆရာစိန်တို့အား နှင်ထုတ်လိုက်သည့်ကိစ္စကို မကျေမနပ်ကန့်ကွက်ပြောဆိုနေကြခြင်း ဖြစ်လေသည်။

အသံများက တစ်စတစ်စထက်တစ်စ ကျယ်လောင်လာသည်။

တစ်ယောက်စ နှစ်ယောက်စဖြင့် တဖြည်းဖြည်း စုရုံးမိလာပြီး လူအုပ်ကြီးဖြစ်လာသည်။

ခြင်္သေ့ခြံဝင်း၌နေထိုင်သူ အားလုံး ပါဝင်လာကြလေတော့သည်။

ဦးလေးဝူ ပြုံးနေ၏။

သူ၏အပြုံးမှာ မည်သို့အဓိပ္ပါယ်ဆောင်ကြောင်း အဒေါ်ကြီးရှန်း နားလည်ထားလေသည်။

"ရှင် ကြားတယ် မဟုတ်လား"

ဦးလေးဝူ ခေါင်းညိတ်လိုက်သည်။

"ကြားတာပေါ့၊ နားကန်းနေတဲ့လူတောင် ကြားမှာပဲ"

"ဒါဖြင့် ရှင် ဘာလုပ်နေတာလဲ"

"ကျုပ်.."

"ရှင် သွားပြီး မောင်းထုတ်လိုက်လေ"

ဦးလေးဝူ သက်ပြင်းချလိုက်သည်။

"အေးပါကွာ"

ထိုင်ရာမှ မထချင်ထချင်ထကာ ပြတင်းပေါက်အနီးသို့ လှမ်းသွားလိုက်လေသည်။

"ကဲ..ကဲ..အားလုံး ပြန်ကြပါတော့"

စုရုံးနေသူများသည် ဦးလေးဝူကိုတွေ့လျှင် ပို၍အော်ဟစ် ကန့်ကွက်လိုက်ကြလေသည်။

ဦးလေးဝူက...

"တော်ကြပါတော့ကွာ၊ ပြန်ကြပါတော့"

ထပ်ပြီး တောင်းပန်လိုက်သော်လည်း မည်သူကမျှ ဂရုမ စိုက်ကြချေ။

ရုတ်တရက်...

"ဒုန်း..ဒုန်း..ဒုန်း"

ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာလေသည်။

အဒေါ်ကြီးရှန်းသည် ခြေဆောင့်နင်းပြီး ပြတင်းပေါက်အနီး သို့ရောက်လာ၏။

"ဖယ်စမ်း"

ဦးလေးဝူကို ဆွဲဖယ်လိုက်ပြီး အပြင်ဘက်သို့ ခေါင်းပြူကာ အော်ပြောလိုက်လေသည်။



"တော်တော့..ပြန်ကြတော့"

သူမက စကားနှစ်လုံးထဲ ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏အသံက မိုးခြိမ်းသံအလား ဟိန်းထွက်လာသည်။ လူတိုင်းလူတိုင်း နားကွဲမတတ် ခံစားလိုက်ကြရသည်။ ထို့နောက်...

အားလုံး အလျှိုလျှို ထွက်သွားကြလေတော့သည်။

◆ ◆ ◆

ဆရာစိန် ပြုံးလိုက်သည်။

ခြသေ့်ခြံဝင်းမှ လူများက သူတို့ကို သံယောဇဉ် ဖြစ်နေကြ ပြီ မဟုတ်ပါလား။

မည်သို့ဆိုစေ...

အဒေါ်ကြီးရှန်း လက်မခံသဖြင့် ထွက်သွားရတော့မည်သာ ဖြစ်လေသည်။

"ဒေါက်..ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ဆရာစိန် တံခါးဖွင့်ပေးလိုက်သောအခါ အားကွေကို တွေ့ လိုက်ရသည်။

အားကွေက...

"ခင်ဗျားပစ္စည်းတွေ သိမ်းနေပြီလား"

ဆရာစိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျို့၊ ဖြုန်းစားကြီးဆိုတော့ ဘယ်က ဘယ်လို စပြီး သိမ်းရမှန်းတောင် မသိတော့ပါဘူးဗျာ"

အခန်းထဲ၌ အဝတ်အစားနှင့် အသုံးအဆောင်များ ပြန့်ကျဲနေ၏။

အမှန်တော့ ပစ္စည်းပစ္စယ မည်မည်ရရ မရှိပါ။

ရှိသမျှ အဝတ်အစားနှင့် အသုံးအဆောင်များအား မ,တင် ပြန့်ကျဲထားခြင်းသာ ဖြစ်လေသည်။

ဟိုတစ်ခု သည်တစ်ခု ပြန့်ကျဲနေသဖြင့် ရှုပ်ပွနေသည်ဟု ထင်ရခြင်းပင်။

ဆရာစိန်၊ အားကွေနှင့် စုလိချွန်းတို့သည် အထုပ်ကလေးများ ပိုက်ပြီး ရောက်လာကြသူများသာ ဖြစ်ပါသည်။

အဝတ်တစ်ထည်ကိုယ်တစ်ခု ခြေသလုံးအိမ်တိုင်သမားများ ဟုပင် ဆိုနိုင်သည်။

ဆရာစိန်သည် ရတ်တရက် ထွက်မသွားလိုသေးသဖြင့် ပစ္စည်းများ သိမ်းဆည်းနေသည်ဟု အကြောင်းပြကာ အချိန်ဆွဲနေခြင်း ဖြစ်လေသည်။

အားကွေ ခေါင်းကုတ်လိုက်သည်။

"အေးဗျာ၊ ခင်ဗျားလည်း ပစ္စည်းတွေ သိမ်းရင်း အလုပ်ရှုပ်နေတော့ ခက်တာပဲ"

ဆရာစိန်က...



"ဘာဖြစ်လို့လဲ၊ ဘာအကူအညီများ လိုအပ်လို့လဲဗျာ"

အားကွေက...

"အေးဗျာ၊ ကျုပ်အခန်းထဲမှာလဲ ပစ္စည်းတွေ ရှုပ်ပွနေတာ၊ အဲဒါ.."

ဆရာစိန် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ ဘာမှမပူနဲ့၊ ကျုပ်ဝိုင်းကူပြီး သိမ်းပေးပါ့မယ်၊ ခဏတော့ စောင့်ဗျာ"

"ရပါတယ်..ရပါတယ်"

ထိုစဉ်...

"ကျုပ်ကိုလည်း ပစ်မထားကြပါနဲ့ဗျာ"

စုလိချွန်း ရောက်ရှိလာလေသည်။

သူတို့သည် ရှိသမျှပစ္စည်းများအား တမင် ဖြန့်ကျဲထားသည်။

ရှုပ်ပွနေအောင် တမင် လုပ်ထားကြသည်။

ပစ္စည်းတစ်ခု သိမ်းပြီး နှစ်ခုဖွလိုက်သည်။

သိမ်းလိုက်ဖွလိုက်ဖြင့် ရှင်း၍မပြီးအောင် ဖြစ်နေတော့သည်။

"ဟူး မောလိုက်တာ"

အားကွေက နဖူးပေါ်မှ ချွေးများ သုတ်လိုက်သည်။

စုလိချွန်းက ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

ဆရာစိန်က...

"မောလဲမောပြီ..ဗိုက်လဲဆာပြီ"

"ဟုတ်တယ်ဗျို့.."

"သည်က သွားရတော့မယ့် အထိမ်းအမှတ်နဲ့ အပြင်ထွက်ပြီး တစ်ခုခု သွားစားကြရင် မကောင်းဘူးလား"

အားကွေနှင့် စုလိချန်းတို့ ထောက်ခံပြီး အကြံပေးသည်။

ဆရာစိန် သဘောတူလိုက်သည်။

"သိပ်ကောင်းတာပေါ့ဗျာ၊ သွားကြတာပေါ့"

ထို့နောက် သုံးယောက်သား လည်ပင်းဖက်ကာ ထွက်သွားကြလေတော့သည်။

◆ ◆ ◆



အဒေါ်ကြီးရှန်း နှာခေါင်းရှုံ့လိုက်သည်။

"သူတို့ တမင် အချိန်ဆွဲနေတာပဲ"

ဦးလေးဂူက...

"သူတို့ကို ကြည့်ရတာ ပစ္စည်းတွေ သိမ်းရတာနဲ့ ပင်ပန်းနေကြပြီ ထင်ပါတယ်ကွာ"

အဒေါ်ကြီးရှန်းက...

"များလိုက်တဲ့ ပစ္စည်းတွေ သုံးယောက်ပေါင်းလို့ ခြင်းတောင်းတစ်လုံးတောင် ပြည့်မှာ မဟုတ်ဘူးရှင့်"

"ဟ သူတို့က အိမ်ထောင်ရှင်မတွေမှ မဟုတ်တာ၊ ထုပ်ပိုးသိမ်းဆည်းရတဲ့ အိမ်ရှင်မတွေရဲ့ အလုပ်မျိုး ဘယ်လုပ်တတ်ကြပါ့မလဲ"

အဒေါ်ကြီးရှန်း သက်ပြင်းချလိုက်သည်။

"ကျွန်မလည်း သူတို့ကို မသွားစေချင်ပါဘူးရှင်"

ဦးလေးဂူ ခေါင်းထောင်လာသည်။

"ဒါဖြင့် မင်း မသွားနိုင်းတော့ဘူးလား"

"မသွားနိုင်းလို့ မဖြစ်ဘူးဆိုတာ ရှင်သိပါတယ်"

"မိန်းမရယ် သူတို့က.."

"သူတို့ သည်မှာ ဆက်နေရင် ဒုက္ခရောက်သွားလိမ့်မယ်ရှင့်"

အခြေအနေကို နားလည်သဘောပေါက်ထားခြင်းကြောင့် ဦးလေးဂူ ဘာမှမပြောတော့ပါ။

ထိုအချိန်မှာပင် သူတို့ထံသို့ ညှော့သည်နှစ်ယောက် ရောက်ရှိလာကြလေသည်။

◆ ◆ ◆

ဟုန်ဟောနှင့် တီပါချင်းတို့ ဖြစ်သည်။

ခြသေ့်ခြံဝင်း၌ ပြဿနာ ရှိနေသည်ကို ဟုန်ဟောတို့ မသိကြပါ။

အဒေါ်ကြီးရှန်းက...

"နေပါဦး၊ မင်းတို့က ဘာကိစ္စနဲ့ ငါ့ကို တွေ့ချင်ကြတာလဲ"

ဟုန်ဟောက...

"ဘာကိစ္စလဲ ဟုတ်လား"

"အေးလေ"

"ကျုပ်တို့ဟာ ရဲဒင်းဂိုဏ်းကဗျ"

"ဘာ"

ဟုန်ဟော ခါးထောက်ရင်း ဟန်ပါပါဖြင့် ပြောလိုက်လေသည်။

"တစ်မြို့လုံးက ရဲဒင်းဂိုဏ်းအတွက် ဆက်ကြေးပေးရတယ်၊ ခင်ဗျားတို့ ခြံဝင်းကသာ မသိချင်ဟန်ဆောင်နေတာလဲ၊ ဒုက္ခရောက်ချင်ကြပြီ ထင်တယ်"

ဟု ခြိမ်းခြောက်လိုက်လေသည်။



အဒေါ်ကြီးရှန်းက...

"လက်စသတ်တော့ ငါ့ဆီမှာ ဆက်ကြေးလာတောင်းတာကိုး"

"ဟုတ်တယ်"

"အေး ဆက်ကြေးတော့ မရဘူး၊ လက်ဝါးပဲ ရမယ်"

အဒေါ်ကြီးရှန်း၏ လက်တစ်ဖက် ဇယ်ဆက်သလို လှုပ်ရှားသွားလေသည်။

"ဖြန်း..ဖြန်း..ဖြန်း"

ဟုန်ဟောသာမက တီပါချင်းပါ ပါးရိုက်ခံလိုက်ရလေသည်။

သူတို့၏ပါးပြင်နှစ်ဖက် ချက်ချင်းနီရဲရောင်ကိုင်းသွားသည်။

အဒေါ်ကြီးရှန်းက စိတ်ရှိလက်ရှိ ရိုက်လိုက်ပြီးမှ...

"သွားကြ"

တအားကြုံးအော်လိုက်ရာ ဟုန်ဟောတို့ လိပ်ပြာလွင့်မတတ် ဖြစ်သွားပြီး ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

◆ ◆ ◆

## ဆရာ့စကား

ဂိုဏ်းချုပ်ချန်းမင်း မကျေမနပ် ဖြစ်နေသည်။

"တောက် ခြင်္သေ့ခြံဝင်းက ဘာမို့လဲ"

ကျောက်ပါက...

"ဘာမှမဟုတ်ပါဘူး ဂိုဏ်းချုပ်"

"ဘာကွ"

"ဟို..ဟို၊ သူတို့ကိုယ်သူတို့ ခြင်္သေ့လေး ဘာလေးနဲ့ လူ အထင်ကြီးအောင် တမင် လုပ်ထားတာ၊ တကယ်တော့ အခြေအနေ မဲ့တွေ စုဝေးနေထိုင်ကြတဲ့ 'လေလွင့်ခြံဝင်း'ပါ"

ဂိုဏ်းချုပ်ချန်းမင်းက...

"ခြင်္သေ့ခြံဝင်းပဲဖြစ်ဖြစ်၊ လေလွင့်ခြံဝင်းပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်



ဖြစ် ရဲဒင်းဂိုဏ်းက ထွက်ပြေးလာရတာ ဘယ်လောက်ရှက်စရာ ကောင်းသလဲ"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်"

"ငါတို့က ခြင်္သေ့ခြံဝင်းဆိုတဲ့ လေလွင့်ခြံဝင်းလောက်တောင် အသုံးမကျဘူးဆိုယင် တခြားလူတွေပါ မလေးမစား ဖြစ်လာကြ တော့မယ်၊ ရဲဒင်းဂိုဏ်းကို ဝိုင်းပြီး အားခံလာကြမယ်ဆိုယင် ဘယ်လို လုပ်မလဲ ပြောစမ်းပါဦး"

ကျောက်ပါ ခေါင်းညိတ်လိုက်သည်။

"ဂိုဏ်းချုပ်ပြောတာ မှန်ပါတယ်ဗျာ"

ဂိုဏ်းချုပ်ချန်းမင်းက...

"ဟေ့ မှန်နေတိုင်း ပြီးတာ မဟုတ်ဘူးကွ"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ဘာလုပ်ရမလဲ ပြောစမ်းပါဦး"

"သူတို့ကို ဆုံးမရမှာပါ"

"ကောင်းပြီ၊ ဘယ်လိုဆုံးမ မလဲ၊ ပြော"

ကျောက်ပါ မပြောတတ်ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

အမှန်တော့...

ရဲဒင်းဂိုဏ်းချုပ်ချန်းမင်းသည်လည်းကောင်း၊ ကျောက်ပါ သည်လည်းကောင်း တကယ်တမ်း အရည်အချင်း ရှိကြသူများ မဟုတ်ကြပါချေ။

ကျောထောက်နောက်ခံ ကောင်းခြင်းကြောင့်သာ ခေါင်းဆောင်များ ဖြစ်နေကြခြင်းပင်။

ဟိတ်ဟန်အပြည့်ဖြင့် မိုက်ရူးရဲ လူဆိုးလူမိုက်များကို အသုံးချနေနိုင်ခြင်း ဖြစ်လေသည်။

ခြင်္သေ့ခြံဝင်း(ဝါ)လေလွင့်ခြံဝင်းနှင့် ရင်ဆိုင်ပြီး အရှုံးနှင့် ကြုံတွေ့လိုက်ရသောအခါ ချန်းမင်းသည် ဆရာဖြစ်သူကို သတိရလာလေသည်။

သူ့အား ကူညီနိုင်မည့်သူမှာ ဆရာတစ်ဦးတည်းသာ ရှိတော့သည် မဟုတ်ပါလား။

သို့သော်...

"သည်လေလွင့်ခြံဝင်းဆိုတဲ့ ကိစ္စလေးနဲ့ သွားခေါ်ယင် ဆရာလိုက်မှာ မဟုတ်ဘူး၊ သူက ပြိုင်ဘက်ကောင်းရှိမှ ချန်းအန်းအရှုးထောင်က ထွက်လာခဲ့မယ်လို့ ပြောထားတာ"

ဟု တွေးပြီး စိတ်ပျက်သွားလေသည်။

သူ၏ဆရာသည် နှစ်အတန်ကြာ ပျောက်ဆုံးနေပြီးနောက် ယခု ချန်းအန်းမြို့ရှိ စိတ်ဝေဒနာဂေဟာ(ဝါ)ချန်းအန်းအရူးထောင်၌ ရောက်ရှိနေသည်ဟု သိလိုက်ရပြီ ဖြစ်ပါသည်။

ဆရာဖြစ်သူအား အကူအညီတောင်းဖို့ ခက်ခဲနေသောအခါ...

"ငါ ဘာလုပ်ရမလဲ"

ချန်းမင်း ဆက်၍ တွေးတောစဉ်းစားယင်း လူတစ်ယောက်ကို သတိရလာလေသည်။



တောင်ပင်လယ် မရဏာတေးသံချိုစောက် ဖြစ်သည်။

အကူအညီလိုလျှင် ချိုစောက်ထံ၌ အကူအညီတောင်းနိုင်သည်ဟု ဆရာဖြစ်သူ မှာကြားထားခဲ့သေးသည် မဟုတ်ပါလား။

"ဟုတ်ပြီ..ဟုတ်ပြီ"

ချန်းမင်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

ကျောက်ပါက...

"ဂိုဏ်းချုပ်ကြီး ဘာများဟုတ်တာလဲဗျာ"

ချန်းမင်းက...

"တောင်ပင်လယ်ကို ဆက်သွယ်ရမယ်"

ကျောက်ပါ အံ့ဩသွား၏။

"တောင်ပင်လယ်ဆိုတာ"

"အဲသည်မှာ ငါ့ကို ကူညီမယ့်လူ ရှိတယ်၊ ကဲ မင်းပဲ သွား"

"ဗျာ"

"တောင်ပင်လယ်က မရဏာတေးသံချိုစောက်ဆီကို မင်းသွား၊ ငါ့မှာ အကူအညီ လိုအပ်နေတယ်လို့ သွားပြောလိုက်"

ကျောက်ပါ မျက်လုံးပြူးသွား၏။

ချိုစောက်မှာ အလွန်ထူးခြားသည့် အမှောင်ထိပ်သီး သိုင်းသမားကြီး မဟုတ်ပါလား။

ချန်းမင်း အကူအညီတောင်းသည်ကို လက်ခံကူညီပါမည်လော။

ချန်းမင်းက…

“ကဲ..မင်းသွားတော့”

လက်ဝှေ့ယမ်းပြလိုက်လျှင် ကျောက်ပါလည်း ဘာမှမတတ်သာဘဲ ထွက်လာခဲ့ရလေတော့သည်။

◆ ◆ ◆

ဘုံကျောင်းလေး၏ ကျောက်လှေကားထစ်များပေါ်၌ ဟုန်ပောနှင့် တီပါချင်းတို့ ထိုင်နေကြလေသည်။

နှစ်ယောက်သား စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

တီပါချင်းက…

“ငါတော့ တစ်နေရာရာကို ထွက်သွားချင်လာပြီကွ”

ဟုညည်းတွားလိုက်လေသည်

ဟုန်ပောက…

“ဘာလဲ..မင်းသိပ်ပြီး စိတ်ပျက်နေပြီလား”

“အေးလေ..မင်းစဉ်းစားကြည့်ပါလား၊ ငါတို့ဘဝက ဘာမှအဓိပ္ပါယ်မရှိတော့ဘူး၊ တစ်နေ့တစနေ့ ထမင်းမှန်အောင် စားရဖို့တောင် မမျှော်လင့်နိုင်အောင် ဖြစ်နေပြီ”

ဟုန်ပောက…

“မင်းပဲ ရဲဒင်းဂိုဏ်းထဲ ဝင်မယ်ဆို”

တီပါချင်းက…



“ငါဝင်ချင်လည်း သူတို့က လက်မခံတာ ဘယ်လိုလုပ်မလဲ”

ဟုန်ပောက…

“တကယ်တော့ ရဲဒင်းဂိုဏ်းက လူတွေကို ဒုက္ခပေးနေတာပါကွာ၊ သူတို့ဂိုဏ်းထဲဝင်ဖို့ မပြောနဲ့သူတို့ကိုတောင် ဆုံးမရဦးမှာ”

“ဟော”

တီပါချင်း မျက်လုံးပြူးသွားသည်။

“မင်း ဘယ်တုန်းက စိတ်ကောင်းဝင်သွားတာလဲ”

ဟုန်ပောက…

“တကယ်တော့ ငါစိတ်ကောင်းရှိပါတယ်ကွာ၊ မတရားမှုတွေကို မုန်းတယ်၊ လူဆိုးဓားပြတွေကို ဆုံးမချင်တယ်၊ ငါက အဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် အများအကျိုးဆောင်ရွက်ချင်တာ”

တီပါချင်းက…

“မင်းက သိုင်းရူးရူးနေတာပဲ”

ဟုန်ပော ရယ်မောလိုက်လေသည်။

တီပါချင်းက…

“မင်းက သိုင်းသမားဖြစ်ချင်ပေမယ့် မဖြစ်နိုင်တော့ ဒေါသဖြစ်ပြီး ထင်ရာလျှောက်လုပ်နေတယ်ဆိုတာ ငါနားလည်ပါတယ်ကွာ”

ဟုန်ပောက…

“ငါက သိုင်းသမားဖြစ်ချင်တယ်၊ အများအကျိုးဆောင်ရွက်ချင်တယ်၊ ဒါပေမယ့် ငါမျှော်လင့်သလို ဖြစ်ယင်ဖြစ်၊ မဖြစ်ယင်

ငါလုပ်ချင်ရာ လျှောက်လုပ်ပစ်တော့မယ်"

တီပါချင်း၏စကားကို သံယောင်လိုက်ကာ ပြောလေသည်။

တီပါချင်းက...

"အေး..မင်းမြန်မြန် သိုင်းသမားဖြစ်ပါစေလို့ ငါဆုတောင်းပေးပါတယ်ကွာ"

"ကျေးဇူးပဲ"

"ဒါထက် မင်းသိုင်းသမားဖြစ်လာပြီဆိုယင် အယင်ဆုံး ဘာလုပ်မလဲ"

ဟုန်ပေါက...

"ရဲဒင်းဂိုဏ်းကို ဆုံးမမယ်"

"ဟေ"

"ငါ တကယ်ပြောတာ၊ ငါဆုံးမဖို့ ငါနဲ့အနီးဆုံးမှာ ရှိနေတာ ရဲဒင်းဂိုဏ်းပဲ မဟုတ်လားကွ၊ ဒါကြောင့် သူတို့ကိုပဲ အယင်ဆုံး ဆုံးမရမှာပေါ့"

တီပါချင်းက...

"ရဲဒင်းဂိုဏ်းကို လျှော့မတွက်နဲ့နော်၊ သူတို့ရဲ့နောက်ကွယ်မှာ အင်မတန် ကြောက်စရာကောင်းတဲ့ သိုင်းထိပ်သီး လူဆိုးကြီး တစ်ယောက်ရှိသေးတယ်"

ဟုန်ပေါက...

"ငါလည်း ကြားဖူးပါတယ်၊ သူ့ကို သိုင်းလောကတစ်ခုလုံးက မယှဉ်နိုင်ကြဘူးလို့ ပြောနေကြတာ"



တီပါချင်းက...

"ရှောင်လင်၊ ဝူတန်ဂိုဏ်းချုပ်ကြီးတွေတောင် သူ့ကို မယှဉ်နိုင်ဘူးကွ"

ဟုန်ပေါက...

"ငါသိပါတယ်၊ လောကပေါ်မှာ ကြောက်စရာအကောင်းဆုံးဆိုတဲ့ လူဆိုးသိုင်းသမားကြီးပေါ့"

သူငယ်စဉ်က အရူးကြီးတစ်ယောက်အား တွေ့ခဲ့ဖူးသည်။

ထိုအရူးကြီးထံမှ ရွှေမိုးမျှော်သိုင်းကို ရရှိခဲ့ခြင်းဖြစ်သည်။

ထိုအရူးကြီးက အခြားအရူးကြီးတစ်ယောက်ကို လိုက်ရှာနေခြင်းဖြစ်သည်။

တီပါချင်း၏စကားသံကြောင့် ဟုန်ပေါ၏အတွေးစများ ပြတ်တောက်သွား၏။

"မင်း သိုင်းပညာတတ်ပြီဆိုယင် အဲဒီသိုင်းသမားဆိုးကြီးကိုကော ရင်ဆိုင်မှာလား"

ဟုန်ပေါ ပြုံးလိုက်သည်။

"သေချာတာပေါ့၊ ငါက သူ့ကိုမဖြစ်မနေ ဆုံးမပြီး သူ့ရဲ ကောင်းလုပ်လိုက်မှာ"

"မင်း သူ့ကိုမကြောက်ဘူးလား"

"ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ငါက သိုင်းပညာတတ်နေပြီလေ"

တီပါချင်းက...

"အခုတော့ မင်းဘာမှ မတတ်သေးပါဘူး"

"ငါ.."

ဟုန်ဟော သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် တစ်နေ့ကျယင် ငါ သိုင်းသမားလူဆိုးကြီးကို နှိမ်နင်းပြမယ်"

ဟု သန္နိဋ္ဌာန် ချထားလိုက်လေတော့သည်။

◆ ◆ ◆



## စောင်းသံနှစ်ဖော်

ချန်းမင်းက တောင်ပင်လယ်မှ ရောက်လာမည့် ဧည့်သည်များကို ကြိုဆိုဧည့်ခံရန် အထူးတလည် စီစဉ်ထားလေသည်။

ကျောက်ပါ ခေါ်လာသူနှစ်ယောက်ကို တွေ့ရသောအခါ အလွန်စိတ်ပျက်သွားလေသည်။

ထိုလူနှစ်ယောက်မှာ ပိန်ပိန်ရှည်ရှည်နှင့် အနက်ရောင် အဝတ်များကို ဖြစ်သလို ဝတ်ဆင်ထားကာ ဘာမှအထင်ကြီးစရာမရှိသည့်လူများဖြစ်နေသည် မဟုတ်လား။

ကျောက်ပါက...

"တောင်ပင်လယ်က ဆရာကြီးချိုစောက် ကွယ်လွန်သွားပါပြီ၊ သူ့ရဲ့တပည့်နှစ်ယောက်က ကျုပ်တို့ကို အကူအညီပေးဖို့ လိုက်လာကြပါတယ်"

ချန်းမင်းက ထိုလူနှစ်ယောက်ကို မေးလိုက်သည်။

"ခင်ဗျားတို့ တကယ်ပဲ ကူညီနိုင်မှာလားဗျ"

ထိုလူနှစ်ယောက်အနက် တစ်ယောက်က...

"ကျုပ်တို့ ဆရာက ရဲဒင်းဂိုဏ်း အကူအညီလိုယင် ကူညီရမယ်လို့ မှာခဲ့တယ်"

ကျန်တစ်ယောက်က...

"ဘယ်လိုအခက်အခဲ အန္တရာယ်ရှိပါစေ ကျုပ်တို့ ကူညီသွားမှာပါ"

ချန်းမင်း ပြုံးလိုက်သည်။

"မဆိုးဘူး"

ထိုလူနှစ်ယောက် ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်ကြသည်။

"ကျုပ်က ကျင်ရွှေပါ"

နောက်တစ်ယောက်က...

"ကျုပ်က တိတ်ချောင်းပါ"

ချန်းမင်းသည် ထိုလူနှစ်ယောက်ကို ကြည့်ရသည်မှာ စိတ်ပျက်စရာဖြစ်နေ၍...

"ကျုပ်ကို ကူညီချင်တယ်ဆိုယင် ခြင်္သေ့ခြံဝင်းကို သွားကြပေတော့"

ဟု ပြောလိုက်သည်။

ကျင်ရွှေက...

"ကျုပ်တို့ ဘာသွားလုပ်ရမလဲ"



ချန်းမင်းက...

"လူသတ်ရမှာပေါ့"

"ဘယ်သူ့ကို သတ်ရမှာလဲ"

"အားလုံးကိုသာ သတ်ပစ်လိုက်ဗျာ"

ကျင်ရွှေနှင့် တိတ်ချောင်းသည် ဘာမှမပြောတော့ဘဲ ထွက်သွားကြလေတော့သည်။

သူတို့က အထုပ်ကြီးတစ်ထုပ်ကို နှစ်ယောက်ဆွဲကာ ထွက်သွားကြခြင်း ဖြစ်သည်။

ချန်းမင်း မျက်မှောင်ကုပ်သွားသည်။

"အဲဒါ ဘာအထုပ်ကြီးလဲ"

ကျောက်ပါကို မေးလိုက်သည်။

ကျောက်ပါက...

"စောင်းအကြီးကြီး တစ်လက်ပါ"

"စောင်း ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့က အဲဒါကို မရဏစောင်းလို့ ပြောကြပါတယ်"

ချန်းမင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

◆ ◆ ◆

ကျင်ရွှေနှင့်တိတ်ချောင်းတို့သည် ခြသေ့်ခြံဝင်းသို့ ရောက်ရှိလာကြလေသည်။

အထုပ်ကြီးတစ်ထုပ်ဆွဲပြီး ရောက်လာသည့်ဖြစ်၍ အခန်းငှားမည့်သူများဟု ထင်ရလေသည်။

သို့သော်...

ကျင်ရွှေနှင့်တိတ်ချောင်းတို့ထံမှ အလွန်ထူးခြားသော အငွေ့အသက်များ ထွက်ပေါ်လာကာ ပတ်ဝန်းကျင်သို့ လွင့်ပျံ့နေ၏။

လူသတ်လိုသော အငွေ့အသက်များ ဖြစ်လေသည်။

ခြသေ့်ခြံဝင်း(ဝါ) လေလွင့်ခြံဝင်း၌ နေထိုင်သူအားလုံးလိုလိုမှာ အောက်ဆုံးအလွှာမှသာဖြစ်လေသည်။

သူတို့သည် အခြားလူများထက် ပိုပြီး သဘာဝတရားကို နားလည်ကြလေသည်။

ထို့ကြောင့်လည်း ကျင်ရွှေတို့မှာ အိမ်ငှားမည့်သူများ မဟုတ်ကြောင်း တခဏအတွင်း နားလည်သွားကြလေသည်။

ထို့အပြင် အလွန်ကြောက်စရာကောင်းသူများ ဖြစ်ကြောင်းလည်း ရိပ်မိသွားကြ၏။

ကျင်ရွှေတို့အား ကြိုဆိုမည့်သူ မရှိတော့ပါ။

အားလုံး ဝေးဝေးမှ ရှောင်သွားကြလေတော့သည်။

ကျင်ရွှေတို့ကလည်း မည်သို့မျှ သဘောမထားပါ။

နှစ်ယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြလေသည်။



အဆောက်အဦးကြီးကို မျက်နှာမူထားသည့် သစ်ပင်ကြီးတစ်ပင်အောက်၌ နေရာယူလိုက်ကြသည်။

သူတို့ သယ်ဆောင်လာသော အထုပ်ကို ဖွင့်လိုက်လျှင် အလွန်ကြီးမားသော စောင်းကြီးတစ်လက် ထွက်ပေါ်လာလေသည်။

ကျင်ရွှေ ပြုံးလိုက်သည်။

တိတ်ချောင်းကို ခေါင်းညိတ်ပြလိုက်သည်။

တိတ်ချောင်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"လေလွင့်ခြံဝင်းမှ မိတ်ဆွေအပေါင်းတို့ခင်ဗျာ၊ ကျုပ်တို့ရဲ့ စောင်းသံနဲ့ တင်ဆက်ဖျော်ဖြေမှုကို နားသောတဆင်ကြပါ ခင်ဗျာ"

ဟု ကျယ်လောင်သော အသံဖြင့် ပြောလိုက်လေသည်။

သူ၏စကားဆုံးသည်နှင့် ကျင်ရွှေက စောင်းကြိုးငင်လိုက်သည်။

"ဒေါင်"

စောင်းသံတစ်ချက် မြည်ဟည်းထွက်ပေါ်လာသည်။

ခြံဝင်းအတွင်း၌ သွားလာလှုပ်ရှားနေကြသူများ ရပ်တန့်သွားကြ၏။

အခန်းတံခါး ပွင့်သွားသည်။

အခန်းထဲမှ လူများ ခေါင်းပြူကြည့်လာကြသည်။

တစ်ခြံလုံးက ကျင်ရွှေတို့အား စိတ်ဝင်စားစွာ ကြည့်လိုက်ကြလေသည်။

"ဒေါင်...ဒေါင်...ဒေါင်"

စောင်းသံများ တစ်ချက်ခြင်း ထွက်ပေါ်လာ၏။

ပထမ ကြားရသူများအတွက် နားဝင်ချိုစရာ ဖြစ်နေ၏။

သို့သော်...

တဖြည်းဖြည်းနှင့် ရင်တုန်စရာ ဖြစ်လာသည်။

ရင်ထဲ ဗလောင်ဆူဝေလာသည်။

နားကွဲမတတ် ဖြစ်လာသည်။

ခြင်္သေ့ခြံဝင်းမှ လူများသည် မည်သူကမှ သင်ပေးစရာ၊ သတိပေးစရာမလိုဘဲ သူတို့၏အခန်းများ အတွင်းသို့ အလှျိုလှျို ဝင်သွားကြပြီး တံခါးပိတ်ထားလိုက်ကြလေတော့သည်။

♦ ♦ ♦



စောင်းသံက သံစဉ်အမျိုးမျိုး ပြောင်းလဲထွက်ပေါ်လာနေသည်။

နောက်ဆုံး မြေကြီးများ တုန်ခါသွားပြီး အဆောက်အဦးများ ပြိုကျသွားတော့မည်ဟုပင် ထင်ရလေတော့သည်။

ကျင်ရွှေတို့သည် ဒုက္ခပေးဖို့ ရောက်လာကြသူများ ဖြစ်ကြောင်း ထင်ရှားလေသောအခါ...

"ဟူး...ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး အခန်းသုံးခန်းမှ လူသုံးယောက် ခုန်ထွက်လာကြလေတော့သည်။

♦ ♦ ♦

အားကွေ၊ စုလိချန်းနှင့် ဆရာစိန်တို့ ဖြစ်သည်။
မြေကွက်လပ်သို့ ရောက်ရှိလာကြပြီး အားကွေက...
"တောင်ပင်လယ် မရဏစောင်းသံပဲ"
ဆရာစိန်က...
"သူတို့ဟာ ရဲဒင်းဂိုဏ်းအတွက် လာကြတာပဲ ဖြစ်မယ်"
စုလိချန်းက...
"ကျုပ်တို့ မသွားခင် သူတို့ကို ဆုံးမရမယ်ဆိုရင်လည်း မဆိုးပါဘူး"
ထိုစဉ်...
"ကျုပ်ရဲ့ခြံဝင်းထဲမှာ ဘယ်သူတွေ လာပြီး ဆူဆူညံညံ လုပ်နေတာလဲ"
အဒေါ်ကြီးရှန်း၏အသံ ထွက်ပေါ်လာလေသည်။
သူမသည် ပြတင်းပေါက်မှ ငုံ့ကြည့်ပြီး အော်ပြောလိုက်ခြင်း ဖြစ်သည်။
ဦးလေးပူက...
"မိန်းမရေ ပြဿနာ မဖြစ်ချင်ပါနဲ့၊ အချိန်မတန်သေးဘူး ဆိုတာ သတိထားပါဦး"
အဒေါ်ကြီးရှန်းအား ဖျောင်းဖျပြောဆိုကာ ဆွဲခေါ်သွားလေသည်။
"ဝုန်း"
ပြတင်းတံခါးကိုလည်း ဆောင့်ပိတ်လိုက်လေတော့သည်။



ဆရာစိန်တို့က တစ်ချက်မော့ကြည့်ပြီးမှ ကျင်ရွှေတို့ဘက်သို့ ပြန်လှည့်လိုက်သည်။
ကျင်ရွှေနှင့် တိတ်ချောင်းတို့က...
"သည်ခြံဝင်းထဲမှာ သူရဲကောင်းတွေ ရောက်နေကြပါလား"
"တို့ဆုံးမလိုက်ကြတာပေါ့"
"ကောင်းပြီ"
ကျင်ရွှေက အလွန်ကြောက်မက်ဖွယ်ကောင်းသော မရဏတေးသွားစောင်းသံကို တီးခတ်လိုက်လေသည်။
စောင်းသံ၏အလွန်စူးရှသော အသံလှိုင်းဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။
ဆရာစိန်တို့လည်း မပေါ့ဆဝံ့ကြပါ။
"သတိထား"
အချင်းချင်း သတိပေးလိုက်ကြပြီး အတွင်းအားဖော်ထုတ်ကာ စောင်းသံလှိုင်းကို ခုခံလိုက်ကြလေသည်။
ကိုမျောက်...
"ယား"
ဩသံပေးကာ ကျင်ရွှေထံသို့ ခုန်ဝင်သွားကြလေသည်။
စောင်းသံလှိုင်းမှာ အလွန်စူးရှ ပြင်းထန်လှသည်။
အကြားအာရုံနှင့် သွေးကြောများကို ပြင်းထန်စွာ ထိုးနှက်လိုက်ခြင်း ဖြစ်သည်။
ထိုစောင်းသံကို ဘူတို့ကြာကြာ ခုခံနိုင်မည် မဟုတ်ဟု

ဆရာစိန်တို့ နားလည်ထားကြလေသည်။

ကျင်ရွှေ တီးခတ်နေသော စောင်းကို ဖျက်ဆီးပစ်နိုင်မှ သက်သာမည်ဟု သိရှိထားရကား ကျင်ရွှေထံသို့ ခုန်ဝင်သွားကြခြင်း ဖြစ်လေသည်။

"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

တိတ်ချောင်း၏လက်ချောင်းကလေးများတွင် ကြေးဖြင့် ပြုလုပ်ထားသော လက်သည်းရှည်များ တပ်ဆင်ထား၏။

ထိုကြေးလက်သည်းများသည် စောင်းတီးခတ်ရာ၌ အသုံးပြုသကဲ့သို့ လူသတ်ရာ၌ အသုံးပြုသော လက်နက်များလည်း ဖြစ်လေသည်။

တိတ်ချောင်း ကြားဝင်လာသဖြင့် ဆရာစိန်တို့ အခက်ကြုံသွား၏။

တိတ်ချောင်း၏လက်သည်းရှည်များကို ဂရုစိုက်နေရသလို စောင်းသံ၏ထိုးနှက်ချက်ကိုလည်း ရင်ဆိုင်နေရ၏။

တဖြည်းဖြည်းနှင့် အခြေအနေ မဟန်မှန်း နားလည်လာကြ၏။

ဆရာစိန်က...

"ခင်ဗျားတို့ သွားကြပါတော့၊ သူတို့ကို ကျုပ်ဟန့်တားထားပါ့မယ်"

အားကျွေတို့အား ပြောလိုက်သည်။

အားကျွေတို့ လက်မခံကြပါ။



"ကျုပ်တို့ မသွားနိုင်ဘူး"

"သူတို့ ဘာတတ်နိုင်ကြမှာမို့လဲ"

သုံးယောက်စလုံး ရှောင်တိမ်းမသွားဘဲ အနိုင်မခံ အရှုံးမပေး တိုက်ခိုက်လိုက်ကြလေသည်။

ကျင်ရွှေ၏စောင်းသံနှင့် တိတ်ချောင်း၏ကြေးလက်သည်း ထူးခြားသော သိုင်းပညာရပ်နှစ်မျိုး ပေါင်းစပ်တိုက်ခိုက်ခြင်း၏ အရှိန်အဟုန်ကို ဆရာစိန်တို့ မယှဉ်နိုင်ကြပါ။

ခုခံနိုင်စွမ်းလည်း မရှိတော့ပါ။

သို့တိုင် သူတို့ ဆက်လက်တိုက်ခိုက်နေကြရာ တမင် အသေခံသကဲ့သို့ ဖြစ်သွားတော့သည်။

"ထောင်"

စောင်းကြိုးတစ်ချောင်း ပြတ်သွား၏။

ပြတ်သွားသော စောင်းကြိုးကား လွင့်စဉ်သွားပြီး ဆရာစိန်၏ရင်ဝ၌ စိုက်ဝင်သွား၏။

"အား"

ဆရာစိန် လဲကျသွားလေတော့သည်။

◆ ◆ ◆

အားကွေနှင့် စုလိချန်းတို့ ဒေါသချောင်းချောင်း ထွက်သွားကြပါသည်။

"ယား"

ညာသံပေးပြီး ကျင်းရွှေထံ ပြိုင်တူ ခုန်ဝင်သွားကြလေသည်။

"ဝှစ်"

တိတ်ချောင်း၏ကြေးလက်သည်းတစ်ခုက အားကွေ၏ လည်ပင်း၌ တိတ်တဆိတ် စိုက်ဝင်သွား၏။

"ဝုန်း"

အားကွေ မြေပေါ် မှောက်ခုံကြီး လဲသွားတော့သည်။

စုလိချန်းက ဘာကိုမှ အမှုမထားပါ။

ကျင်ရွှေအား ဆက်လက်တိုက်ခိုက်လိုက်သည်။

"ဟူး"

ကျင်ရွှေသည် အလွန်လေးလံသော စောင်းကြီးကို မ၍ လေထဲရောက်သွား၏။

စုလိချန်းသည် ကျင်ရွှေ၏အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်ခဲ့ချေ။

ကျင်ရွှေ လေထဲမှ ပြန်ခုန်ဆင်းလာသောအခါ…

အလွန်လေးလံသော အင်အားကြီးတစ်ခု ဦးခေါင်းပေါ် ဖိကျလာသဖြင့် စုလိချန်း ထိတ်လန့်ပြီး ခေါင်းမော့ကြည့်လိုက်သည်။

အလွန်ကြီးမားသော စောင်းကြီးက ကွယ်နေသဖြင့် လေထဲ



ရောက်နေသည့် ကျင်ရွှေကို မတွေ့ရပါ။

ကျင်ရွှေသည် စောင်းကြီးနှင့်အတူ ပြန်လည်ခုန်ဆင်းလာခြင်း ဖြစ်လေသည်။

လူက အပေါ်က၊ စောင်းကြီးက အောက်က ဖြစ်သည်။

လူမရောက်မီ စောင်းကြီးအရင် ရောက်လာသည်။

စောင်းကြီးက စုလိချန်း၏ဦးခေါင်းပေါ် တည့်တည့်မတ်မတ် ကျရောက်လာသောအခါ…

◆ ◆ ◆

## ခြသေ့်မနဲ့ အရိုးပျော့

အခန်းတိုင်းအခန်းတိုင်း တံခါးပိတ်ထားသည်။

လူတိုင်းလူတိုင်း အခန်းထဲမှ မထွက်ကြပါ။

အပြင်ဘက်မှ ဆူဆူညံညံ အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည့်တိုင်အောင် ရှိနေဆဲပင်။

လူထူးဆန်းနှစ်ယောက်နှင့် ခြသေ့်ခြံဝင်း၌ လာရောက်တည်းခိုနေသော သိုင်းသမားကြီးသုံးယောက်၏တိုက်ပွဲကား ပြီးဆုံးသွားချေပြီ။

တည်းခိုနေသော သိုင်းသမားကြီးသုံးယောက်သည် ရဲဒင်းဂိုဏ်းနှင့် ပြဿနာ ဖြစ်ခဲ့ခြင်းကြောင့် ပိုင်ရှင်အဒေါ်ကြီးရှန်း(ဝါ)ရှန်းရှန်းက ဆက်ပြီး လက်မခံတော့ဘဲ ပြောင်းရွှေ့သွားရန် အမိန့်ထုတ်ထားပြီး ဖြစ်သည်။



သိုင်းသမားကြီးသုံးယောက်ကလည်း ထွက်သွားကြတော့မည် ဖြစ်သည်။

သို့သော်...

ရဲဒင်းဂိုဏ်းက စေလွှတ်လိုက်သော လူထူးဆန်းနှစ်ဦး ရောက်ရှိလာကြသောအခါ အများအကျိုး ဆောင်ရွက်ခဲ့ကြသော သိုင်းသမားကြီးသုံးယောက် ကံဆိုးသွားခဲ့ကြလေတော့သည်။

တိုက်ပွဲ ပြီးဆုံးသွားသည်နှင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

♦ ♦ ♦

အခန်းပြတင်းပေါက်များမှ ချောင်းကြည့်နေကြသူများသည် ပြင်းထန်သော တိုက်ပွဲကြီးကို မြင်တွေ့ခဲ့ကြရပြီး ထိတ်လန့်ကာ ချွေးသီးချွေးပေါက်များ ကျဆင်းနေကြ၏။

အဝေးသို့ ထွက်ပြေးသွားလိုစိတ်များပင် ဖြစ်ပေါ်နေကြသည်။

သို့သော်...

လူထူးဆန်းစောင်းသမားနှစ်ယောက်၏ လက်ချက်ကြောင့် 'ဆရာစိန်'၊ 'အားကွေ'နှင့် 'စုလီချန်း'တို့ မြေပေါ်လဲကျသွားကြသောအခါ လူတိုင်းလူတိုင်းသည် ကြောက်ရွံ့စိတ်များ ပျောက်ကာ ခံပြင်းဒေါသထွက်လာကြတော့သည်။

"ဒါ ခြင်္သေ့ခြံဝင်းကို စော်ကားတာပဲ"

"သူတို့လာပြီး ထင်သလို လုပ်နေတာကို ခေါင်းငုံ့ခံနေကြရမှာလား"

ဟူ၍ တွန်းလှန်တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာကြလေတော့သည်။

ထို့အပြင်...

"သူများတွေ လာပြီး စော်ကားတာကို ဒေါ်စွာကျယ်ကြီး ဘာကြောင့် ငြိမ်ခံနေတာလဲ"

"သူ့ခြံဝင်းထဲမှာ သူ့မှာ တာဝန်ရှိတာပေါ့"

"ဒေါ်စွာကျယ်ကြီးလည်း ဟိုလူနှစ်ယောက်ကို ကြောက်နေလို့လား"

ခြံဝင်းပိုင်ရှင်အဒေါ်ကြီးရှန်းကို မကျေမနပ် ဖြစ်လာကြလေတော့သည်။

ထိုအချိန်မှာပင်...

"စော်ကားလှချည်လား"

ဒေါ်စွာကျယ်အဒေါ်ကြီးရှန်း၏အသံ ဟိန်းထွက်လာသည်ကို ကြားလိုက်ကြရလေတော့သည်။

◆ ◆ ◆



တိတ်ဆိတ်နေသော ဝန်းကျင်တွင် အဒေါ်ကြီးရှန်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

နားကန်းနေသူတစ်ယောက်ပင် သူမ၏အသံကို ကြားနိုင်လောက်ပေတော့သည်။

အဒေါ်ကြီးရှန်းက သူမ၏အခန်းတွင်း၌ လိပ်တစ်ကောင်လို ခေါင်းဝှက်မနေတော့ပါ။

အခန်းထဲမှထွက်ကာ တိုက်ပွဲ ဖြစ်ခဲ့သော နေရာသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ဆရာစိန်၊ အားကွေနှင့် စုလိချုန်းတို့ မြေပေါ်လဲကျနေသည်။

အဒေါ်ကြီးရှန်းက...

"ရှင်တို့ကို ကျွန်မ ဘာကြောင့် ချက်ချင်း ပြောင်းသွားခိုင်းရတယ်ဆိုတာ ရှင်တို့သဘောပေါက်ပြီလား"

ခါးထောက်ကာ ဆရာစိန်တို့အား ငေါက်လိုက်လေသည်။

ဆရာစိန်တို့သုံးယောက် ဒဏ်ရာဗလာပွ ရထားပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေကြ၏။

လူးလိမ့်ထဖို့ပင် မတတ်နိုင်ကြတော့ဘဲ တအီးအီး တအင်းအင်း ညည်းတွားနေကြလေသည်။

သုံးယောက်စလုံး ထိပ်တန်းသိုင်းသမားများ ဖြစ်ကြပါသည်။

သို့သော်...

သူတို့ထက် ပို၍ သိုင်းပညာ ထက်မြက်သည့် စောင်းသမား

နှစ်ယောက်နှင့် တွေ့ဆုံလိုက်ရသောအခါ မရှုမလှ ခံသွားကြရလေတော့သည်။

အဒေါ်ကြီးချန်းသည် ဆရာစိန်တို့ကို ကြည့်ယင်း မျက်မှောင်ကုပ်သွားလေသည်။

ခါးထောက်ထားသော လက်နှစ်ဘက်လည်း အောက်သို့ လျောကျသွားသည်။

"မဟန်ပါလား"

ညည်းတွားယင်း ဆရာစိန်တို့ အနီး၌ ဒူထောက်ကာ စမ်းသပ်စစ်ဆေးကြည့်လိုက်လေသည်။

အဒေါ်ကြီးရှန်း မျက်နှာပျက်သွားလေသည်။

"မနည်းပါလား"

ဆရာစိန်တို့၏ဒဏ်ရာများ ပြင်းထန်နေသဖြင့် စိုးရိမ်သွားလေသည်။

ထို့အပြင်...

ဆရာစိန်တို့အား ရက်ရက်စက်စက် တိုက်ခိုက်ခဲ့သည့် စောင်းသမားနှစ်ယောက်ကိုလည်း မကျေမနပ် ဖြစ်သွားလေတော့သည်။

အဒေါ်ကြီးရှန်းသည် ဆရာစိန်တို့အား ပြုစုယုယဖို့ ဆေးကုပေးဖို့ စိတ်မကူးသေးပါ။

ဒေါသကြီးသူ ဖြစ်သည့်အတိုင်း စောင်းသမားနှစ်ယောက်ဘက်သို့ လှည့်ကာ ရန်လိုလိုက်လေသည်။



"ရှင်တို့နှစ်ယောက် စော်ကားလှချည်လား"

သူမသည် ဆရာစိန်တို့အား ထားပစ်ခဲ့ကာ စောင်းသမားနှစ်ယောက်ထံသို့ လှမ်းသွားလိုက်လေသည်။

စောင်းသမားနှစ်ယောက်က ဟန်မပျက်ကင်းမဲ့သည့် လူသေအလောင်းမျက်နှာမျိုးဖြင့် အဒေါ်ကြီးရှန်းကို ကြည့်နေကြလေသည်။

အဒေါ်ကြီးရှန်း ခါးထောက်ရန်တွေ့လိုက်လေသည်။

"ရှင်တို့ကြောင့် ဟိုမှာ ဒုက္ခရောက်ကုန်ကြပြီ၊ ကျွန်မရဲ့ ခြံဝင်းထဲကိုလည်း ကျူးကျော်ဝင်လာသေးတယ်၊ ကျွန်မလူတွေကိုလည်း စော်ကားသေးတယ်၊ ရှင်တို့ကို သည်းခံလို့ မဖြစ်တော့ဘူး"

စောင်းသမားနှစ်ယောက် အချင်းချင်း ကြည့်လိုက်ကြသည်။

အလွန်သွေးအေးပြီး ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ပါသည်။

ဆရာစိန်တို့အား တိုက်ခိုက်အနိုင်ယူပြီးနောက် အဒေါ်ကြီးရှန်းကိုပါ တိုက်ခိုက်ကြတော့မည် ဖြစ်လေသည်။

ကျင်ရွှေက ဗျပ်စောင်းကို ကိုင်လိုက်သည်။

တီးခတ်ရန် အသင့်ပြင်ဆင်လိုက်သည်။

စိတ်ညို့စောင်းသံကို ထုတ်ဖော်တော့မည် ဖြစ်သည်။

အဒေါ်ကြီးရှန်းသည် ကျင်ရွှေ၏စိတ်ညို့စောင်းသံကို ခုခံရင်ဆိုင်နိုင်ပါမည်လော။

ဆရာစိန်တို့ကား ခံနိုင်ရည် မရှိခဲ့ကြပါ။

အဒေါ်ကြီးရှန်းက ကျင်ရွှေနှင့် စောင်းတီးလက်သည်းတိတ်ချောင်းတို့ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"အံမယ်၊ ကျွန်မကိုတောင် ဒုက္ခပေးချင်ကြသေးတယ်ပေါ့လေ"

သူမ၏အသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။

"ရှင်တို့"

အသံ ပိုကျယ်လာသည်။

"ခုချက်ချင်း"

နားမခံသာအောင် ဖြစ်လာသည်။

"ဒူးထောက်"

နားကွဲမတတ် ဟိန်းထွက်လာသည်။

အဒေါ်ကြီးရှန်း၏အသံက နားစည်ကွဲကာ သွေးများ ယိုစီးကျပြီး တစ်သက်လုံး နားမကြားသည့်ဘဝ ရောက်သွားနိုင်လောက်သည်။

အသံကြောင့် ရင်တွင်းမှ အသည်းကလီစာများ တုန်ခါပြုတ်ထွက်ကုန်တော့မည် ထင်ရသည်။

လောကကြီးတစ်ခုလုံး ချာချာလည်သွားမတတ် မူးမိုက်ရီဝေသွားလောက်သည်။

"သတိထား"

စောင်းတီးလက်သည်းတိတ်ချောင်းက သတိပေးလိုက်၏။

စိတ်ညို့စောင်းကျင်ရွှေက ဗျပ်စောင်းကို အလျင်အမြန် တီးခတ်လိုက်လေသည်။



ဗျပ်စောင်းမှ အသံလှိုင်းဖြင့် အဒေါ်ကြီးရှန်း၏အသံလှိုင်းကို တန်ပြန်လိုက်သည့်သဘော ဖြစ်လေသည်။

ကျင်ရွှေတို့သည် ဆရာစိန်တို့အား ဗျပ်စောင်းအသံလှိုင်းဖြင့် နာလံမထူအောင် တိုက်ခိုက်အနိုင်ယူနိုင်ခဲ့လေသည်။

သို့သော်...

အဒေါ်ကြီးရှန်းနှင့် ရင်ဆိုင်လိုက်ရသောအခါ သူတို့ ခံရမည့်အလှည့် ဖြစ်သွားလေတော့သည်။

အဒေါ်ကြီးရှန်းသည် ခြသေ့်ဟိန်းသံ အတွင်းအားလှိုင်းသံကို အသုံးပြုလိုက်ခြင်း မဟုတ်ပါလား။

အသံလှိုင်းစွမ်းအားနှစ်ခု ဆုံတွေ့မိပြီး မိုးခြိမ်းသံပမာ ကျယ်လောင်သော အသံများ ထွက်ပေါ်လာတော့သည်။

ဗျပ်စောင်း၏အသံလှိုင်းစွမ်းအား ကြီးမားလှသည့်တိုင်အောင် ပိုပြီး အင်အားကြီးမားလှသည့် ခြသေ့်ဟိန်းသံ အသံစွမ်းအားလှိုင်းနှင့် ဆုံတွေ့လိုက်ရသောအခါ ဗျပ်စောင်းအသံလှိုင်း၏သံစဉ်ပျက်ပြားသွားရလေတော့သည်။

စိတ်ညို့စောင်းကျင်ရွှေ၏သံစဉ်များ ပျက်ပြားသွား၏။

အသံလှိုင်းများ ကပေါက်တိကပေါက်ချာ ဖြစ်ကုန်သည်။

အဒေါ်ကြီးရှန်းအား စိတ်ညို့နိုင်ဖို့ မဆိုထားနှင့် ကျင်ရွှေက သူ၏သံစဉ်ကို ထိန်းချုပ်နိုင်ဖို့ မနည်းကြိုးစားနေရတော့သည်။

ကျင်ရွှေ မျက်နှာပျက်သွားလေသည်။

အာရုံစိုက်ကာ အစွမ်းကုန် ကြိုးပမ်းနေရခြင်းကြောင့် နဖူးပေါ်တွင် ချွေးများစို့ရွှဲလာတော့သည်။

ထိုမျှမကသေး။ ခြင်္သေ့ဟိန်းသံ သံစဉ်စွမ်းအားကို ခုခံနေရသေး၏။

အဒေါ်ကြီးရှန်း၏အသံက ဟိန်းထွက်နေသည်။

ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်နေသည်။

အဆောက်အဦးများနှင့် မြေကြီးများပင် တုန်ခါလာသည် ထင်ရ၏။

အဆက်မပြတ် မြည်ဟီးနေသော သံစဉ်ကြောင့်...

"ထောက်..ထောက်..ထောက်"

ဈပ်စောင်းမှ စောင်းကြိုးများ ပြတ်တောက်သွားတော့သည်။

ကြိုးတစ်ချောင်းပြီးတစ်ချောင်း တထောင်းထောင်း ပြတ်သွားခြင်း ဖြစ်သည်။

စောင်းကြိုးအားလုံး ပြတ်တောက်ကုန်ပြီး နောက်ဆုံး...

"ဘုန်း..ဖောင်း"

ဈပ်စောင်းတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေတော့သည်။

ကျင်ရွှေ ထိတ်လန့်တုန်လှုပ်သွားတော့သည်။

ထိုအချိန်တွင်...

"ယား"



စောင်းတီးလက်သည်းတိတ်ချောင်းက ညာသံပေးကာ အဒေါ်ကြီးရှန်းထံ ခုန်ဝင်သွားလေသည်။

ကျင်းရွှေ အခြေအနေ မဟန်မှန်း သိ၍ ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သို့သော်...

အဒေါ်ကြီးရှန်း၏သံစဉ်လှိုင်းအားများက လေပြင်းတိုက်ခိုက်သည့်နှယ် တိတ်ချောင်း ရှေ့မတိုးနိုင်အောင် ဟန့်တားထားလိုက်သည့်အပြင် နောက်သို့ ဆုတ်သွားအောင် တွန်းထုတ်လိုက်လေသည်။

ထို့အပြင်...

"ဗြိ...ဗြိ"

သံစဉ်လှိုင်းများသည် တိတ်ချောင်းနှင့် ကျင်ရွှေတို့၏ အပေါ်ဝတ်ရုံရှည်များကို ဓားဖြင့် လှီးဖြတ်လိုက်သည့်ပမာ ဟက်ခနဲ ဟက်ခနဲကွဲ၍ အစိတ်စိတ်အမွှာမွှာ စုတ်ပြဲသွားစေတော့သည်။

ကျင်းရွှေနှင့် တိတ်ချောင်းတို့၏ အပေါ်ဝတ်ရုံများ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပြီး ဆရာကြီးနှစ်ယောက်နှင့်ပင် တူသွားပြီးမှ အဒေါ်ကြီးရှန်း၏ သံစဉ်လှိုင်းများ ရပ်တန့်ပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆

အဒေါ်ကြီးရှန်းက စိတ်ရှိလက်ရှိ အော်လိုက်ပြီးမှ ရပ်တန့်လိုက်လေသည်။

ခါးထောက်ကာ...

"ကဲ ဘာပြောချင်ကြသလဲ"

ဟု ငေါက်လိုက်သည်။

ကျင်ရွှေနှင့် တိတ်ချောင်းတို့ စုတ်ပြဲနေသော အပေါ်ဝတ်ရုံများ ချွတ်လိုက်ကြလေသည်။

နှစ်ယောက်သား ဒေါသချောင်းချောင်း ထွက်နေကြသည်။

အချင်းချင်း အချက်ပေးလိုက်ကြပြီး...

"ယား"

ညာသံပေးကာ အဒေါ်ကြီးရှန်းထံ ခုန်ဝင်သွားကြလေသည်။

သို့သော်...

နှစ်ယောက်သား အဒေါ်ကြီးရှန်းထံသို့ မရောက်မီ လူတစ်ယောက်က ကြားဝင်ဟန့်တားလိုက်လေသည်။

ထိုလူကား အဒေါ်ကြီးရှန်၏ယောကျ်ား ဂူကျဲ ဖြစ်လေသည်။

ထိုလူကား ပိန်ပိန်သွယ်သွယ် ခန္ဓာကိုယ်ကို တွန့်လိမ်ကာ ကျင်ရွှေနှင့် တိတ်ချောင်းတို့နှစ်ယောက်ကြားသို့ ခုန်ဝင်ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

"သေလိုက်စမ်း"



ကျင်ရွှေက လက်သီးဖြင့် ထိုးချလိုက်၏။

ဂူကျဲ(ဝါ)ဦးလေးဂူက ခေါင်းငုံ့ရှောင်လိုက်ရာ ကျင်ရွှေ၏လက်သီးက ဦးလေးဂူ၏ပါးပြင်အနီးမှ ဝိုးခနဲ ဖြတ်သန်းကာ တစ်ဘက်၌ ရှိနေသည့် တိတ်ချောင်း၏မျက်နှာကို ထိုးချမိလိုက်လေသည်။

"ခွပ်"

တိတ်ချောင်း အီးခနဲ ဖြစ်သွားပြီး ခြေထောက်ဖြင့် ဦးလေးဂူကို ဝိုက်ကန်လိုက်သည်။

ဦးလေးဂူက ရှေ့သို့ ခါးကိုင်းချကာ ရှောင်လိုက်ရာ တိတ်ချောင်း၏ခြေထောက်သည် ဦးလေးဂူ၏ကျောပြင်ပေါ်မှ ဖြတ်ကျော်သွားပြီး ကျင်ရွှေ၏နံကြားကို ကန်ကျောက်ပြီးသား ဖြစ်သွားလေသည်။

"ဖျောင်း"

"အား"

ကျင်ရွှေ လွှတ်ခနဲ အော်လိုက်လေသည်။

ဦးလေးဂူက နောက်လှည့်ကာ တိတ်ချောင်းကို နာရင်းတစ်ချက် အုပ်လိုက်ပြီး အသက်ရှူ မှားနေသည့် ကျင်ရွှေကို ဖနောင့်ဖြင့် တစ်ချက်ပေါက်လိုက်လေသည်။

"အွန့်"

"အမယ်လေးဗျာ"

ကျင်ရွှေနှင့် တိတ်ချောင်းတို့ ငယ်သံပါအောင် အော်လိုက်

ကြလေသည်။

အဒေါ်ကြီးရှန်းက အမျိုးသမီးကြီးတစ်ဦး ဖြစ်သော်လည်း ခြင်္သေ့မကြီးအလား ခွန်အားသန်မာကာ ဒေါသကြီးလှသည်။

သူမ၏သိုင်းပညာသည်လည်း အတွင်းအားကို အဓိကထား သုံးရလေသည်။

ဦးလေးဂူ(ဝါ)ဦးပိန်သေးကတော့ ထိုသို့ မဟုတ်ပါ။

ပိန်ပိန်ပါးပါးရှိသူ ဖြစ်သလို သူ၏သိုင်းက ပျော့တိပျော့ဖတ် နွဲ့နွဲ့နှောင်းနှောင်း ဖြစ်နေသည်။

တစ်ခါတစ်ရံ ကချေသည်လေးတစ်ဦး ကပြအသုံးတော်ခံနေသည်နှင့်ပင် တူနေ၏။

ဇနီးမောင်နှံနှစ်ယောက်ကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြပါတော့သည်။

မည်သို့ဆိုစေ...

သူတို့နှစ်ယောက်စလုံး၏ သိုင်းပညာများက ထူးခြားဆန်းပြားနေပါတော့သည်။

မာကျောလှသော အဒေါ်ကြီးရှန်းကို ကျင်ရွှေတို့ မယှဉ်နိုင်ကြပါ။

ထို့အတူ ပျော့တိပျော့ဖတ် ဦးလေးဂူကိုလည်း မယှဉ်နိုင်ကြချေ။

ဦးလေးဂူသည် ခန္ဓာကိုယ် တွန့်လိမ်ကောက်ကွေးကာ ကျင်ရွှေတို့၏ တိုက်ခိုက်မှုများများကို ရှောင်တိမ်းယင်း လက်ချောင်း



ကလေးများ အသုံးပြုပြီး ကျင်ရွှေတို့၏ အဓိကကျသော အကြောအချဉ်များကို ထိုးနှက်ဆုပ်ကိုင် တိုက်ခိုက်လိုက်လေသည်။

အဒေါ်ကြီးရှန်း၏ ခြင်္သေ့ဟိန်းသံကြောင့် ကျင်ရွှေတို့၏ ခန္ဓာကိုယ်ထဲမှ အတွင်းအားများ ပြိုကွဲပျက်စီးသွားရသည်။

ဦးလေးဂူ၏ သွေးကြောကိုင်ပညာကြောင့် အကြောအချဉ်များ ထပ်မံထိခိုက်သွားသောအခါ ကျင်ရွှေနှင့် တိတ်ချောင်းတို့မှာ အတွင်းအားနှင့် သိုင်းပညာ ဆုံးရှုံးကာ အရိုးမရှိသော သတ္တဝါများကဲ့သို့ ပျော့ခွေသွားကြတော့သည်။

နှစ်ယောက်သား ကြောက်လန့်တကြား ဖြစ်ကာ အသက်လု ထွက်ပြေးသွားကြလေတော့သည်။

◆ ◆ ◆

ဗျပ်စောင်းသမားနှစ်ယောက်...

တောင်ပင်လယ် မရဏတေးသံချိုစောက်၏တပည့်များ ဖြစ်ကြသော စိတ်ညို့စောင်းကျင်ရွှေနှင့် စောင်းတီးလက်သည်းတိတ်ချောင်းတို့သည် အလွန်ကြောက်စရာကောင်းသော လူသတ်သမားများ ဖြစ်ကြလေသည်။

သူတို့ကြောင့် ဝါရင့်သိုင်းသမားကြီးများ ဖြစ်သော ဆရာစိန်၊ အားကွေနှင့် စုလီချန်းတို့ ဒုက္ခရောက်သွားခဲ့ကြ၏။

ကျင်ရွှေနှင့် တိတ်ချောင်းတို့အား ဆုံးမနိုင်ခြင်း မရှိပါလျှင် ခြသေ့်ခြံဝင်းကို မြေလှန်ပစ်လိမ့်မည် ဖြစ်သည်။

ယခုတော့....

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့က ဆုံးမမောင်းထုတ်လိုက်ကြခြင်းကြောင့် ကျင်ရွှေတို့ ထွက်ပြေးသွားကြရလေတော့သည်။

ခြသေ့်ခြံဝင်းနှင့် မလှမ်းမကမ်း တစ်နေရာ၌ လူတစ်စု ရှိနေသည်။

ဂိုဏ်းချုပ်ချန်းမင်းနှင့် လက်ထောက်ကျောက်ပါတို့ ဦးဆောင်သော ရဲဒင်းဂိုဏ်းသားများ ဖြစ်လေသည်။

ဂိုဏ်းချုပ်ချန်းမင်းနှင့် ကျောက်ပါတို့သည် ခြသေ့်ခြံဝင်းထဲ၌ ထိပ်တန်းသိုင်းသမားကြီးသုံးယောက် ရှိနေသည်ကို သိရှိသွားပြီးနောက် ရဲဒင်းဂိုဏ်းသားများလည်း မယှဉ်နိုင်သဖြင့် ကျင်ရွှေတို့အား ဆက်သွယ်ခေါ်ယူခဲ့ကြလေသည်။

ကျင်ရွှေတို့က ဆရာစိန်တို့အား ဆုံးမလိုက်သောအခါ



ဂိုဏ်းချုပ်ချန်းမင်းတို့ ဝမ်းသာအားရ ဖြစ်သွားကြလေသည်။

လက်ထောက်ကျောက်ပါက...

"ခုတော့ သူတို့ ဘာမှ မတတ်နိုင်ကြတော့ပါဘူး ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းချုပ်ချန်းမင်းက...

"ကောင်းတယ်၊ ရဲဒင်းဂိုဏ်းကို ဒုက္ခပေးလာယင် သည်လိုပဲ ခံရမယ်ဆိုတာ သိသွားရမှာပေါ့"

နှစ်ယောက်သား ဝင့်ဝင့်ကြွားကြွား ဖြစ်နေကြ၏။

ကျောက်ပါက...

"ဟိုလူသုံးယောက်ကို ဆုံးမပြီးယင် ကျုပ်တို့ကို အာခံတဲ့ လေလွင့်ခြံဝင်းကိုကော ဘယ်လိုလုပ်ရမလဲ ဂိုဏ်းချုပ်ကြီး"

ဟု မေးလိုက်သည်။ ဂိုဏ်းချုပ်ချန်းမင်းက...

"ဘယ်လိုလုပ်ရမလဲ၊ ဆုံးမလိုက်ရမှာပေါ့"

ကျောက်ပါ ရယ်မောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး သည်လိုပြောမယ်ဆိုတာ ကျုပ်ရိပ်မိထားတာကြောင့် လောင်စာတွေကို ကြိုပြီးယူလာခိုင်းထားပါတယ်ဗျာ"

ဂိုဏ်းချုပ်ချန်းမင်း ချီးကျူးလိုက်သည်။

"တော်တယ်..မင်း သိပ်တော်တယ်"

"ကျုပ်က ဂိုဏ်းချုပ်ကြီးနဲ့ အနီးကပ်နေပြီး ဆုံးမသွန်သင်မှုကို ခံယူနေရတာကြောင့် တဖြည်းဖြည်း အကွက်မြင်တတ်လာတာပါ"

နှစ်ယောက်သား ရယ်မောလိုက်ကြလေသည်။

သို့သော်...

သူတို့၏ရယ်မောသံ ရပ်တန့်သွားလေသည်။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ဇနီးမောင်နှံ ထွက်လာကြပြီး ကျင်ရှွေတို့အား ဆုံးမလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ကျင်ရှွေတို့ ထွက်ပြေးသွားကြသောအခါ ဂိုဏ်းချုပ်ချန်းမင်းနှင့်ကျောက်ပါတို့လည်း ပါးစပ်ပိတ်သွားကြတော့သည်။

◆ ◆ ◆

ဂိုဏ်းချုပ်ချန်းမင်းနှင့် ကျောက်ပါတို့ အခြေအနေမဟန်မှန်းသိလျှင် ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်...

"ဟူး..ဟူး"

အဝတ်အစားလေတိုးသံများနှင့်အတူ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ ဖြစ်လေသည်။

ဂိုဏ်းချုပ်ချန်းမင်းနှင့် ကျောက်ပါတို့ မျက်နှာပျက်သွားကြလေသည်။

ကျောက်ပါက...

"ကျုပ်..ကျုပ်တို့ သွားကြတော့မလို့"



အဒေါ်ကြီးရှန်းက...

"ဒါပေါ့ သွားရမှာပေါ့"

"ကောင်းပါပြီဗျာ"

ကျောက်ပါ ခြေတစ်လှမ်း လှမ်းလိုက်စဉ် အဒေါ်ကြီးရှန်းက ဟန့်တားလိုက်လေသည်။

"နေဦး"

ကျောက်ပါ ခြေလှမ်းရပ်သွားလေသည်။

အဒေါ်ကြီးရှန်းကို လှည့်ကြည့်လိုက်၏။ အဒေါ်ကြီးရှန်းက..

"သည်အတိုင်းသွားလို့ မရသေးဘူး"

"ဗျာ"

"သည်အတိုင်း ထွက်မသွားရဘူးလို့ ပြောနေတာ"

"ကျုပ် ဘယ်လိုသွားရမှာလဲဗျာ"

ကျောက်ပါ မဝံ့မရဲ ပြန်မေးလိုက်သည်။

အဒေါ်ကြီးရှန်းက...

"လေးဘက်ထောက်ပြီးသွား"

"ဗျာ"

"လေးဘက်ထောက်ပြီးသွားဆိုတာ မကြားဘူးလား၊ ဘာလဲ သေသွားချင်လို့လား"

"မ..မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာလုပ်နေတာလဲ"

"ကျုပ်..ကျုပ် သွားပါ့မယ်ဗျာ"

ကျောက်ပါသည့် ဂိုဏ်းချုပ်ချန်းမင်းထက်ပင် အဒေါ်ကြီး ရှန်းကို ပို၍ကြောက်ရွံ့နေပြီ ဖြစ်လေသည်။

ချက်ချင်းပင် မြေပေါ်ဒူးထောက်ချကာ လေးဘက်ထောက်ပြီး ထွက်သွားတော့သည်။

ဂိုဏ်းချုပ်ချန်းမင်း မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေ၏။

အဒေါ်ကြီးရှန်းကိုတလှည့်၊ ဆေးတံခဲကာ လက်ပိုက်ပြီး ဟန်ပါပါ ရပ်နေသော ဦးလေးဝူကိုတလှည့် ကြည့်ယင်း မျက်စိသူငယ် နားသူငယ်ဖြစ်နေ၏။

ဂိုဏ်းချုပ်ချန်းမင်းသည် အလွန်ခက်ထန်ကြမ်းတမ်းသူ၊ ရက်စက်ကြမ်းကြုတ်သူ၊ လူသတ်ရန် ဝန်မလေးဘဲ ပြိုင်ဘက်များကို ပြတ်ပြတ်သားသား ချေမှုန်းတတ်သူဟု သတင်းကြီးလေသည်။

မိကျောင်းဂိုဏ်းကို ချေမှုန်းလိုက်ပြီး နောက်ပိုင်း ပို၍သတင်းကြီးလာသည်။

လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရလေသည်။

သို့သော် ဂိုဏ်းချုပ်ချန်းမင်းသည် သူနိုင်သည့်သူများအပေါ် ဖိ၍အနိုင်ကျင့်တတ်ပြီး သူ မနိုင်သည့်သူများကိုမူ မော်မကြည့်ဝံ့သူဖြစ်ကြောင်း ပေါ်ပေါက်လာချေပြီ။

ဂိုဏ်းချုပ်ချန်းမင်းသည် အဒေါ်ကြီးရှန်းနှင့် ဦးလေးဝူတို့၏ ရှေ့မှောက်၌ ယုန်သူငယ်တစ်ကောင်ပမာ ရှိနေသည် မဟုတ်ပါလား။

အဒေါ်ကြီးရှန်းက...



"မင်းကော"

"ကျုပ်..ကျုပ်က..."

"မင်းတို့ရဲဒင်းဂိုဏ်းက တခြားနေရာမှာ ဗိုလ်ကျစိုးမိုးပြီး ထင်ရာလုပ်လို့ရမယ်၊ ငါ့ရဲ့ခြသေ့်ခြံဝင်းကိုတော့ သည်လိုလာလုပ်လို့ မရဘူး"

ချန်းမင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်ဗျာ"

အဒေါ်ကြီးရှန်းက...

"နောက်ဆို ငါ့ရဲ့ခြံဝင်းအရိပ်ကိုတောင် လာမနင်းနဲ့ ငါပြောတာကြားလား"

"ကြား..ကြားပါတယ်ဗျာ"

"ကြားယင် သွားတော့"

"ဟုတ်ကဲ့"

ချန်းမင်းက ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"နေဦး..မင်း သည်လိုသွားလို့ ရမလား"

အဒေါ်ကြီးရှန်း ဟန့်တားလိုက်၏။

ချန်းမင်း ခေါင်းညိတ်လိုက်ပြန်သည်။

"ကျုပ်..ကျုပ်သိပါတယ်ဗျာ"

စကားဆုံးလျှင် မြေပေါ်ဒူးထောက်ချလိုက်တော့သည်။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဝူတို့က ရဲဒင်းဂိုဏ်းအား နောင်ကျဉ်အောင် ဆုံးမလိုက်ကြလေသည်။

ရဲဒင်းဂိုဏ်းသည် သူတို့အား နောက်ထပ်လာပြီး နှောက်ယှက်ရဲကြတော့မည် မဟုတ်ဟု ယုံကြည်ထားလိုက်ကြသည်။

ဦးလေးဂူက ဒရောသောပါး ထွက်ပြေးသွားကြသော ရဲဒင်းဂိုဏ်းသားများကို ကြည့်ယင်း...

"သူတို့ အရေးနိမ့်ထွက်ပြေးသွားကြပေမယ့် ကျေနပ်ကြမှာ မဟုတ်ဘူး"

ဟု ရေရွတ်လိုက်လေသည်။ အဒေါ်ကြီးရှန်းက...

"သူတို့ မကျေနပ်လေ ကောင်းလေပဲရှင့်"

ဦးလေးဂူက..

"သူတို့က အရှုးကြီးဆီကို ဆက်သွယ်ကြတော့မယ်ဆိုတာ ညီမ ရိပ်မိသလား"

"ဒါပေ့ါရှင်"

"အရှုးကြီး ထွက်လာယင်.."

"ကျွန်မတို့ ဆန္ဒပြည့်ဝပြီပေ့ါရှင်"

အဒေါ်ကြီးရှန်း အားတက်သရော ပြောလိုက်လေသည်။

ဦးလေးဂူးက...

"ကျုပ်ကတော့ ထင်သလောက် လွယ်ပါ့မလားလို့ တွေးနေမိတာ"

အဒေါ်ကြီးရှန်းက...

"လွယ်တာမလွယ်တာ ကျွန်မ မသိဘူး၊ အရှုးကြီးနဲ့တွေ့ရအောင် ကျွန်မတို့ သည်နေရာမှာ နှစ်ရှည်လများလာပြီး နေထိုင်ခဲ့



ကြရတာ မဟုတ်လားရှင်"

ဦးလေးဂူ အလျှော့ပေးလိုက်တော့သည်။

"ညီမပြောတာ မှန်ပါတယ်၊ အရှုးကြီး မြန်မြန်ထွက်လာပါစေလို့ ဆုတောင်းရတော့မှာပေ့ါ"

သူတို့ပြောနေသည့် အရှုးကြီးဆိုသူမှာ မည်သူဖြစ်ပါသနည်း။

ခြသေ့်ခြံဝင်းတည်ဆောက်ကာ အခန်းများ ငှားရမ်းပြီး စီးပွားရှာနေခဲ့သည့် အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့သည် အကြောင်းတစ်ခုခုကြောင့် ဇာတ်မြှုပ်နေကြသော ထိပ်သီးသိုင်းသမားများ ဖြစ်နေကြပေတော့သည်။

ဇနီးမောင်နှံနှစ်ယောက် ရဲဒင်းဂိုဏ်းအား မောင်းထုတ်လိုက်ကြပြီးလျှင် အားကျေ၊ ဆရာစိန်၊ စုလီချန်းတို့သုံးယောက်အား ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုလ်နိုင်ရန် ခြသေ့်ခြံဝင်းမှ လူများနှင့်အတူ ဆက်လက်ဆောင်ရွက် လိုက်ကြရလေသည်။

အားကျေတို့သုံးယောက် ရရှိခဲ့သော ဒဏ်ရာများကား ပြင်းထန်လှသည်။

အဒေါ်ကြီးရှန်းက သမားတော်ပင့်ဖိတ်ကာ ဆေးကုသပေးခဲ့သော်လည်း မရတော့ဘဲ သေဆုံးသွားခဲ့ကြလေသည်။

အဒေါ်ကြီးရှန်းလည်း စိတ်မကောင်းစွာဖြင့် အသုဘကိစ္စကို အကောင်းဆုံးဖြစ်အောင် တာဝန်ယူခဲ့လေတော့သည်။

◆ ◆ ◆

## သံယောဇဉ်

ဟုန်ဟောနှင့်တီပါချင်းတို့သည် ငွေတစ်ပြားတစ်ချပ်မျှ ရှိမနေတော့သဖြင့် အကြပ်ရိုက်နေကြလေသည်။

တီပါချင်းက…

"ဟုန်ဟော ငါတို့ သည်အတိုင်းနေတော့မှာလား"

ဟု မေးလိုက်သည်။

ဟုန်ဟောက…

"သည်အတိုင်း မနေလို့ မင်းဘယ်လိုနေချင်သေးလို့လဲ"

တီပါချင်းက…

"ငါတို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ ငါတို့သာ လက်စွမ်းပြနိုင်ယင် ရဲဒင်းဂိုဏ်းက လက်ခံမှာ ဒါဆို ငါတို့အတွက် စားဝတ်နေရေးမပူရတော့ဘူး"



ဟုန်ဟောက…

"အေးလေ..သူတို့ ကျေနပ်အောင် ဆိုးမိုက်ပြနိုင်ယင် ကောင်းတာပေ့ါ၊ ငါတို့က ဖြစ်ဖြစ်မြောက်မြောက် ဘာတစ်ခုမှ မလုပ်ပြနိုင်သေးတာပဲ"

တီပါချင်း စိတ်မရှည်တော့ပါ။

"အယင်က မလုပ်နိုင်ယင် အခုလုပ်ပြကြတာပေ့ါကွာ၊ မင်းဘယ်လိုသဘောရသလဲ"

"ကောင်းပြီလေ"

ဟုန်ဟော သဘောတူလိုက်လေသည်။

တီပါချင်းက…

"ကဲ..တို့ ဘာလုပ်ကြမလဲ"

ဟုန်ဟော စဉ်းစားခြင်းပင် မပြုဘဲ ပြောလိုက်သည်။

"ငါတို့ လုယက်ဓားပြတိုက်ကြမယ်"

တီပါချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

◆ ◆ ◆

လမ်းကြားလေးအတွင်း၌ အမှောင်ရိပ်သန်းနေ၏။

တီပါချင်းနှင့် ဟုန်ဟောတို့က သစ်ပင်တစ်ပင်နောက်ကွယ်၌ ကိုယ်ရောင်ဖျောက်ထားကြသည်။

လူပြတ်သော လမ်းကြားလေးအတွင်းသို့ ဝင်ရောက်လာသူများအား လုယက်တိုက်ခိုက်ရန် စီစဉ်ထားကြခြင်း ဖြစ်သည်။

သူတို့ ကြာကြာမစောင့်လိုက်ရပါ။

လူတစ်ယောက် လမ်းကြားထဲ ဝင်ရောက်လာလေသည်။

သို့သော်...

ဟုန်ဟောတို့ မလုယက်ဖြစ်ကြပါ။

လမ်းကြားထဲဝင်လာသူမှာ သူတောင်းစားတစ်ယောက်ဖြစ်နေခြင်းကြောင့်ပင်။

ထို့နောက် အတော်ကြီးကြာအောင် ဆက်ပြီး စောင့်ဆိုင်းနေကြသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်လာခြင်း မရှိတော့ပါ။

တီပါချင်း စိတ်ပျက်သွားလေသည်။

"ဘယ်သူမှလည်း မလာဘူး၊ အလကားပဲ တို့သွားကြယင်ကောင်းမယ် ထင်တယ်"

ဟုန်ဟောက...

"အေးကွ ဝင်လာတော့လည်း သူတောင်းစားဖြစ်နေတယ်ငါတို့ကို တွေ့မသွားတာ ကံကောင်းတယ်၊ တွေ့သွားလို့ကတော့ သူ့ဆီကမရဘဲ တို့ဆီက ပြန်တောင်းနေဦးမှာ သေချာတယ်"



နှစ်ယောက်သား စိတ်ပျက်လက်ပျက်ဖြင့် သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လိုက်ကြလေသည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တီပါချင်းက...

"ဟော..တစ်ယောက်ယောက်တော့ လာနေပြီကွ"

"အေး"

နှစ်ယောက်သား ကြည့်လိုက်ကြရာ လမ်းကြားထဲသို့ အထုပ်ကြီးတစ်ထုပ် ကျောပိုးထားသူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဟုန်ဟောက....

"ငါသွားမယ်"

ဟုပြောကာ ချက်ချင်း ပြေးသွားလိုက်သည်။

ထိုလူ၏ရှေ့၌ လမ်းပိတ်ထားလိုက်ပြီး...

"ရပ်လိုက်စမ်း၊ မသေချင်ယင် ကျောပေါ်ကအထုပ်ကို ချလိုက်"

ဟု ခြိမ်းခြောက် အော်ငေါက်လိုက်လေသည်။

ထိုသို့အော်ငေါက်လိုက်ပြီးမှ ထိုလူအား သေသေချာချာ ကြည့်မိလျှင် မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းမချောလေးကိုတွေ့လျှင် ဟုန်ဟော ကြောင်အမ်း

အမ်း ဖြစ်သွားတော့သည်။

မိန်းကလေးက ကျောပေါ်မှအိတ်ကို ဖြုတ်ယူလိုက်သည်။

“ပေးစမ်း”

ဟုန်ပေါ သတိဝင်လာပြီး အိတ်ကိုဆွဲယူကာ လမ်းပေါ်မှာ မှောက်ချလိုက်သည်။

အိတ်ထဲမှ မိန်းကလေးအသုံးအဆောင်ပစ္စည်းများနှင့် ငွေစ အနည်းငယ် ထွက်ကျလာလေသည်။

ဟုန်ပေါက ငွေစများကို ယူလိုက်လေသည်။

မှန်းချက်နှင့်နှမ်းထွက် မကိုက်ချေ။

ရလိုက်သော ငွေစလေးများမှာ ထမင်းတစ်နပ်ဝယ်စားရန်ပင် မလုံလောက်ပေ။

သို့သော်...

လုယက်မိပြီမို့ မရ ရတာယူရတော့မည် မဟုတ်လား။

ဟုန်ပေါက ငွေစလေးများကို ယူလိုက်သည်။

“မင်း မအော်နဲ့နော်၊ အော်ယင် ဒုက္ခရောက်သွားမယ်”

ဟု ခြိမ်းခြောက်ပြီး နောက်ဆုတ်လိုက်လေသည်။

မိန်းကလေးက...

“ကျွန်မ မအော်ပါဘူး၊ ငွေစတွေကို အိတ်ထဲမှာ မထားပါဘူး၊ ကျွန်မရဲ့ကိုယ်ပေါ်မှာ သိမ်းဆည်းထားတာပါရှင်”

ပြောယင်း အင်္ကျီရင်ဘတ်ကြားမှ ငွေထုပ်ကလေးကို ထုတ်ပြီး ဟုန်ပေါကို ပေးလေသည်။



“အစ်ကိုယူသွားပါနော်”

“ဘာ”

“အစ်ကို ငွေလိုနေတယ် မဟုတ်လား ယူသွားပါနော်”

မိန်းကလေးက ဟုန်ပေါ၏လက်ကို ဆွဲကာ ငွေထုပ်လေးကို အတင်းထည့်ပေးလေသည်။

“မယူဘူး...ငါမယူဘူး”

ဟုန်ပေါ အော်ဟစ်ယင်း လက်ကို အတင်းဆောင့်ရုန်းလိုက်သည်။

မိန်းကလေးရှေ့တွင် မနေဝံ့တော့ဘဲ ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

ဟုန်ပေါ ဂမူးရှူးထိုး ထွက်ပြေးသွားခြင်းကြောင့်...

“ဟုန်ပေါ ငါ့ကို စောင့်ပါဦးကွ”

တီပါချင်းက အော်ပြောယင်း ပြေးလိုက်သွားရလေတော့သည်။

မိန်းမချောလေးကား ဟုန်ပေါ၏ကျောပြင်ကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

ဟုန်ဟော အလွန်ပင် စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

ခြေပစ်လက်ပစ် မြေပေါ်ထိုင်ချယင်း လုယူလာသော ငွေစလေးများကို လွှင့်ပစ်လိုက်လေသည်။

"ဟေ့..ဟေ့ ဘာလုပ်တာလဲ"

တီပါချင်းက ပြေးကောက်လိုက်သည်။

ဟုန်ဟောကို နားမလည်နိုင်စွာ ကြည့်ယင်း....

"မင်း ဘယ်လိုဖြစ်တာလဲ"

ဟု မေးလိုက်လေသည်။

ဟုန်ဟောက...

"သူ့ကို ငါသိသလိုပဲ"

"ဟင်"

"ဟို ပန်းသည်မလေးပေါ့"

တီပါချင်းက ဟုန်ဟောကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ပန်းသည်မလေး ဟုတ်လား"

"ဟုတ်တယ်"

"သူက.."

"ငါ ငယ်ငယ်က တွေ့ခဲ့တာ"

"ဟာ မင်းဟာကလည်း"

"သည်တစ်ခါတော့ ငါသေသေချာချာ မှတ်မိလိုက်ပြီကွ"

တီပါချင်း မေးစရာ မလိုတော့ပါ။



ဟုန်ဟောက ကရားရေလွှတ် တတွတ်တွတ် ပြောနေခြင်းကြောင့် ဖြစ်လေသည်။

မကြာမီ...

တီပါချင်းသည် ဟုန်ဟော ပြောသမျှ နားထောင်ယင်း ဟုန်ဟောနှင့်အတူ အတိတ်ကာလသို့ မျောပါးသွားရှာလေတော့သည်။

◆ ◆ ◆

## အတိတ်

ဟုန်ဟောက လမ်းဘေး၌ ရပ်ကာ ပြေးလွှားဆော့ကစားနေသော ကောင်လေးများကို ငေးမောကြည့်နေ၏။

ထိုကောင်လေးများသည် ကျန်းမာသည်။

သန့်စွမ်းသည်။

ပျော်ပျော်ရွှင်ရွှင် ရှိကြသည်။

သူတို့၏မိဘများက ချောင်ချောင်လည်လည် ရှိပြီး စားနိုင်သောက်နိုင်ကြ၏။

ထို့ကြောင့်...

အဝတ်ကောင်းကောင်း ဝတ်ရသည်။

အစားကောင်းကောင်း စားရသည်။

ထိုကောင်လေးများကို ဟုန်ဟော အားကျမိလေသည်။



သူကား မိဘမဲ့တစ်ယောက် ဖြစ်ပါသည်။

မိဘ ဆွေမျိုး ညာတိမရှိ။

ကပ္ပိယကြီးက သနားသဖြင့် စောင့်ရှောက်ထား၍သာ ကံကောင်းခဲ့ခြင်း ဖြစ်ပါသည်။

သို့မဟုတ်လျှင် လမ်းဘေးတစ်နေရာ၌ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားရပေလိမ့်မည်။

ကပ္ပိယကြီးကား အသက်ကြီးလှပြီ။

ဘုံကျောင်းလေး၌ ဝေယျာဝစ္စ လုပ်ကိုင်ပေးယင်း မှီခိုနေရခြင်း ဖြစ်သည်။

သူက တဖန် ကပ္ပိယကြီးကို မှီခိုရသောအခါ...

ကောင်လေးများသည် ပြေးလွှားဆော့ကစားရင်း ဟုန်ဟော အနီးသို့ ရောက်ရှိလာကြလေသည်။

"ဟုန်ဟော၊ ငါတို့နဲ့အတူ လာကစားပါလားကွ"

ဟုန်ဟောနှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိသော ကောင်လေးတစ်ယောက်က လှမ်းခေါ်သည်။

ဟုန်ဟော ဝမ်းသာသွားသည်။

ကလေးပီပီ သူလည်း ဆော့ကစားလိုသည် မဟုတ်ပါလား။

သို့သော်...

အခြားကောင်လေးများက မကျေမနပ် ဝိုင်းပြောလိုက်ကြလေသည်။

"သည်ကောင့်ကို မခေါ်နဲ့"

"သည်ကောင်က ညစ်ပတ်တယ်ကွ"

"သူ့မှာ အဖေ အမေလည်း ရှိတာ မဟုတ်ဘူး"

အထင်သေးစွာဖြင့် ဝိုင်းဝန်းပြောဆိုလိုက်ကြလေသည်။

"လာ..လာ သွားကြမယ်"

"တို့ဘာသာ သွားကစားကြမယ"

ကောင်လေးများ ပြေးလွှားသွားကြတော့သည်။

ဟုန်ပေါ ဝမ်းနည်းကြေကွဲစွာဖြင့် ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆



အိမ်ကလေးများကို ခပ်လှမ်းလှမ်း၌ တွေ့မြင်နေရသည်။

ဟုန်ပေါက မြို့စွန်ရှိ မြက်ခင်းပြင် အကျယ်ကြီး ရောက်ရှိလာသည်။

သူ့မှာ ကစားစရာအဖော် မရှိပါ။

မည်သူကမျှ သူ့အား ဆေးဖော်ကြောဖက် မလုပ်ကြပါ။

ထို့ကြောင့်...

ကပ္ပိယကြီးအား ဝိုင်းကူလုပ်ကိုင်ပေးပြီးလျှင် စာရေး၊ စာဖတ် သင်ကြားပြီးလျှင် မြို့စွန် မြက်ခင်းပြင်သို့ လာပြီး တစ်ယောက်တည်း ဆော့ကစားရလေသည်။

သူက ရွယ်တူကလေးများနှင့် မကစားရသဖြင့် ပန်းကလေးများ၊ လိပ်ပြာလေးများနှင့် လာကစားနေရခြင်း ဖြစ်ပါသည်။

ကောင်လေးများက သူ့ကို အော်ငေါက်ကြိမ်းမောင်းကြသည်။ အနိုင်ကျင့် ထိုးကြိတ်တတ်သည်။

ပန်းကလေးများ၊ လိပ်ပြာလေးများနှင့် ငှက်ကလေးများက ထိုသို့ မဟုတ်ပါ။

ဟုန်ပေါသည် လိပ်ပြာလေးများအား လိုက်ဖမ်းပြီး မောပန်းလာသောအခါ အေးမြသော မြက်ခင်းပြင်ပေါ်၌ တရေးတမော အိပ်စက်လိုက်လေသည်။

ကြာကြာတော့ အိပ်မပျော်ပါ။

သူ၏ဘဝကို တွေးတောစဉ်းစားမိနေခြင်းကြောင့် ဖြစ်ပါသည်။

"ငါ့မှာ အဖေ အမေလည်း မရှိဘူး၊ ဆွေမျိုးလည်း မရှိဘူး။ ကဗ္ဗိယကြီးသာ ကျွေးမွေးမထားဘူးဆိုရင် ဒုက္ခပဲ"

အရွယ်နှင့် မလိုက်အောင် ခါးသီးလှသော ဘဝအတွေ့အကြုံကြောင့် ဟုန်ဟောမှာ အလိုလိုနေရင်း လောကကြီးကို မုန်းတီးလာလေတော့သည်။

နေယင်း လောကကြီးကို မုန်းတီးလာလေတော့သည်။

ထို့အတူ…

တစ်နေ့တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သူ ဖြစ်အောင် ကြိုးစားသွားမည်ဟူသော စိတ်က ခိုင်မာလာလေသည်။

ဟုန်ဟော တွေးတောငေးမောနေစဉ် သီချင်းသံများ ကြားလိုက်ရလေသည်။

ဟုန်ဟော မြက်ပင်များကြားမှ ခေါင်းထောင်ကြည့်လိုက်သောအခါ အထုပ်တစ်ထုပ်ကို တုတ်တစ်ချောင်းဖြင့် လျှို၍ ပခုံး၌ ထမ်းကာ လာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏ဦးခေါင်းပေါ်မှ ဆံပင်များမှာ ကျီးကန်းသိုက်ပမာ ရှုပ်ပွနေ၏။

သူ၏အဝတ်အစားမှာ ဖာထေးရာ ပရပွရှိနေ၏။

သီချင်းတစ်ပုဒ်ကို အော်ကြီးဟစ်ကျယ် သီဆိုနေသကဲ့သို့ ခြေလက်များ ကွေးကာ ကခုန်၍ လာနေခြင်း ဖြစ်သည်။

ဟုန်ဟော နှာခေါင်းရှုံ့လိုက်သည်။

"အရူးကြီးတစ်ယောက်ပဲ"



ထိုအရူးကြီးမှာ ဟုန်ဟောနှင့် ဝါးတစ်ရိုက်ခန့် အကွာသို့ ရောက်ရှိလာသောအခါ ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားလေသည်။

သီချင်း မဆိုတော့ပါ။

ကခုန်ခြင်း မပြုတော့ပါ။

ဟုန်ဟော ရှိနေသော နေရာသို့ မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"မြက်ပင်တွေကြားက ခွေးလေးလား၊ ယုန်လေးလား"

ဟုန်ဟောက ငေါက်ခနဲ ထလိုက်သောအခါ…

"ဩော် လူကလေးကိုး"

စိတ်ညစ်နေသော ဟုန်ဟောက…

"အရူးကြီး"

ဟု ပြန်ပြောလိုက်မိလေသည်။

အရူးကြီး ရယ်မောလိုက်သည်။

"ဟား…ဟား…ဟား အရူးကြီးတဲ့၊ ဟုတ်တယ် ငါက အရူးကြီး"

အရူးကြီးက အနီးသို့ ချဉ်းကပ်လာသည်။

ဟုန်ဟော မျက်တောင်မခတ် ကြည့်နေသည်။

အခြားကလေးများဆိုလျှင် ကြောက်ရွံ့ကာ ထွက်ပြေးသွားမည် ဖြစ်သည်။

ဟုန်ဟောက မကြောက်တတ်ပါ။

အရူးကြီးက…

"ကောင်လေး၊ မင်း ဘာလုပ်နေတာလဲ"

"ကျွန်တော် အိပ်နေတာ"

"ဩော် မင်းအိပ်နေတာကိုး၊ ငါ့ကြောင့် မင်းအိပ်ရေးပျက်သွားတာပဲ တောင်းပန်ပါတယ်ကွာ"

"ဗျာ"

ဟုန်ဟောသည် သူ့အား တောင်းပန်သည်ဟူသော စကားမျိုး တစ်ခါမျှ မကြားဖူးပါ။

"သူက အရှုးကြီးမို့ ငါ့ကို တောင်းပန်တာပဲ"

အရှုးကြီးက...

"ကဲ..ကဲ မင်းပြန်အိပ်ပါ၊ ငါလည်း သွားတော့မယ်"

စကားဆုံးလျှင် ခုန်ပေါက်ကာ ထွက်သွားလေတော့သည်။

ဟုန်ဟောလည်း ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆



ဟုန်ဟော စိတ်လေနေခဲ့သည်မှာ သုံးလေးရက် ရှိသွားပြီ ဖြစ်ပါသည်။

အချိန်အား ရသည်နှင့် မြက်ခင်းပြင်၌ သွားနေနေတတ်သည်။

ယနေ့တော့ ဟုန်ဟော စိတ်လေနေ၍ မရတော့ပါ။

ကပ္ပိယကြီးက ဘုံကျောင်းသန့်ရှင်းရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခိုင်းနေခြင်းကြောင့် ဖြစ်လေသည်။

သောက်ရေအိုး ရေလဲ၊ အမှိုက်ကျုံး၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက် တစ်မနက်လုံး မနားခဲ့ရပါ။

ထို့အပြင်...

"အဒေါ်ကြီးစူးကျက်က ဘုရားပန်းလှူမယ်ပြောတယ်၊ မင်းသွားယူလိုက်ဦး"

ကပ္ပိယကြီးက ဘုရားပန်းယူခိုင်းသဖြင့် အဒေါ်ကြီးစူးကျက်ထံသို့ သွားရပြန်လေသည်။

အဒေါ်ကြီးစူးကျက်သည် တစ်လတစ်ကြိမ် ဘုရားပန်းလှူသူဖြစ်လေသည်။

ဟုန်ဟော သွားယူနေကြဖြစ်သည်။

အဒေါ်ကြီးစူးကျက်ထံသို့ ရောက်သွားသောအခါ...

"ကောင်လေးဟုန်ဟော နင် ဘုရားပန်းလာယူတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး ငါမှာထားတာ ပန်းတွေ လာမပို့သေးဘူး"

"ဒါဆို ကျွန်တော် ပြန်ရမှာလား"

"အေး..နင်ပြန်နှင့် ပန်းသည်ပန်းလာပို့မှ ငါ့ဘာသာ လာခဲ့တော့မယ်"

"ဒါဖြင့် ကျွန်တော်သွားတော့မယ်"

"အေး..အေး"

ဟုန်ပော ထွက်သွားရန် ဟန်ပြင်လိုက်စဉ် မိန်းကလေးတစ်ယောက်က ပန်းများ တပွေ့တစ်ပိုက်ဖြင့် လာနေသည်ကို တွေ့လိုက်ရလေသည်။

အဒေါ်ကြီးစူးကျက် ဝမ်းသာသွားသည်။

"ဟာ ပြောရင်းဆိုရင်း ပန်းတွေ လာပို့နေပြီ၊ ဟုန်ပော၊ နင် တစ်ခါတည်းသာ ယူသွားတော့"

"ဟုတ်ကဲ့၊ အဒေါ်ကြီး"

အဒေါ်ကြီးစူးကျက်က မိန်းကလေးထံမှ ပန်းများကို ယူကာ ဟုန်ပောကို ပေးလိုက်သည်။

မိန်းကလေးအား ပန်းဖိုးငွေ ပေးလိုက်သကဲ့သို့ မုန့်ဖိုးလည်း ပေးလိုက်သည်။

"လင်ကျင်း၊ ညည်းတို့ ဘာကြောင့် ပန်းပို့နောက်ကျနေရတာလဲ"

လင်ကျင်းဆိုသောမိန်းကလေးက...

"မေမေ သိပ်ပြီး နေမကောင်းလို့ ကျွန်မတစ်ယောက်ထဲ ပန်းခြံထဲ ဆင်းနေရလို့ပါ"



"အို လိမ္မာလိုက်တဲ့ ကလေးပဲ"

လင်ကျင်း ပြုံးလိုက်လေသည်။

အဒေါ်ကြီးစူးကျက်က ဟုန်ပောကို ပြောသည်။

"သူတို့သားအမိက ပန်းစိုက်တယ်လေ၊ သူတို့ ခြံက ထွက်တဲ့ပန်းဟာ တစ်ခြားခြံက ပန်းထက် ပိုပြီး လှလည်းလှတယ်၊ မွှေးလည်းမွှေးတယ်"

ဟုန်ပောက လင်ကျင်းကို ငေးကြည့်နေ၏။

လင်ကျင်းက သူ့အား ပြုံးပြလေသည်။

သူတို့နှစ်ယောက် ယခုမှ တွေ့ရသော်လည်း လင်ကျင်းက သဘောကောင်းပြီး ခင်မင်ရင်းနှီးတတ်ပုံ ရှိလေသည်။

ဟုန်ပောကမူ လောကကြီးကို နာကျည်းနေသူ ဖြစ်ရကား မျက်နှာထားတင်းတင်း ထားလိုက်လေသည်။

"ကျွန်တော်သွားတော့မယ်"

အဒေါ်ကြီးစူးကျက်ကို နှုတ်ဆက်လိုက်သော်လည်း လင်ကျင်းကိုမူ မသိ ကျိုးကျွန်ပြုကာ ထွက်သွားလေသည်။

လင်ကျင်းက သူ့ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

## လမ်းပြ

ယနေ့လည်း ဟုန်ဟော မအားပါ။

ဘုံကျောင်းသို့ ရောက်လာသော ဘုရားဖူးများအား ချက်ပြုတ်ကျွေးမွေးရန် ဈေးဝယ်ခိုင်းနေခြင်းကြောင့် ဖြစ်လေသည်။

သက်သတ်လွတ် ကျွေးမည်ဖြစ်၍ အသီးအနှံများကိုသာ ဦးစားပေးဝယ်ရပေသည်။

ဈေးသည်များကလည်း ဟုန်ဟောကို သိနေသဖြင့် ပိုပိုသာသာ ပေးကြလေသည်။

ဟုန်ဟောက အသီးအနှံများကို ထမ်းကာ ဈေးထဲမှ ထွက်လာစဉ် ငွေရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူတစ်ယောက်ကို ထူးထူးခြားခြား တွေ့မြင်လိုက်ရလေသည်။

ဟုန်ဟော စိတ်ဝင်စားသွားသည်။



"သိုင်းသမားတစ်ယောက် ထင်တယ်"

ကပ္ပိယကြီးသည် ညဘက်ရောက်ပြီး အားလပ်နေသောအခါ ဟုန်ဟောအား လောကကြီးအကြောင်း၊ လူတွေအကြောင်းနှင့် သိုင်းသမားများအကြောင်းကို ညအိပ်ရာဝင် ပုံပြင်သဖွယ် ပြောပြတတ်လေသည်။

ဟုန်ဟောအား မြေးအရင်းပမာ ချစ်ခင်သံယောဇဉ် ရှိ၍ ဖြစ်လေသည်။

ဟုန်ဟောသည် သူကိုယ်တိုင် ဘာမှမတတ်နိုင်သောအခါ ဘာမဆိုတတ်နိုင်သည့် သိုင်းသမားများ၏ဘဝကို အလွန်အားကျမိလေသည်။

ကြီးပြင်းလာသည့် တစ်နေ့တွင် သိုင်းသမား ဖြစ်လိုသည်။

ဟုန်ဟောသည် ငွေရောင်ဝတ်ဆင်ထားသူနောက်သို့ အလိုလို လိုက်သွားမိလေသည်။

ထို့ကြောင့်...

ငွေရောင်ဝတ်ဆင်ထားသူမှာ မျက်နှာစိမ်းတစ်ယောက် ဖြစ်ပြီး လူတစ်ယောက်အား လိုက်ရှာနေသူ ဖြစ်ကြောင်း သိလိုက်ရလေသည်။

ငွေရောင်ဝတ်ထားသူက ပန်းသီးများ ရောင်းသော လူဝကြီးကို မေးလိုက်သည်။

"အခု ရက်ပိုင်းအတွင်း သည်မြို့ကို အရှူးကြီးတစ်ယောက် ရောက်လာတာ မတွေ့မိဘူးလားဗျာ"

လူဝကြီး ရယ်မောလိုက်သည်။

"အရူးတွေကတော့ ရောက်လာလိုက် ပျောက်သွားလိုက်နဲ့ ကျုပ်လည်း အမှုမဲ့ အမှတ်မဲ့ပါပဲဗျာ"

ငွေရောင်ဝတ်ဆင်ထားသူက...

"ကျုပ်ပြောတဲ့ အရူးကြီးက ပန်းသီးသိပ်ကြိုက်တာ၊ ပန်းသီးတွေ့ရင် တောင်းလို့ ရရင်ရ မရရင် လုပြီး ထွက်ပြေးသွားတတ်တာ"

လူဝကြီးက...

"ဒါဆိုရင်တော့ ဟုတ်ပြီ၊ မနေ့ကပဲ အရူးကြီးတစ်ယောက် လာတောင်းလို့ ပန်းသီးအသေးတစ်လုံး ပေးလိုက်တာကို မကျေနပ်ဘဲ အကြီးဆုံးအလုံးကိုမှ အတင်းလုပြီး ထွက်ပြေးသွားတာ"

ငွေရောင်ဝတ်ဆင်ထားသူ ဝမ်းသာသွားလေသည်။

ငွေစတစ်ချို့ ထုတ်ပြီး လူဝကြီးကို ပေးလိုက်သည်။

"ဒါ မိတ်ဆွေအတွက်ပါ၊ အရူးကြီး ဘယ်ကို ပြေးသွားတယ်၊ ဘယ်မှာတွေ့နိုင်တယ်ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါလားဗျာ"

လူဝကြီးက ငွေစများကို ကြည့်ပြီး အံ့သြသွားသည်။

"အရူးကြီးကို တွေ့ဖို့ အရေးကြီးနေလို့လား"

"ကျုပ်လိုက်ရှာနေတာ သုံးနှစ် ရှိနေပါပြီဗျာ၊ အခုမှ သတင်းရလို့"

"အရူးကြီးက အသက်ကြီးကြီးနော်"

"ဟုတ်တယ်၊ ငါးဆယ်ကျော်လောက်တော့ ရှိပြီ"



"သူက သီချင်းဆိုတယ်၊ ကတယ်"

"ဟုတ်တယ်..ဟုတ်တယ်"

"ဒါဆို ကျုပ်ဆီက ပန်းသီးလုသွားတဲ့ အရူးကြီးပါပဲ၊ သူ့ကို မြို့စွန် မြက်ခင်းပြင်ရဲ့ တစ်ဖက်က တောင်ကုန်းလေးမှာ သွားရှာကြည့်ပါလား"

"သူက.."

"တောင်ကုန်းလေးပေါ်မှာ ဇရပ်ပျက်တစ်ခု ရှိတယ်၊ အဲဒီမှာ အရူးကြီးတစ်ယောက်ကို တွေ့ရတာ တစ်ရက်နှစ်ရက်လောက် ရှိပြီလို့ ပြောနေကြတယ်"

"ကျေးဇူးပါပဲဗျာ"

ငွေရောင်ဝတ်ထားသူသည် လူဝကြီးကို နှုတ်ဆက်ကာ အလျင်အမြန် ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

ဟုန်ဟောက ဘုံကျောင်းသို့ ပြန်လာခဲ့သည်။

လမ်းတစ်လျှောက်လုံး ငွေရောင်ဝတ်ဆင်ထားသူနှင့် အရူးကြီးတို့ အကြောင်း စဉ်းစားလာခဲ့သည်။

"ဘာကြောင့် အရူးကြီးကို လိုက်ရှာနေရတာလဲ"

ဟုန်ဟော စဉ်းစားမရပါ။

လမ်းကြားလေးတစ်ခုမှ ဖြတ်လာရင်း တစ်နေရာသို့

အရောက်တွင် သီချင်းသံများ ကြားလိုက်ရလေသည်။

သီချင်းဆို ကခုန်ပြီး လာနေသော အရူးကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

"ဟာ အရူးကြီးပါလား"

ဟုန်ဟော အံ့သြသွား၏။

အဘယ်ကြောင့်မှန်းမသိ ဝမ်းသာပျော်ရွှင်သလို ဖြစ်သွားလေသည်။

အရူးကြီးက မျက်နှာကြီးပြုံးကာ ပျော်ပျော်နေတတ်လေသည်။

ထို့ကြောင့် ဟုန်ဟောလည်း ပျော်ရွှင်လာသလို ဖြစ်ရခြင်းပင်။

အရူးကြီးက ဟုန်ဟော အနီးသို့ ရောက်လာသည်။

ဟုန်ဟော ယူလာသည့် ဟင်းသီးဟင်းရွက်များကို ကြည့်ပြီး...

"ငါ့ကို မုန်လာဥတစ်လုံး ကျွေးပါလား"

မုန်လာဥနီတစ်လုံးကို ညွှန်ပြလိုက်သည်။

ဟုန်ဟောက...

"ဘဘက ပန်းသီးကြိုက်တာ မဟုတ်လား၊ မုန်လာဥနီကိုကော ကြိုက်လို့လား"

အရူးကြီးက...

"ကြိုက်တာပေါ့၊ ပန်းသီးက အရသာတစ်မျိုး၊ မုန်လာဥနီက အရသာတစ်မျိုး နှစ်မျိုးစလုံး စားလို့ကောင်းတယ်"



ဟုန်ဟောက မုန်လာဥနီတစ်လုံး ပေးလိုက်လေသည်။

"ကျေးဇူးပဲ..ကျေးဇူးပဲ"

အရူးကြီးသည် မုန်လာဥနီကို ယူကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ဘဘ"

ဟုန်ဟော၏ခေါ်သံကြောင့် ခြေလှမ်းရပ်သွားသည်။

ဟုန်ဟောကို လှည့်ကြည့်ပြီး...

"မင်း ဘာပြောမလို့လဲ"

ဟုန်ဟောက...

"ဘဘကို လူတစ်ယောက် လိုက်ရှာနေတယ်"

"ဟေ"

အရူးကြီး မျက်လုံးပြူးလိုက်သည်။

"ငါ့ကို လိုက်ရှာနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူလဲ"

"ကျွန်တော် မသိဘူး"

အရူးကြီး ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

ဟုန်ဟော မကျေမနပ် ဖြစ်သွားသည်။

"ကျွန်တော် တကယ် ပြောတာ"

"အေးလေ ငါ့ကို လိုက်ရှာနေတယ်လည်း ပြောတယ်၊ ဘယ်သူမှန်းလည်း မသိဘူးဆိုတော့ ရယ်စရာကောင်းမနေဘူးလား"

ဟုန်ပောက...

"ကျွန်တော် တကယ် ပြောတာ"

ပန်းသီးလူဝကြီးနှင့် ငွေရောင်ဝတ်ဆင်ထားသူအကြောင်း ပြောပြလိုက်လေသည်။

အရူးကြီးက ယုန်တစ်ကောင်ပမာ မုန်လာဥနီကို ကိုက်စားရင်း အသာနားထောင်နေ၏။

ဟုန်ပော၏စကားဆုံးသွားတော့မှ...

"သည်ကောင်ဟာ ကိုးခရိုင်မှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားမုယုံဆိုတာပေါ့"

"ဗျာ"

ဟုန်ပော ထိတ်လန့်သွားလေသည်။

သူက မုယုံကို မသိပါ။

မုယုံ၏အကြောင်းကို မကြားဖူးပါ။

ကိုးခရိုင်ပြိုင်ဘက်ကင်းဆိုသည့် ဘွဲ့ထူးကြောင့် ထိတ်လန့်ခြင်း ဖြစ်ပါသည်။

အရူးကြီးက...

"သူ ဘာကြောင့် ငါ့ကို လိုက်ရှာနေသလဲဆိုတာ မင်းသိလား"

ဟုန်ပော ခေါင်းခါယမ်းလိုက်သည်။



"ကျွန်တော် ဘယ်လိုလုပ် သိမှာလဲဗျာ"

အရူးကြီးက...

"မသိရင် မှတ်ထား၊ သူက ငါ့ဆီမှာ တပည့်ခံချင်နေတာကွ"

ဟုန်ပော ဘဝင်မကျ ဖြစ်သွားလေသည်။

ငွေရောင်ဝတ်ဆင်ထားသူမှာ အလွန်အထက်တန်းကျသူဖြစ်သည်။

ငွေကို ရေလို သုံးနိုင်သူလည်း ဖြစ်ပုံရသည်။

ထို့ပြင် ကိုးခရိုင်ပြိုင်ဘက်ကင်းဟူသော ဘွဲ့ထူးပိုင်ရှင်ဟုလည်း သိရ၏။

ထိုလူက အရူးကြီးထံ၌ ဝပည့်ခံကာ ပညာသင်ကြားလိုသည်မှာ မည်နည်းနှင့်မျှ မဖြစ်နိုင်ဟု ယူဆမိလေသည်။

အရူးကြီးက...

"ငါပြောတာ မင်းမယုံဘူးလား"

ဟုန်ပော ဘာမှ မပြောဘဲ နေလိုက်၏။

အရူးကြီးက...

"မုယုံက အတော်မာနကြီးတာ၊ သူ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး ထင်နေတာ၊ ငါနဲ့ တွေ့တော့ ဘယ်ရမလဲ၊ သိုင်းသုံးကွက်တောင် မပြည့်သေးဘူး သူရှုံးသွားတာ"

အရူးကြီးက ရယ်မောပြီး စကားဆက်လိုက်သည်။

"ဒါတောင် ငါညှာလိုက်လို့ မဟုတ်ရင် တစ်သက်လုံး သိုင်း

အသုံးပြုနိုင်တော့မှာ မဟုတ်ဘူးကွ"

ဟုန်ဟောက...

"ဘဘက သိုင်းဆရာကြီးလား"

အရူးကြီးက...

"ဟာ ငါက သိုင်းဆရာကြီး ဘယ်ဟုတ်မလဲ၊ မင်းပြောတဲ့ သိုင်းဆရာကြီးတွေထက် ပိုတော်တာပေါ့ကွ"

ဟုန်ဟောသည် အရူးကြီးနှင့် ဆက်ပြောနေလျှင် သူလည်း ရူးသွားလိမ့်မည်ဟု တွေးပြီး...

"ကျွန်တော်သွားတော့မယ်"

ဟု နှုတ်ဆက်ကာ ကျောင်းခိုင်းထွက်ခဲ့လေသည်။

အရူးကြီးကလည်း သီဆိုကခုန်ကာ ဆန့်ကျင်ဘက် အရပ်သို့ ထွက်သွားလေတော့သည်။

◆ ◆ ◆



## တကယ့် အဖြစ်အပျက်

နောက်တစ်နေ့...

ဧည့်သည်များ ပြန်သွားပြီ ဖြစ်၍ ဟုန်ဟော အားလပ်သွားလေသည်။

ဟုန်ဟောလည်း ထုံးစံအတိုင်း မြက်ခင်းပြင်သို့ ထွက်လာခဲ့လေသည်။

သူက ပန်းများ ခူးသည်။

လိပ်ပြာလေးများ ဖမ်းသည်။

တစ်ယောက်တည်း ပြေးလွှားဆော့ကစားနေသည်။

မောပန်းသွားသောအခါ အိပ်စက်အနားယူသည်။

ရုတ်တရက်...

ဟုန်ဟော၏ဦးခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာသည်။

"ဆရာကြီးကို တောင်ကုန်းလေးပေါ်က ဇရပ်ပျက် တွေ့ရတယ်လို့ သူများတွေ ပြောနေကြတာပဲ"

ထိုအရူးကြီးသည် ထူးဆန်းသူ ဖြစ်နေသည်။

သို့သော်...

အခြားသူများနှင့် မတူဘဲ သူ့ကို စကားကောင်းကောင်းမွန်မွန် ပြောခဲ့သည်။

သူ့အား လူကြီးတစ်ယောက်ပမာ သဘောထားကာ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခဲ့ခြင်း ဖြစ်လေသည်။

ကပ္ပိယကြီးကလွဲပြီး သူ့အား ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံသူ နည်းပါးလှသည်။

လင်ကျင်းဆိုသောမိန်းကလေးနှင့် အရူးကြီးတို့မှာ မကြာသေးမီကမှ သူနှင့် သိကျွမ်းခဲ့ကြသူများ ဖြစ်သည်။

လင်ကျင်းကော အရူးကြီးပါ ခင်မင်ရင်းနှီးစရာကောင်းသူများဟု သူတွေးမိသော်လည်း လူအများနှင့် ခပ်ကင်းကင်း နေတတ်သည့် သူ၏အကျင့်ကြောင့် တမင် ခပ်စိမ်းစိမ်းနေခဲ့မိခြင်း ဖြစ်လေသည်။

ဟုန်ပောက မြက်ခင်းပြင်မှ နေ၍ တောင်ကုန်းလေးဆီသို့ ထွက်လာခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပကာ အေးချမ်းငြိမ်သက်နေလေသည်။

ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကျေးသံ



များ ကြားနေရသည်။

ဟုန်ပောသည် တောင်ကုန်းလေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာသောအခါ တေးဆိုသံများ ကြားလိုက်ရလေသည်။

"အရူးကြီးက တောင်ကုန်းပေါ်မှာ ရှိနေတာပဲ"

ဟုန်ပောသည် ရှေ့ဆက်သွားရကောင်းနိုး၊ နောက်ကြောင်းလှည့်ပြန်သွားရကောင်းနိုး ရုတ်တရက် ဝေခွဲမရ ဖြစ်သွားလေသည်။

အရူးကြီးက အသံဝါကြီးဖြင့် ဌာန်ကရိုဏ်း မကျဘဲ အော်ဟစ်သီဆိုနေသော်လည်း သီချင်းသံမှာ သာယာနာပျော်ဖွယ်ကောင်းနေသည် ထင်မိ၏။

ဟုန်ပော အလိုလို ပျော်ရွှင်လာလေသည်။

နောက်ကြောင်းမလှည့်ဖြစ်တော့ဘဲ ရှေ့ဆက်သွားလိုက်လေတော့သည်။

သို့ဖြင့် တောင်ကုန်းလေးပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေတော့သည်။

◆ ◆ ◆

တောင်ကုန်းလေးပေါ်၌ ဇရပ်ပျက်တစ်ခု ရှိလေသည်။

ယခင်က ရသေ့ကြီးတပါး နေထိုင်သွားသော ဇရပ်ပျက်လေး ဖြစ်သည်။

ရသေ့ကြီး ကွယ်လွန်သွားပြီးနောက် နေထိုင်မည့်သူ မရှိတော့ဘဲ တဖြည်းဖြည်း ပျက်စီးယိုယွင်းသွားခြင်း ဖြစ်ပါတော့သည်။

ဇရပ်ပျက်ပေါ်၌ အရူးကြီး ရှိနေသည်။

ဟုန်ပော ရောက်သွားချိန်၌ အရူးကြီးက သီချင်းမဆိုတော့ပါ။

ဇရပ်ပျက် ကြမ်းပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်ကာ စားစရာများကို အားရပါးရ စားသောက်နေလေသည်။

ဟုန်ပော ရောက်လာသည်ကို တွေ့ရလျှင်...

"ကောင်လေး၊ မင်းရောက်လာတာကိုး၊ လာ..လာ"

ဝမ်းသာအားရ လှမ်းခေါ်လေသည်။

ဟုန်ပောက မဝံ့မရဲ ဖြစ်နေသည်။

"လာပါကွ"

အရူးကြီးက ခေါ်နေသဖြင့် ဟုန်ပောလည်း ဇရပ်ပေါ်သို့ တက်လိုက်လေသည်။

"လာ စားဦး၊ သည်မှာ အများကြီးပဲကွ၊ ငါတစ်ယောက်ထဲ ဘယ်လိုလုပ် စားလို့ ကုန်နိုင်မှာလဲ"

မှန်ပေသည်။

စားကောင်းသောက်ဖွယ်များ တပုံတပင် ရှိနေသည်။



ခေါက်ဆွဲကြော်၊ ကြက်ကြော်၊ ငါးကင်၊ အသားပြုတ်၊ ကြက်ဥ၊ သစ်သီးဝလံများနှင့် အရက်များ ဖြစ်လေသည်။

"အရူးကြီးက တကယ့် သူဌေးကြီးတစ်ယောက်လို စားနိုင်နေပါလား"

ဟုန်ပော မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဟား..ဟား..ဟား"

အရူးကြီး ရယ်မောလိုက်လေသည်။

"ဘာလဲ ငါက သည်လောက်တောင် စားနိုင်ပါလားဆိုပြီး မင်းအံ့သြနေတာ မဟုတ်လား"

ဟုန်ပော ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

အရူးကြီးက...

"စားနိုင်တာပေါ့ကွာ၊ သူများ လာကျွေးတာကိုး"

"သူများ လာကျွေးတာ"

"ဟုတ်တယ်"

"ဘယ်သူက လာကျွေးတာလဲဗျာ"

အရူးကြီး ခေါင်းခါယမ်းလိုက်သည်။

"ငါလည်း မသိဘူး"

"ဘာ မသိဘူး"

"အေး ငါလျှောက်သွားပြီး ပြန်လာတော့ ဇရပ်ပေါ်မှာ မင်းအခု တွေ့တဲ့အတိုင်း အရက်နဲ့ စားစရာတွေ တပုံတပင် ရှိနေတာ"

ဟုန်ဟောက...

"တစ်ယောက်ယောက် လာထားသွားတာ ဖြစ်မယ် ထင်တယ်"

"အေးလေး စားစရာတွေကတော့ သူ့ဘာသာ ခြေထောက်ပေါက်ပြီး ရောက်မလာနိုင်ပါဘူး"

"ဘယ်သူ လာထားသွားမှန်း မသိဘဲ ဘဘက စားလိုက်တာပဲလား"

"ဟ စားစရာတွေ ဖြစ်နေလို့ စားလိုက်တာပေါ့၊ အဲဒါ ဘာဖြစ်သလဲ၊ ကဲ လာ မင်းလည်း လာစားလိုက်ဦး"

ဟုန်ဟော ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မစားချင်ပါဘူး"

"မရဘူး၊ မင်းစားရမယ်၊ ငါတစ်ယောက်ထဲ စားလို့ မကုန်ဘူး၊ အဖော်နဲ့မှ ပိုပြီး စားလို့ ကောင်းတာ၊ မင်းစားကိုစားရမယ်"

"ကျွန်တော်..."

ဟုန်ဟော နောက်ဆုတ်ရန် ဟန်ပြင်လိုက်စဉ် အရူးကြီးက သူ၏လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်လေသည်။

"မင်း မသွားရဘူး"

"ကျွန်တော့်ကို လွှတ်ပါဗျာ"

ဟုန်ဟော ရုန်းလိုက်သော်လည်း အရူးကြီး လက်ထဲမှ ရုန်းမထွက်နိုင်ပါချေ။

အရူးကြီးက...



"လာ စားစမ်းပါကွာ၊ မင်းကို..."

ရုတ်တရက် သူ၏စကား တပိုင်းတစဖြင့် ရပ်တန့်သွားလေသည်။

ဟုန်ဟောကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း...မင်း"

ဟုန်ဟော ကြောက်ရွံ့လာလေသည်။

"ကျွန်တော့်ကို လွှတ်ပါဗျာ"

အရူးကြီးက ဟုန်ဟော၏လက်ကို လွှတ်ပေးလိုက်လေသည်။

ဟုန်ဟောကို မယုံကြည်နိုင်သော အကြည့်မျိုးဖြင့် ငေးကြည့်နေသည်။

"ထူးဆန်းလိုက်တာကွာ"

"ဗျာ"

"ငါ့တသက်မှာ မင်းလို ကောင်လေးမျိုး မင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"ကျွန်...ကျွန်တော်က..."

"မင်းရဲ့ အရိုးအဆစ်တွေက သိပ်ကောင်းတာကွ"

အရူးကြီး၏စကားကို နားမလည်နိုင်အောင် ဖြစ်နေပါသည်။

"မင်းရဲ့ အကြောအချဉ်တွေကလည်း သိပ်ကောင်းတာ၊ မင်းဟာ တကယ့် ပါရမီရှင်လေးတစ်ဦးပဲ"

ဟုန်ဟောက...

"ကျွန်တော်က မိဘမဲ့တစ်ယောက်ပါဗျာ"

အရှုံကြီးက…

"သိုင်းပညာသင်လိုက်မယ်ဆိုယင် တစ်နေ့ မင်းဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက် ဖြစ်လာမှာ အသေအချာပဲကွ"

ဟုန်ဟော ငိုင်သွားသည်။

သိုင်းပညာ…

သူက သိုင်းပညာကို အလွန်စိတ်ဝင်စားမိသူ ဖြစ်သည်။

သိုင်းတတ်လျှင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ ကိုယ့်ဘဝ ကိုယ်ထူထောင်နိုင်မည်ဟု ယုံကြည်ထားသည်။

သူ့အား သိုင်းပညာသင်ပေးမည့်သူ၊ အကြံဉာဏ်ပေးမည့်သူ၊ ကူညီလမ်းပြမည့်သူ မရှိခဲ့ပါ။

ယခုတော့ အရှုံကြီးတစ်ယောက်က သူ၏အရိုးအဆစ်အကြောအချဉ်များမှာ သိုင်းပညာသင်၍ အလွန်ကောင်းသူတစ်ယောက်ဟု ဆိုနေသည်။

အရှုံကြီးက…

"မင်းလိုလူစားမျိုးဟာ သိုင်းလောကမှာ နှစ်ပေါင်း တစ်ရာကြာတာတောင် တစ်ယောက် ထွက်ပေါ်လာဖို့ မလွယ်တဲ့ လူစားမျိုးပဲကွ"

ချီးကျူးပြောဆိုယင်း ဝမ်းသာအားရ ဖြစ်နေပါတော့သည်။

ဟုန်ဟောသည် အရှုံကြီးကို ကြောက်လန့်ကာ ထွက်ပြေး



မိမလို ဖြစ်ခဲ့လေသည်။

သို့သော်…

အရှုံကြီး၏စကားများ ကြားရသောအခါ ထွက်မပြေး ဖြစ်တော့ဘဲ ငူငူကြီး ရပ်နေမိလိုက်လေတော့သည်။

အရှုံကြီးက…

"မင်းရဲ့သွေးကြောတွေကို ငါစမ်းသပ်ကြည့်ချင်တယ်၊ မင်းမကြောက်နဲ့နော်"

"ကျွန်တော်.."

ဟုန်ဟော နောက်ဆုတ်လိုက်လေသည်။

အရှုံကြီးက…

"မင်းကို ငါဒုက္ခမပေးပါဘူးကွ"

"ကျွန်တော်.."

"ဘာမှ မကြောက်နဲ့ မင်းကို ငါ ဘာမှ မလုပ်ဘူး၊ မင်းကို ငါကူညီဦးမှာပါ"

ဟုန်ဟော ခေါင်းခါယမ်းလိုက်သည်။

"ကျွန်..ကျွန်တော်သွားတော့မယ်"

နောက်လှည့်ကာ ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းပြီး ထွက်ပြေးသွားလေတော့သည်။

"ဟေ့..ဟေ့ နေဦး"

အရှုံကြီးလည်း ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

သို့သော်…

ဟုန်ဟော နောက်သို့ မလိုက်ဖြစ်တော့အောင် အကြောင်းဖန်လာလေသည်။

"အဘိုးကြီး ရပ်လိုက်စမ်း"

အော်ငေါက်သံနှင့်အတူ လူသုံးယောက် ထွက်ပေါ်လာပြီး လမ်းပိတ်ထားလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ဟုန်ဟောက သစ်ပင်ချုံနွယ်များကြားသို့ ပြေးဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

အဘိုးအိုလည်း ခြေလှမ်းရပ်လိုက်ရလေတော့သည်။

◆ ◆ ◆

ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားပြီး လက်နက်ကိုယ်စီကိုင်ဆောင်ထားသူသုံးယောက် ဖြစ်လေသည်။

ထိုလူသုံးယောက်က အရှုးကြီးအား ဝိုင်းရံထားလိုက်ကြလေသည်။

အရှုးကြီး စိတ်ပျက်သွားလေသည်။

"ဒါ ဘာသဘောလဲကွ"

ထိုလူသုံးယောက်အနက် တစ်ယောက်က...

"ခင်ဗျားက ရွှေမိုးမျှော်သိုင်းသမား 'ပါဖုတုံး' မဟုတ်လား"

"ဟေ"

"ရွှေမိုးမျှော်သိုင်းသမားနဲ့ အဆိပ်ဖားပြုပ်တို့ နှစ်ယောက်



သာ ရှုံးသွပ်မသွားကြဘူးဆိုယင် သိုင်းလောကမှာ သူတို့ကို ယှဉ်နိုင်တဲ့လူ မရှိဘူးလို့ ရှောင်လင်ကျောင်းထိုင်ကိုယ်တိုင်က ထုတ်ဖော်ကျေညာထားတာပဲဗျ"

အရှုးကြီးက...

"ရှောင်လင်ကျောင်းထိုင်က သည်လိုပဲ ပြောသတဲ့လား"

"ဟုတ်တယ်"

"အင်း မဆိုးဘူး၊ ရှောင်လင်ကျောင်းထိုင်က မှန်မှန်ကန်ကန်သုံးသပ်တတ်သားပဲ၊ သူနဲ့တွေ့မှ ကျေးဇူးတင်တဲ့အကြောင်း ပြောရဦးမယ်"

ထိုသို့ ပြောပြီးလျှင် တစုံတခုကို တွေးတောစဉ်းစားမိဟန်ဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

"ရှောင်လင်ကျောင်းကို သွားလို့ မဖြစ်သေးပါဘူးလေ၊ ငါက လူတစ်ယောက်ကို လိုက်ရှာရဦးမှာကွ"

ထိုလူသုံးယောက်က အရှုးကြီးအား ဝိုင်းရံထားလိုက်ကြလေသည်။

"ခင်ဗျားသွားလို့ မရဘူး"

"ဘာဖြစ်လို့လဲကွ"

"ခင်ဗျားရဲ့ ရွှေမိုးမျှော်သိုင်းကျမ်း ကျုပ်တို့ကို ပေးရမယ်"

"အံမယ်၊ ဘာဖြစ်လို့ ပေးရမှာလဲ"

"ခင်ဗျားပေးမလား မပေးဘူးလား"

"မပေးဘူး"

"ကောင်းပြီ၊ အေးအေးဆေးဆေး တောင်းလို့ မပေးယင် လုယူရမှာပေ့ါ၊ ခင်ဗျား သတိသာ ထားပေတော့"

ထိုလူသုံးယောက်က ကြိမ်းမောင်းယင်း ရှေ့တိုးလာကြလေသည်။

အရူးကြီး နှာခေါင်းရှုံ့လိုက်လေသည်။

"အချောင်သမားတွေ"

ဟုလည်း ကျိန်ဆဲလိုက်လေသည်။

ထိုစဉ်...

"ရပ်လိုက်စမ်း"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

◆ ◆ ◆



ဟုန်ဟောက အဝေးသို့ ရောက်မသွားသေးပါ။

သစ်ပင်ချုံနွယ်များကြားသို့ တိုးဝင်ကာ ပုန်းအောင်းနေလိုက်ခြင်း ဖြစ်လေသည်။

ချုံပုတ်ထဲမှနေ၍ အရူးကြီးတို့အား ကောင်းစွာ တွေ့မြင်နေရလေသည်။

နှောင့်ယှက်ဟန့်တားသူသုံးယောက်က အရူးကြီးအား ရွှေမိုးမျှော်သိုင်းသမားကြီးပါပုတုံး ဖြစ်သည်ဟု စွပ်စွဲပြောဆိုနေကြသည်။ အရူးကြီးထံမှ သိုင်းကျမ်း တောင်းနေသည်။

ထိုအချိန်မှာပင် ဟုန်ဟော တွေ့ခဲ့ဖူးသည့် ငွေရောင်ဝတ်ဆင်ထားသူ ရောက်လာခြင်း ဖြစ်လေသည်။

အရူးကြီး ရယ်မောလိုက်သည်။

"ကိုးခရိုင်ပြိုင်ဘက်ကင်းမုယုံကိုး"

မုယုံဆိုသူ ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်က ဆရာကြီးကို လိုက်ရှာနေတာ ကြာပါပြီ"

အရူးကြီး လက်ကာပြလိုက်သည်။

"မရှာနဲ့..မရှာနဲ့၊ မင်းပင်ပန်းနေလိမ့်မယ်"

"ဆရာကြီး ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ"

"ဟေ့..ဟေ့ မရဘူးကွ"

အရူးကြီး နောက်ဆုတ်လိုက်လေသည်။

ထိုစဉ်...

"မင်းက ဘာဝင်ရှုပ်ချင်တာလဲ"

လူရမ်းကားသုံးယောက်က မုယုံကို တိုက်ခိုက်လိုက်ကြလေသည်။ မုယုံက…

"ခင်ဗျားတို့ အေးအေးဆေးဆေး ပြန်သွားကြယင် ကောင်းမယ်"

သတိပေးပြီး ရှောင်တိမ်းလိုက်လေသည်။

ထိုလူသုံးယောက်သည် မုယုံ၏စကားကို နားမထောင်သည့်အပြင် လက်နက်များ ဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လိုက်ကြလေသည်။ မုယုံ မကျေမနပ် ဖြစ်သွားသည်။

"ဆရာကြီးရှေ့မှာ ရန်မဖြစ်ချင်လို့ ကျုပ်က သည်းခံနေတာ၊ ခင်ဗျားတို့ မသိတတ်ဘူးဆိုယင်လည်း အကြောင်းပြရသေးတာပေါ့ဗျာ"

လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ မုယုံ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်…

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး လူရမ်းကားသုံးယောက် ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

မုယုံမှာ သိုင်းစွမ်းထက်သူ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာတော့သည်။



ထိုလူသုံးယောက်သည် မုယုံကို ရင်မဆိုင်ဝံ့ကြပါတော့ချေ။ မုယုံက…

"ခင်ဗျားတို့ မသွားကြသေးဘူးလား"

ဟု ငေါက်လိုက်လျှင် မြေပေါ်မှလူးလိမ့်ထကာ ဒရောသောပါးပြေးလွှားသွားကြလေတော့သည်။

◆ ◆ ◆

လူရမ်းကားသုံးယောက် ထွက်ပြေးသွားကြပြီ ဖြစ်သည်။

မုယုံသည် အလွန်အစွမ်းထက်နေသူ ဖြစ်ကြောင်း တွေ့ရသဖြင့် ဟုန်ပော အံ့သြသွားလေသည်။

"တကယ်တော်တဲ့လူ ပါလား"

မုယုံကို ကြည့်ညိုလေးစားသွားလေသည်။

အရှုးကြီးကလည်း ချီးကျူးလိုက်လေသည်။

"မဆိုးဘူးဟေ့"

မုယုံက….

"ဆရာကြီးခင်ဗျာ ကျွန်တော့်ကို တပည့်တစ်ယောက်အဖြစ်လက်ခံဖို့ တောင်းပန်ပါတယ်ခင်ဗျာ"

ဦးညွှတ်တောင်းပန်ယင်း အရှုးကြီးရှေ့၌ ဒူးထောက်ချလိုက်လေသည်။

ဟုန်ပော မယုံနိုင်အောင်ဖြစ်သွားလေသည်။

"ကိုးခရိုင်ပြို့င်ဘက်ကင်းမုယံ့ကတောင် အရှုးကြီးကို ဒူးထောက်တောင်းပန်နေရပါလား"

အရှုးကြီးသည် သာမန်လူတစ်ယောက် မဟုတ်ဘဲ ထိပ်သီးသိုင်းဆရာကြီးတစ်ယောက်ဖြစ်ကြောင်း ဟုန်ဟော သိလိုက်ရလေတော့သည်။

အရှုးကြီးက...

"မင်းက တပည့်ခံချင်တယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"နေပါဦး မင်းက ငါ့ရဲ့တပည့်ခံရအောင် ဘယ်လောက်များ အရည်အချင်းရှိနေလို့လဲ၊ ပြောစမ်းပါဦး"

"ကျွန်တော်ရဲ့အရည်အချင်းက မပြောပလောက်ပါဘူး ခင်ဗျာ"

"မှန်းစမ်း"

အရှုးကြီးရှေ့တိုးပြီး မုယံ့၏ပခုံးကို လက်ငါးချောင်းဖြင့် ဆုပ်ကိုင်လိုက်လေသည်။

မုယံ့ မလှုပ်မယှက် နေလိုက်လေသည်။

အရှုးကြီးက တစ်ချက်ဆုပ်ကိုင်လိုက်ပြီးလျှင် လက်ကို ပြန်လွှတ်ကာ နောက်ဆုတ်လိုက်လေသည်။

တဖန် စိတ်ပျက်သောလေသံဖြင့်...

"မဖြစ်ပါဘူးကွာ"

ဟု ညည်းတွားလိုက်လေသည်။



မုယံ့က....

"ကျွန်တော်က.."

"မင်း မဆိုးပါဘူး၊ ဒါပေမယ့် တကယ့်ထိပ်သီးပညာရပ်တွေကိုသင်ကြားဖို့ မင်းရဲ့အရိုးအဆစ်၊ အကြောအချဉ်တွေနဲ့ မဖြစ်နိုင်လောက်ဘူး"

မုယံ့က...

"ကျွန်တော် အစွမ်းကုန်ကြိုးစားသွားမှာပါဆရာ"

အနူးအညွတ် တောင်းပန်လိုက်လေသည်။

အရှုးကြီးက...

"မင်း သင်ယူလို့ ရနိုင်တဲ့ပညာတွေတော့ ရှိပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ရွှေမိုးမျှော်သိုင်းပညာကိုတော့ ဘယ်နည်းနဲ့မှ ရနိုင်မှာမဟုတ်ဘူးကွ"

"ကျွန်တော်..."

"မင်းက အပင်ပန်းခံပြီး ငါ့ကိုလိုက်ရှာနေတယ်ဆိုတာငါသိပါတယ်၊ ဒါကြောင့် မင်း အချိန်ကုန်လူပန်းမဖြစ်ရလေအောင် သိုင်းတစ်ကွက်တော့ သင်ပေးလိုက်မယ်၊ ကြည့်ထား"

အရှုးကြီး လက်တစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

မုယံ့က အရှုးကြီး၏လက်လှုပ်ရှားပုံကို ဂရုစိုက်ကြည့်ရှုမှတ်သားလိုက်လေသည်။

အရှုးကြီးက...

"သည်သိုင်းတစ်ကွက်ကိုရယင်လည်း မင်းအတွက် မဆိုးပါ

ဘူး၊ မင်း လေ့ကျင့်အောင်မြင်ခဲ့ပြီဆိုယင် ငါ့ကိုလာတွေ့ပေါ့၊ ခုတော့ ပြန်သွားလိုက်ဦး၊ ဟုတ်ပြီလား"

"ဆရာကြီးရဲ့ ကျေးဇူးကြီးလှပါတယ်ခင်ဗျာ၊ ကျွန်တော် သွားပါတော့မယ်"

မုယုံလည်း ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

မုယုံ လျှင်မြန်စွာ ထွက်သွားရာ တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

မုယုံ ထွက်သွားပြီးမှ အရှူးကြီးက ဟုန်ဟောပုန်းအောင်းနေသည့် ချုံပုတ်ကြီးဘက်သို့ မျက်နှာမူကာ...

"မင်း ထွက်မလာသေးဘူးလား"

ဟု ပြောလိုက်လေတော့သည်။

◆ ◆ ◆

လက်ဆောင်

ဟုန်ဟော ချုံပုတ်ကြီးထဲမှ ထွက်လာခဲ့ရလေသည်။

သူ ထွက်မပြေးဖြစ်တော့ပါ။

အရူးကြီးမှာ ကိုးခရိုင်ပြိုင်ဘက်ကင်းမုယုံကဲ့သို့ လူစားမျိုးကပင် လေးစားရသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

သူက သိုင်းပညာလိုချင်သူ ဖြစ်သည်။

ထို့ကြောင့် ထွက်ပြေးမသွားတော့ဘဲ အရူးကြီးရှေ့သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

အရူးကြီး ပြုံးလိုက်သည်။

"ကောင်လေး..မင်းဟာ တကယ့်ကောင်လေးပဲ၊ ငါ့တစ်သက်မှာ မင်းလို အရိုးအဆစ် အကြောအချဉ်ကောင်းတဲ့လူစားမျိုး

သည်တစ်ခါပဲ တွေ့ဖူးသေးတယ်၊ ငါတီထွင်ထားတဲ့ ရွှေမိုးမျှော်ပညာကိုသာ မင်းလေ့ကျင့်တတ်မြောက်သွားမယ်ဆိုယင် သိုင်းလောကမှာ မင်းကို ဘယ်သူမှမီတော့မှာ မဟုတ်ဘူးကွ"

အားတက်သရော ပြောလေသည်။

ဟုန်ဟောက...

"ကျွန်တော်လည်း သိုင်းပညာ သင်ချင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်သည်။

အရူးကြီးက...

"ဒါပေါ့ သင်ယူသင့်တာပေါ့၊ မှန်းစမ်း"

ဟုန်ဟော၏ခန္ဓာကိုယ် အရိုးအဆစ်များ၊ သွေးကြောများကို ထပ်မံစမ်းသပ် စစ်ဆေးကြည့်လိုက်ပြန်လေသည်။

အရူးကြီး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

ဟုန်ဟောကို စမ်းသပ်ယင်း သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

"အံ့ဩစရာကောင်းလိုက်တာ"

ဟုလည်း ညည်းတွားလိုက်လေသည်။

ဟုန်ဟောက...

"ဘာဖြစ်လို့လဲ ဘဘ"

အရူးကြီးက...

"မင်းရဲ့သွေးကြောတွေ ပိတ်ဆို့နေတယ်ကွ"

"ဗျာ"



"မင်းငယ်ငယ်က ထိခိုက်ဒဏ်ရာရခဲ့သေးတယ်ထင်တယ်"

ဟုန်ဟောက..

"ကျွန်တော်လည်း မပြောတတ်ပါဘူး ခင်ဗျာ"

"မင်းက"

"ကျွန်တော်က မိဘမဲ့ပါ၊ ဆွေမျိုးညာတိလည်း မရှိပါဘူး"

သူ၏ဆိုးဝါးလှသော ဘဝအကြောင်းကို ပြောပြလိုက်မိလေတော့သည်။

အရူးကြီး စိတ်မကောင်းဖြစ်သွားလေသည်။

"မင်းအဘက တော်တော်ဆိုးတာပဲ၊ ငယ်စဉ်က ထိခိုက်ဒဏ်ရာရခဲ့တာပဲဖြစ်ဖြစ်၊ မွေးရာပါပဲဖြစ်ဖြစ် သွေးကြောတွေဟာ ပုံမှန်မဟုတ်ဘဲ ပိတ်ဆို့နေတာခက်တယ်၊ အေး သွေးကြောတွေ ပွင့်သွားပြီ ဆိုယင်တော့ မင်း လက်ခမောင်းခတ်လို့ရပြီကွ"

ဟုန်ဟောက အရူးကြီးကို ငေးမောကြည့်နေမိလေသည်။

အရူးကြီးက...

"သွေးကြောတွေ ဘာကြောင့် ပိတ်ဆို့နေရသလဲဆိုတာ ငါထပ်ပြီး စစ်ဆေးကြည့်ဦးမယ်"

"ဟုတ်ကဲ့"

ဟုန်ဟော သဘောတူလိုက်လေသည်။

အရူးကြီးက ဟုန်ဟောအား သေသေချာချာ စစ်ဆေးလိုက်ခြင်းဖြစ်လေသည်။

ဟုန်ဟောကား အရူးကြီး၏လုပ်ရပ်ကို နားမလည်သော်

လည်း သူ့အတွက် အရေးကြီးသည်ဟုကား ရိပ်မိထားလေသည်။

အရှုးကြီးက စိတ်တိုင်းကျ စစ်ဆေးပြီးမှ…

"လက်စသပ်တော့ သည်လိုကိုး"

ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ဟုန်ဟောက…

"ကျွန်တော် ဘာဖြစ်တာလဲဗျာ"

ဟု လွှတ်ခနဲ မေးလိုက်၏။

အရှုးကြီးက…

"မင်း ထိခိုက်မိတာ မဟုတ်ဘူး၊ အဲဒါ မွေးရာပါရောဂါတစ်ခုကွ"

"ဗျာ"

"မင်းရဲ့ ခန္ဓာကိုယ် အရိုးအဆစ်နဲ့ သွေးကြောဖွဲ့စည်းပုံက သူများနဲ့မတူဘဲ တမူထားခြားနေတယ်၊ မွေးရာပါအင်အားတွေက ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေပြီး တစ်စထက်တစ်စ တိုးပွားနေတယ်၊ မင်း အသက်အရွယ်ရလာတာနဲ့အမျှ အဆက်မပြတ် တိုးပွားလာတဲ့ အင်အားတွေကို ထိန်းသိမ်းရခက်ခဲပြီး ဒုက္ခရောက်သွားနိုင်တယ်၊ သဘာဝကပေးတဲ့ ခွန်အားကို သဘာဝကပဲ ပြန်ပြီးထိန်းချုပ်ထားတဲ့သဘောနဲ့ မင်းရဲ့သွေးကြောတွေ ပိတ်ဆို့နေတာပဲ၊ တစ်နေ့တစ်ချိန်ချိန် မင်းက အတွင်းအားတွေကို ထိန်းချုပ်နိုင်လောက်တဲ့ အခြေအနေတစ်ရပ်ကိုရလိုက်ပြီဆိုတာနဲ့ သွေးကြောတွေပွင့်သွားပြီး မှန်းဆမရအောင် စွမ်းပကားကြီးမားတဲ့ အတွင်းအားတွေ ထွက်လာလိမ့်မယ်၊ မင်းက ဉာဏ်စွမ်းရှိရှိနဲ့ အတွင်းအားနဲ့သိုင်းပညာကို ပေါင်းစပ်အသုံးချလိုက်မယ်ဆိုယင် လောကပေါ်မှာ မင်းကိုယှဉ်နိုင်မယ့်လူရှိတော့မှာ မဟုတ်ဘူး"



ဟုန်ဟော မယုံနိုင်အောင် ဖြစ်သွားလေသည်။

"သည်လောက်တောင်ပဲလား ဘာဘ"

"ဒါပေါ့ တစ်နေ့နေ့မှာ ပိတ်ဆို့နေတဲ့ သွေးကြောတွေ ပွင့်သွားနိုင်တဲ့အခြေအနေတစ်ရပ်ရပ်နဲ့ ကြုံတွေ့ရနိုင်တယ်၊ ဒါဆိုယင် မင်းကံကောင်းပြီပေါ့"

ဟုန်ဟောက…

"ဘာဘပြောသလို သွေးကြောတွေ ပိတ်နေတာကိုပွင့်သွားအောင် လုပ်လို့မရဘူးလားဟင်"

အရှုးကြီး ရုတ်တရက် အဖြေမပေးသေးဘဲ အနည်းငယ်စဉ်းစားပြီးမှ…

"မင်းက ပြင်းပြင်းထန်ထန် လှုပ်ရှားမှုတွေ လုပ်မယ်ဆိုယင်တော့ ဘယ်လိုဖြစ်မယ် မဆိုနိုင်ဘူး၊ သည်အတိုင်းတော့ ဘာမှမဖြစ်နိုင်ဘူးကွ၊ အတွင်းအား အသုံးပြုပြီး သွေးကြောတွေဖွင့်ပေးဖို့ဆိုတာလည်း မဖြစ်နိုင်လောက်ဘူး"

"သူ့အလိုလို သွေးကြောပွင့်သွားရမယ် ဆိုတာမျိုးပေါ့နော်"

"အင်း…အဲသည်လို ပြောရတော့မှာပဲ"

ဟုန်ဟောက…

"ဘာဘပြောသလို အခုပဲ ဖြစ်လိုက်ယင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော် သိုင်းပညာသင်ချင်လို့ပါ"

အရူးကြီးက ဟုန်ဟောကို ပြုံး၍ကြည့်လိုက်သည်။

"ရပါတယ်လေ၊ သွေးကြောတွေ မပွင့်သေးလည်း သိုင်းလေ့ကျင့်ထားလို့ ဖြစ်တာပဲ၊ မင်း ကြိုတင်လေ့ကျင့်ထားတာ မမှားဘူး၊ တစ်နေ့ သွေးကြောပွင့်သွားခဲ့ယင် မင်းအတွက် အဆင်သင့်ဖြစ်နေမှာပေ့ါ"

ဟုန်ဟောက...

"ဘဘ ကျွန်တော့်ကို သိုင်းသင်ပေးပါလားဟင်"

ဟု တောင်းပန်လိုက်လေသည်။

အရူးကြီးက...

"သင်ပေးမယ်၊ ဒါပေမယ့် ငါကိုယ်တိုင်တော့ မဟုတ်ဘူး"

သူ၏အင်္ကျီရင်ဘတ်ကြားထဲ၌ သိမ်းဆည်းထားသော စာအုပ်လေးတစ်အုပ်ကို ထုတ်ယူလိုက်လေသည်။

စာအုပ်လေးကို ဟုန်ဟောအား ပေးလိုက်သည်။

"ဒါ ငါ့ရဲ့ ရွှေမိုးမျှော်သိုင်းကွက်တွေကို ရေးမှတ်ထားတဲ့စာအုပ်ပေ့ါ၊ သည်စာအုပ်ထဲက သိုင်းကွက်တွေကို မင်းလေ့လာပေ့ါ"

ဟုန်ဟောက ဝမ်းသာအားရ လက်ခံယူလိုက်လေသည်။

အရူးကြီးက...

"ငါကိုယ်တိုင်ကိုယ်ကျ မင်းကို သင်မပေးနိုင်တာ စိတ်မကောင်းပါဘူးကွာ၊ ငါ့မှာ အချိန်မရဘူးကွ၊ ငါက လူတစ်ယောက်ကို



လိုက်ရှာနေတာ၊ သည်လူကို ဆုံးမနိုင်မှ လူတွေဒုက္ခဘေးက ကင်းဝေးကြမှာ၊ ဒါမှမဟုတ်ယင်တော့.."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

သူ၏မျက်လုံးများ ရီဝေသွား၏။

မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်လာလေသည်။

"သည်စာအုပ်လေးကို မင်းသေသေချာချာ သိမ်းထား၊ ဂရုစိုက်လေ့ကျင့်၊ ငါမှာတာတွေ ဘယ်တော့မှမမေ့နဲ့၊ ငါ သည်မှာ ကြာကြာအချိန်ဖြုန်းနေလို့ မရတော့ဘူး၊ ဟိုအရူးကြီး 'အဆိပ်ဖားပြုပ်' တို့ ဆရာတပည့်ကို လိုက်ရှာရဦးမယ်၊ ကဲ ငါသွားတော့မယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ပြေးလွှားသွားလေတော့သည်။

ဟုန်ဟော ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘဘ...ဘဘ"

အော်ခေါ်လိုက်သော်လည်း အရူးကြီးက လှည့်မကြည့်တော့ချေ။

တောင်ကုန်းလေးပေါ်မှ ပြေးဆင်းသွားပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆

## အားမာန်

ရွှေမိုးမျှော်သိုင်းသမားပါပုတုံးဆိုသည့် အရူးကြီးသည် ထူးဆန်းစွာ ရောက်ရှိလာပြီး ထူးဆန်းစွာ ပြန်လည်ပျောက်ကွယ်သွားလေသည်။

နောက်ပိုင်း၌ အရူးကြီး၏ အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။

ဟုန်ပောမှာ အရူးကြီးကို ဘယ်တော့မှ မမေ့နိုင်တော့ပါ။

အရူးကြီးပေးခဲ့သော စာအုပ်ကလေးကို ကိုယ်နှင့်မကွာ ဆောင်ထားလိုက်သည်။

အချိန်ရှိသရွေ့ ဖတ်ရှုလေ့လာခဲ့လေသည်။

စာအုပ်လေးထဲ၌ လူရုပ်ပုံများ ရေးဆွဲထားသည်။

သိုင်းဟန် လှုပ်ရှားမှုကို သရုပ်ဖော်ထားသည့် ရုပ်ပုံများ ဖြစ်လေသည်။



ဟုန်ပောဏ်လက်ထဲမှ စာအုပ်လေးသည် ခေါက်ရိုးကျိုးကြေသွားသည်။

ဖတ်ပါများလွန်း၍ ခေါက်ရိုးကျိုးကြေသွားခြင်း ဖြစ်သည်။

သိုင်းရုပ်ပုံများကိုလည်း ဟုန်ပော အလွတ်ရသွား၏။

နေ့စဉ်နေ့တိုင်း မြက်ခင်းပြင်သို့ သွားကာ လေ့ကျင့်နေလိုက်လေတော့သည်။

သို့ဖြင့်...

ဟုန်ပောသည် ပန်းသည်မလေးလင်ကျင်းနှင့် ထပ်မံဆုံဆည်းစရာအကြောင်း ပေါ်ပေါက်လာလေတော့သည်။

◆ ◆ ◆

ဟုန်ပောက သိုင်းလေ့ကျင့်ပြီး မောပန်းသဖြင့် အနားယူလိုက်လေသည်။

ထိုအချိန်တွင် မလှမ်းမကမ်း တစ်နေရာမှ ငိုကြွေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဟုန်ပော အံ့သြသွားသည်။

"ဘယ်သူက လာငိုနေတာပါလိမ့်"

ငိုသံ ထွက်ပေါ်လာရာဘက်သို့ လှမ်းသွားလိုက်လေသည်။

မြက်ခင်းကို ကျော်ဖြတ်ပြီးလျှင် အလေ့ကျပေါက်နေသော တောပန်းရုံများဘက်သို့ ရောက်သွား၏။

တောပန်းများသည် ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံရှိကာ ငွားငွား စွင့်စွင့် ဖူးပွင့်နေလေသည်။

တောပန်းများကို ခူးယူကာ ရောင်စုံသီကုံးပြီး မြင်းလှည်းများ၌ ချိတ်ဆွဲအလှဆင်ကြသည်ကို ဟုန်ဟော တွေ့ဖူးသည်။

ယခု…

ငိုသံက ပန်းရုံများကြားမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ငိုသံနှင့်အတူ…

"ခွေးမလေး ကြောင်မလေး"

"ပန်းသည်မလေးရဲ့ ပန်းတွေကလည်း ကြွေမွနေတာပါပဲလား"

"ဟား…ဟား…ဟား"

ရယ်မောလှောင်ပြောင်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဟုန်ဟော ထိတ်လန့်သွားသည်။

"ဟိုကောင်လေးတွေပဲ"

မြို့ထဲ၌ အလွန်အဆော့သန် အကျိုးစားသန်သော ကောင်လေးများ၏အသံ ဖြစ်ကြောင်း မှတ်မိလိုက်သည်။

ထိုကောင်လေးများက သူ့အား မိဘမဲ့ ကလေကချေလေး အဖြစ် ကဲ့ရဲ့နှိမ့်ချပြီး အနိုင်ကျင့်လေ့ ရှိသဖြင့် ဟုန်ဟောက သူတို့နှင့် ဝေးဝေးရှောင်ခဲ့လေသည်။



"ဘယ်သူ့ကို ဒုက္ခပေးနေပြန်ပြီလဲ မသိဘူး"

ကောင်လေးများက မည်သူ့အား ဒုက္ခပေးနေကြသနည်း ဟု သိလိုလာသဖြင့် ရှေ့တိုးလိုက်ရာ ပန်းရုံများကြားသို့ ရောက်သွားပြီး ကောင်ဆိုးလေးများအား ဘွားခနဲ တွေ့လိုက်ရလေတော့သည်။

"ဟာ"

ဟုန်ဟော နောက်ဆုတ်ဖို့ ကြိုးစားလိုက်သော်လည်း မမီတော့ပါ။

ကောင်ဆိုးလေးများက သူ့အား တွေ့သွားကြတော့သည်။

"ဘုံကျောင်းက ခွေးကလေးပါလား"

"မင်း ဘာလာကြည့်တာလဲကွ"

"ဘာလဲ ငါတို့နဲ့ နပန်းလုံးချင်လို့လား"

တစ်ယောက်တစ်ခွန်း မေးလိုက်ကြလေသည်။

ဟုန်ဟော ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးကွာ"

ကောင်ဆိုးလေးများ အလယ်တွင် မြေပေါ် ခြေဆင်းထိုင်ကာ ငိုကြွေးနေသော မိန်းကလေးတစ်ယောက် ရှိနေ၏။

ပန်းသည်မလေး'လင်ကျင်း' ဖြစ်လေသည်။

ဟုန်ဟောသည် လင်ကျင်းကို မြင်လျှင် ကောင်ဆိုးလေးများကိုပင် မေ့သွားတော့သည်။

ငိုကြွေးနေသော လင်ကျင်းကို ကြည့်ပြီး ဂရုဏာ သက်သွားသည် မဟုတ်ပါလား။

"ညီမလေး"

လင်ကျင်းထံသို့ ပြေးသွားပြီး ဖေးမလိုက်လေသည်။

လင်ကျင်း၏ခြေရင်း၌ ကြွေမွနေသော ပန်းပွင့်လေးများ ရှိနေသည်။

သူမသည် မြင်းလှည်း၌ အလှဆင်သော ပန်းကုံးလေးများ လုပ်ကာ ရောင်းချရန် တောပန်းလေးများ လာခူးခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ကောင်ဆိုးလေးများနှင့် တွေ့ရလေသောကြောင့် သူမ ဒုက္ခရောက်ရခြင်း ဖြစ်သည်။

ကောင်ဆိုးလေးများက လင်ကျင်း ခူးထားသော ပန်းက လေးများကို နင်းခြေဖျက်ဆီးလိုက်ကြပြီ မဟုတ်ပါလား။

ဟုန်ဟောက...

"ညီမလေး လာ တို့သွားကြမယ်"

လင်ကျင်း၏လက်ကို ဆွဲကာ ဖေးမခေါ်သွားရန် ဟန်ပြင် လိုက်လေသည်။ လင်ကျင်းက မျက်ရည်သုတ်လိုက်၏။

ဟုန်ဟော ရောက်လာခြင်းကြောင့် အားတက်သွားပုံရလေ သည်။

"သူတို့က ကျွန်မရဲ့ပန်းတွေကို"

"သူတို့ဟာ ကောင်ဆိုးလေးတွေပဲ"

ဟုန်ဟော၏စကားကြောင့် ကောင်ဆိုးလေးများ လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေသည်။



"ဘာကွ ဘာပြောတယ်"

"ငါတို့ကိုများ ကောင်ဆိုးလေးတွေတဲ့ သေချင်ပြီ ထင်တယ်"

"သည်ကောင့်ကို ထိုးကြိတ်ထားတာ မမှတ်သေးဘူး ထင် တယ်"

"သည်တစ်ခါတော့ ခပ်နာနာဆုံးမရမယ် ထင်တယ်"

ကောင်ဆိုးလေးများ ဒေါသတကြီး ရှေ့တိုးလာကြ၏။

ဟုန်ဟော အံကြိတ်လိုက်သည်။

"ငါက ရွှေမိုးမျှော်သိုင်းကို လေ့ကျင့်နေတာကွ၊ မင်းတို့ကို မကြောက်သေးဘူး"

ဟု ပြန်အော်ပြောလိုက်လေသည်။

ကောင်ဆိုးလေးများ အချင်းချင်း ကြည့်လိုက်ကြ၏။

"ရွှေမိုးမျှော်သိုင်း ဟုတ်လား"

"သည်ကောင်က သိုင်းပညာအကြောင်း ပြောနေပါလား"

"မင်းက သိုင်းတတ်တယ်ပေါ့"

"သည်ကောင် သိုင်းဘယ်လောက် ကောင်းသလဲ ကြည့်ရ အောင် ချကွာ"

"အေး ခပ်နာနာသာချ"

သူတို့၏အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။ ထို့နောက် ဟုန်ဟောကို ဝိုင်းဝန်းထိုးကျိတ်လိုက်ကြလေ တော့သည်။

◆ ◆ ◆

ကောင်ဆိုးလေးများ ထွက်သွားကြပြီ ဖြစ်လေသည်။
ဟုန်ဟော မြေပေါ်မှ လူးလိမ့်ထလိုက်၏။
သူ၏မျက်နှာတစ်ခုလုံး အညိုအမည်းစွဲကာ ဖူးရောင်နေလေတော့သည်။
နှုတ်ခမ်းများလည်း ပေါက်ပြဲကာ သွေးများ စီးကျနေ၏။
ကောင်ဆိုးလေးများ လက်သံပြောင်လှသည်။
ဟုန်ဟော သေလုမျောပါး ခံလိုက်ရခြင်း ဖြစ်လေသည်။
လင်ကျင်းလည်း ငိုမဲ့မဲ့လေး ဖြစ်နေသည်။
ဟုန်ဟော၏နဖူးပြင်ကို လက်ကလေးဖြင့် စမ်းလိုက်သည်။
"တော်တော်နာနေမှာပဲ၊ သိပ်ဆိုးတဲ့ကောင်တွေ"
ကောင်ဆိုးလေးများအား ကျိန်ဆဲလိုက်လေသည်။
ဟုန်ဟောမှာ အသားနာနေသဖြင့် ဒေါသထွက်နေ၏။
လင်ကျင်း၏လက်ကို တွန်းဖယ်လိုက်လေသည်။
"ဖယ်စမ်း၊ ငါ့ကို မကိုင်နဲ့"
သူ၏အော်ငေါက်သံကြောင့် လင်ကျင်း နောက်ဆုတ်လိုက်လေသည်။
ဟုန်ဟောက...
"နင့်ကြောင့် ငါအထိုးခံရတာ"
"ကျွန်..ကျွန်မ.."
"တိတ်စမ်း၊ စကားမရှည်နဲ့"
လင်ကျင်း ခေါင်းငုံ့ထားလိုက်လေသည်။



ဟုန်ဟောက...
"တော်ပြီ၊ နင့်ကို ငါ မကြည့်ချင်တော့ဘူး၊ နင်နဲ့ ဝေးဝေးနေတော့မယ်"
အားယူကာ ထရပ်လိုက်ပြီး လင်ကျင်းကို ကျောခိုင်းထွက်သွားတော့သည်။
"ငါ..ငါ လိုက်ပို့ပေးပါ့မယ်"
လင်ကျင်း မဝံ့မရဲ ပြောယင်း နောက်က လိုက်လာ၏။
ဟုန်ဟော အော်လိုက်သည်။
"နေခဲ့၊ ငါ့နောက်လိုက်မလာနဲ့"
လင်ကျင်း မလိုက်ဝံ့တော့ပါ။
ငိုမဲ့မဲ့လေးဖြင့် ငေးကြည့်ယင်း နေရစ်ခဲ့ရှာလေတော့သည်။

◆ ◆ ◆

## ဆင့်ခေါ်ခြင်း

ဟုန်ဟော၏စကားဆုံးသွားပြီ ဖြစ်သည်။

တီပါချင်း သက်ပြင်းချလိုက်သည်။

"ဟိုပန်းသည်မလေးက လင်ကျင်း ဟုတ်လား"

ဟုန်ဟော ခေါင်းညိတ်လိုက်သည်။

"ဟိုတစ်ခါ တွေ့ကတည်းက သူ ဖြစ်မယ် ထင်မိတာ၊ ခု
တစ်ခါတော့ သေချာသွားပြီကွ"

တီပါချင်းက...

"ဒါကြောင့် သူက သဘောကောင်းနေတာကိုး၊ အင်း
မင်းက သူ့ကို ရုတ်တရက် မမှတ်မိပေမယ့် သူကတော့ မင်းကို
တွေ့တာနဲ့ မှတ်မိလိုက်ပုံရတယ်"

"အေး သူ့ကို ကြည့်ရတာ ခုထိ ပန်းရောင်းနေတုန်းပဲ ထင်
တယ်"



တီပါချင်းက ဟုန်ဟောအား စိုက်ကြည့်လိုက်သည်။

"ဟုန်ဟော၊ မင်း သူ့ကို စိတ်ဝင်စားနေပြီလားကွ"

"ဟေ"

ဟုန်ဟော မျက်လုံးပြူးသွားလေသည်။

တီပါချင်းက...

"မင်းကို ကြည့်ရတာ လင်ကျင်းကို စိတ်ဝင်စားသလို ရှိနေ
တာပဲ"

"ဟာ မဟုတ်တာကွာ"

ဟုန်ဟော ငြင်းလိုက်လေသည်။

"ငါက ဘာကြောင့် သူ့ကို စိတ်ဝင်စားရမှာလဲ၊ ငါစိတ်ဝင်
စားတာ သိုင်းပညာကွ"

တီပါချင်း နှာခေါင်းရှုံ့လိုက်သည်။

"တစ်နေ့တစ်နေ့ လေ့ကျင့်လိုက်ရတဲ့ သိုင်းပညာ၊ ပြီးတော့
ဘာမှလည်း ဟုတ်တာ မဟုတ်ဘူး"

ဟုန်ဟောက...

"ငါ့ကို အထင်မသေးစမ်းပါနဲ့ကွာ၊ တစ်နေ့ကျယင် ငါဟာ
ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားကြီးတစ်ယောက် ဖြစ်လာမှာ၊ မင်း
မယုံဘူးလား"

တီပါချင်းက...

"မင်းပြောတဲ့ တစ်နေ့ဟာ ဘယ်နေ့လဲဆိုတာ ငါသိချင်သေး
တယ်"

"တော်စမ်းပါကွာ"

ဟုန်ဟော မကျေမနပ် ဖြစ်သွားလေသည်။

"မင်းအထင်မကြီးပေမယ့် ငါလေ့ကျင့်နေတဲ့ ပညာဟာ ပြိုင်ဘက်ကင်းတဲ့ ပညာဆိုတာ ငါယုံကြည်ထားတယ်၊ တစ်နေ့ ကျိန်းသေအောင်မြင်ရမှာ"

တီပါချင်းသည် ဟုန်ဟောကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေလေတော့သည်။ ဟုန်ဟော ရှုံ့သွပ်သွားပြီ ထင်မိသည်။

"အေး မင်းက သိုင်းလေ့ကျင့်ပြီး နေရစ်ခဲ့ပေတော့၊ ငါတော့ ခေါက်ဆွဲဖိုးရအောင် လိုက်ရှာလိုက်ဦးမယ်"

ဟု ပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

သူတို့ထံသို့ ဦးတည်လှမ်းလာနေသည့် လူတစ်စုကို တွေ့မြင်လိုက်ရလေတော့သည်။

◆ ◆ ◆

တီပါချင်း ထွက်မသွားဖြစ်တော့ပါ။

ဟုန်ဟော နံဘေး၌ ပြန်လည်ထိုင်ချလိုက်လေသည်။

ဟုန်ဟောက လှမ်းလာနေကြသူများကို ကြည့်လိုက်သည်။

ထိုလူများကား ရဲဒင်းဂိုဏ်းမှ လူဆိုးလူမိုက်များ ဖြစ်လေသည်။



ခေါင်းဆောင်လာသူမှာ ကျောက်ပါ ဖြစ်သည်။

ကျောက်ပါက...

"ဟုန်ဟော၊ မင်းတို့ကို ဂိုဏ်းချုပ်ကြီးက တွေ့ချင်နေတယ် ကွ"

ဟုန်ဟော ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ကို ရဲဒင်းဂိုဏ်းသားအဖြစ် လက်ခံတော့မှာလားဗျာ"

ကျောက်ပါက...

"အေး ဂိုဏ်းချုပ်ကြီးခိုင်းတာကို အောင်မြင်အောင် မင်း လုပ်နိုင်မယ်ဆိုယင် ဂိုဏ်းထဲဝင်ခွင့်ပြုမှာ သေချာတယ်"

ဟုန်ဟောက...

"ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ဂိုဏ်းချုပ်ကြီး ပြောလိမ့်မယ်၊ မင်းလိုက်ခဲ့ရမယ်"

"ကောင်းပါပြီဗျာ"

ဟုန်ဟော သဘောတူလိုက်သည်။

တီပါချင်းကို ပြောလိုက်သည်။

"တို့လိုက်သွားကြမယ်"

ယခင်ကဆိုလျှင် ရဲဒင်းဂိုဏ်းထဲ ဝင်လိုလှသည့် တီပါချင်းမှာ ယခုတော့ စိတ်မပါတပါ ဖြစ်နေပုံ ရှိလေသည်။

သို့သော်...

ဟုန်ဟောက ခေါ်နေသည် ဖြစ်ရာ မငြင်းသာတော့ဘဲ...

"ကောင်းပြီလေ သွားကြတာပေါ့"

ပြောယင်း ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် နှစ်ယောက်သား ကျောက်မါတို့ နောက်သို့ လိုက်သွားကြလေတော့သည်။

◆ ◆ ◆

ရဲဒင်းဂိုဏ်း...

ဟုန်ဟောနှင့် တီပါချင်းတို့သည် ရဲဒင်းဂိုဏ်းသို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

ဂိုဏ်းချုပ်ချန်းမင်းက သူတို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ဟုန်ဟော၊ မင်းက သော့ဝိဇ္ဇာတစ်ယောက် မဟုတ်လား"

ဟုန်ဟောက...

"ဟုတ်ပါတယ်"

"သော့ဝိဇ္ဇာဆိုတော့ ဘယ်လိုသော့မျိုးကိုမဆို ဖွင့်နိုင်တာပေါ့ ဟုတ်လား"

ဟုန်ဟော ရင်ကော့လိုက်သည်။

"ဟုန်ဟော မဖွင့်နိုင်တဲ့သော့ဆိုတာ မရှိပါဘူးဗျာ"

ဂိုဏ်းချုပ်ချန်းမင်း သဘောကျသွားလေသည်။

"မင်းက အထူးပြုလုပ်ထားတဲ့ သော့ခလောက် ခုနစ်ခုကို



ဖွင့်နိုင်ပါ့မလား"

ဟုန်ဟော ပြုံးလိုက်သည်။

"ဘယ်လိုသော့မျိုးကိုမဆို ဖွင့်နိုင်တယ်လို့ ကျွန်တော်ပြောပြီးပါပြီ"

ဂိုဏ်းချုပ်ချန်းမင်းက...

"ကောင်းပြီ၊ သော့ခုနစ်ခုကို မင်းဖွင့်နိုင်တယ်ဆိုရင် မင်းကို ငွေခုနစ်ထောင်ပေးမယ်"

"ဟာ"

ဟုန်ဟော မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဂိုဏ်းချုပ်ကြီး တကယ် ပြောတာလား"

"တကယ်ပေါ့"

"စိတ်ချ၊ သော့ခုနစ်လုံးကို ပေးပါ၊ ကျွန်တော်ဖွင့်ပြမယ်"

ဂိုဏ်းချုပ်ချန်းမင်း ခေါင်းခါယမ်းလိုက်သည်။

"သည်မှာ မရှိဘူးကွ"

"ဒါဆိုရင်.."

"သော့တွေ ရှိတဲ့နေရာကို မင်းသွားရမှာ"

ဟုန်ဟောက...

"ကျွန်တော် ဘယ်ကို သွားရမှာလဲ"

ဂိုဏ်းချုပ်ချန်းမင်းက...

"ချန်အန်းအရှုးထောင်"

"ဗျာ"

ကြားလိုက်ရသော စကားကြောင့် ဟုန်ပော ပါးစပ် အဟောင်းသား ဖြစ်သွားလေတော့သည်။

ဂိုဏ်းချုပ်ချန်မင်းက…

"လူတစ်ယောက်ဟာ အရှုးတောင်ထဲမှာ ကိုယ့်သဘောနဲ့ ကိုယ် ဝင်နေတယ်၊ ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် ဆိုပြီး သူ့ အခန်းကို တံခါးတွေ ပိတ်ထားတယ်၊ သူ့အခန်းကို သွားတဲ့ လမ်း တစ်လျှောက်က တံခါးခုနစ်ချက်ကို သော့ခုနစ်လုံးနဲ့ သူ့ဘာသာ ပိတ် ထားတယ်"

ဟုန်ပောနှင့် တီပါချင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေ သည်။

ဂိုဏ်းချုပ်ချန်းမင်းက ဆက်ပြောလိုက်သည်။

"တံခါးခုနစ်ချက် သော့ခုနစ်လုံးကို ဖွင့်ပြီး ရောက်အောင် လာနိုင်တဲ့ လူကိုမှ သူလက်ခံတွေ့ဆုံလိမ့်မယ်"

ဟုန်ပောက…

"ကျွန်တော်က သူ့ကို သွားတွေ့ရမှာလား"

"ဟုတ်တယ်၊ သူ့ကို ပေးဖို့ စာတစ်စောင်ပါ မင်းယူသွားရ လိမ့်မယ်"

"လက်စသတ်တော့ ကျွန်တော့်ကို စာသွားဖို့ ခိုင်းတာကိုး"

"အေး မင်းလုပ်နိုင်တယ် မဟုတ်လား"

အလွန်ရှုပ်ထွေးသော ကိစ္စတစ်ခု ဖြစ်သော်လည်း လက်ခံ ရန် ဟုန်ပော ဆုံးဖြတ်လိုက်လေသည်။



သို့မှသာ ရဲဒင်းဂိုဏ်းက သူတို့အား လက်ခံလိမ့်မည် မဟုတ် ပါလား။

ဂိုဏ်းချုပ်ချန်းမင်းက…

"မင်းတစ်ယောက်ထဲ သွားရမယ်၊ အမြန်ဆုံးသွားရမယ်" ဟု ပြောလိုက်လေသည်။

◆ ◆ ◆

ဟုန်ပော ဝမ်းသာနေ၏။

ရဲဒင်းဂိုဏ်းထဲသို့ ဝင်ရန် အခွင့်အရေး ပေါ်ပေါက်လာပြီ မဟုတ်ပါလား။

"တီပါချင်း၊ ငါတို့တော့ ကံကောင်းတာပဲကွ"

တီပါချင်းက…

"ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေတာကိုများ မင်းက ကံကောင်းတယ်လို့ ထင်နေသေးသလား"

"ဘာကွ"

ဟုန်ပော မျက်မှောင်ကုပ်သွားသည်။

တီပါချင်းကို စိုက်ကြည့်လိုက်သည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

တီပါချင်းက…

"ခုထိတောင် အခြေအနေကို မင်းနားမလည်သေးဘူးလား"

"ဘာအခြေအနေလဲ ပြောစမ်းပါဦး"

"ခြသေ့်ခြံဝင်းနဲ့ တွေ့တော့ မင်းရဲ့ ရဲဒင်းဂိုဏ်း နလံမထူတော့ဘူး မဟုတ်လား"

"ဒါက.."

"ခြသေ့်ခြံဝင်းက ဆုံးမလိုက်တာ ရဲဒင်းဂိုဏ်း ခွေးပြေးဝက်ပြေး ပြေးရတာပဲ မဟုတ်လား"

ဟုန်ဟော မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

တီပါချင်းက...

"သူတို့က ခြသေ့်ခြံဝင်းကို မနိုင်လို့ အကူအညီ ရှာနေတယ်ဆိုတာ မင်း မတွေးမိဘူးလား"

ဟုန်ဟောက...

"သူတို့ အကူအညီ ရှာတာက အရှေ့ထောင်ကို သွားခိုင်းတာလား"

တီပါချင်းက...

"အရင်တုန်းကတော့ ရဲဒင်းဂိုဏ်းကို ငါအထင်ကြီးတယ်၊ အခု အထင်မကြီးတော့ဘူး၊ သူတို့အားလုံး မကြာခင် သည်နယ်က ထွက်ပြေးကြရတော့မှာကွ"

ဟုန်ဟော ခေါင်းကုတ်လိုက်သည်။

"ဒါဖြင့် ငါ ဘာလုပ်ရမလဲ"

"မင်းက ချန်အန်းအရှေ့ထောင်ကို သွားပေါ့"

ဟုန်ဟော ခေါင်းညိတ်လိုက်သည်။



"အေး သွားမယ်"

ဟုန်ဟော၏စကားကြောင့် တီပါချင်း ဒေါသထွက်သွားလေတော့သည်။

◆ ◆ ◆

လင်ကျင်းက ငွေစများကို ရေတွက်နေသည်။

ငွေက သိပ်မများပါ။

သို့သော် သူမ မကြာခဏ မှားနေသဖြင့် ပြန်ပြန်ပြီး ရေတွက်နေရလေသည်။

သူမ၏အာရုံက တခြားတစ်နေရာသို့ ရောက်နေသည် မဟုတ်ပါလား။

သူမသည် ဟုန်ဟော အကြောင်းကို စဉ်းစားနေမိခြင်း ဖြစ်လေသည်။

ငယ်စဉ်က သူမအား ကောင်ဆိုးလေးများက အနိုင်ကျင့်ခဲ့သောအခါ ဟုန်ဟော ဝင်ကူညီခဲ့သည်။

သူတို့နှစ်ယောက် အဒေါ်ကြီးစူးကျက်၏အိမ်၌ စတင်တွေ့ဆုံမိခဲ့ကြခြင်း ဖြစ်သည်။

အဘယ်ကြောင့် မပြောတတ်ပါ။

ထိုအချိန်ကတည်းက ဟုန်ဟောအား ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာခဲ့လေသည်။

ကောင်ဆိုးလေးများ နှောင့်ယှက်၍ ဟုန်ဟော ဝင်ကူညီခဲ့သောအခါ အလွန်ပင် ကျေးဇူးတင်ခဲ့မိလေသည်။

သူမသည် မိခင်အိုကြီးနှင့်အတူ ပန်းရောင်းပြီး ဝမ်းစာရှာနေခဲ့ရသည်။

သူမ၏ဘဝ ဆင်းရဲချို့တဲ့ပြီး ခေါ်ပြောဆက်ဆံလိုသူ နည်းပါးခဲ့ပေသည်။

သူမတွင် ညီအစ်ကို မောင်နှမ မရှိပါ။

ဆွေမျိုးသားချင်းလည်း မရှိပါ။

ခင်မင်ရင်းနှီးသည့် မိတ်ဆွေသူငယ်ချင်းလည်း မရှိသဖြင့် ဟုန်ဟောနှင့် ပတ်သက်ရသောအခါ သံယောဇဉ် ဖြစ်ခဲ့မိလေတော့သည်။

ငယ်စဉ်က သံယောဇဉ်သည် ကြီးပြင်းလာသည့်တိုင်အောင် အမြစ်တွယ်နေခဲ့ပါတော့သည်။

“သူ့ကို ပြန်တွေ့ရမယ်လို့ ငါမမျှော်လင့်ခဲ့ဘူး၊ ငါ့ကိုမှ မှတ်မိပါ့မလား”

သူမသည် လမ်းကြားလေးထဲမှ အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်လာပြန်လေသည်။

ဟုန်ဟောက သူမကို ခြိမ်းခြောက်ငွေတောင်းခဲ့သည်။

ရုတ်တရက်မို့ သူမ ထိတ်လန့်သွားသော်လည်း ဟုန်ဟောမှန်း သိလိုက်ရသောအခါ ကြည်ကြည်ဖြူဖြူပင် ငွေထုတ်ပေးခဲ့လေသည်။



သူတို့ချင်း လူချင်းကွဲသွားသည်မှာ နှစ်အတန် ကြာခဲ့ပြီ ဖြစ်သည်။

နှစ်ဦးစလုံး အရွယ်ရောက်ကြီးပြင်းလာခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ...

ငယ်စဉ်က ထားရှိခဲ့သော သံယောဇဉ်ကြောင့် ဟုန်ဟောကို တွေ့လိုက်ရသည်နှင့် ချက်ချင်း မှတ်မိလိုက်လေသည်။

ဟုန်ဟောကလည်း သူမအား မှတ်မိလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဟုန်ဟော ရှက်ကိုးရှက်ကန်းဖြင့် ထွက်ပြေးသွားသည် မဟုတ်ပါလား။

လင်ကျင်း တွေးရင်း မျက်နှာတစ်ခုလုံး ပြုံးယောင်သမ်းလာလေသည်။

“သူ့မှာ အခက်အခဲ ရှိနေပုံရတယ်၊ ငါကူညီရလိမ့်မယ်”

သူမ ငွေစများ ရေတွက်နေသည်မှာ ဟုန်ဟောအတွက် ဖြစ်လေသည်။

◆ ◆ ◆

## ချန်အန်းအရှးထောင်

ချန်အန်းမြို့…။

အလွန်စည်ကားသိုက်မြိုက်သော မြို့တော်ကြီး ဖြစ်ပါသည်။

ချန်အန်းမြို့တွင် နာမည်ကျော် စားသောက်ဆိုင်ကြီးများ၊ တည်းခိုခန်းများ၊ ဈေးများ၊ ဘုံကျောင်း၊ ပန်းခြံနှင့် ရေကန်များ ရှိလေသည်။

ထို့အတူ…

'ချန်အန်းအရှးထောင်'သည်လည်း လူသိများ ထင်ရှားသော နေရာတစ်ခု ဖြစ်လေသည်။

ချန်အန်းအရှးထောင်…

အလွန်ချမ်းသာကြွယ်ဝသည့် သူကြွယ်ကြီးတစ်ဦးသည်



အသက်ကြီးရင့်လာသောအခါ ကျန်းမာရေးကြောင့် စိတ်ဖောက်ပြန်ပြီး ရူးသွပ်သွားခဲ့လေသည်။

သူကြွယ်ကြီး၏ဇနီး၊ သားသမီးများသည် အဆောက်အဦးကြီးတစ်ခု ဆောက်လုပ်ကာ လိုလေသေးမရှိ စောင့်ရှောက်ထားခဲ့ကြလေသည်။

သူကြွယ်ကြီး ကွယ်လွန်သွားသောအခါ ကျန်ရစ်သူများက ထိုအဆောက်အဦးကြီးကို တံခါးပိတ်ထားလိုက်ကြတော့သည်။

ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည့် သူတော်စင်ကြီးတပါးက ထိုသတင်းကို ကြားသိရသောအခါ သူကြွယ်ကြီး၏ဇနီး၊ သားသမီးများထံ သွားရောက်ကာ အဆောက်အဦးကြီးကို အလှူခံလေသည်။

စိတ်ဖောက်ပြန်ကာ ရူးသွပ်နေသူများအား ပြုစုစောင့်ရှောက်သည့် ဂေဟာဖွင့်လှစ်ရန် ရည်ရွယ်ထားခြင်း ဖြစ်လေသည်။

သူကြွယ်၏ဇနီးသည် သူတော်စင်ကြီး၏ ရည်ရွယ်ချက်ကို သဘောကျကာ အဆောက်အဦးကြီးအား လှူဒါန်းလိုက်သည့်အပြင် ဝေဒနာရှင်များအတွက် အသုံးပြုနိုင်ရန် လှုံငွေသိန်းပေါင်းများစွာကို ပံ့ပိုးပေးခဲ့လေသည်။

သူတော်စင်ကြီးသည် အဆောက်အဦးကြီးကို အဆောင်ဆောင် အခန်းခန်း ဖွဲ့စည်းကာ အနယ်နယ် အရပ်ရပ်မှ ဝေဒနာရှင်များကို လက်ခံပြီး ဆေးဝါးကုသပေးသည်။ ကျွေးမွေးပြုစုစောင့်ရှောက်ထားခဲ့လေသည်။

အလွန်မွန်မြတ်သော စေတနာ့ဝန်ထမ်းလုပ်ငန်း ဖြစ်ရကား သဒ္ဓါတရားထက်သန်သူများကလည်း ပါဝင်လှူဒါန်းကြသဖြင့် တစ်နေ့တခြား ပို၍ တိုးတက်လာခဲ့ပြီး အဆောက်အဦးများကို ထပ်မံတိုးချဲ့ ဆောက်လုပ်လာနိုင်သကဲ့သို့ အလုပ်အကျွေး ပြုစုမည့် အလုပ်သမားတစ်ရာကျော် ငှားရမ်းထားနိုင်ခဲ့လေသည်။

ချမ်းအန်း စိတ်ဝေဒနာဂေဟာ ထွန်းကားတိုးတက်လာချိန်တွင် အလွန်ထူးဆန်းသူတစ်ယောက် ရောက်ရှိလာခဲ့လေသည်။

◆ ◆ ◆

တစ်နေ့...

အများက အရူးထောင်ဟု လွယ်လင့်တကူ ခေါ်ကြသည့် ချမ်းအန်းစိတ်ဝေဒနာရှင်ဂေဟာသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသည်။

ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ထိပ်ပြောင်ပြီး အနည်းအကျဉ်းသာရှိသော ဆံပင်များက ဖြူဖွေးနေသည်။

မျက်လုံးပြူးပြူး ပါးဖောင်းဖောင်း ကလေး လူကြီး ရုပ်သွင်ရှိသူ ဖြစ်လေသည်။

ထိုလူကြီးက ဂေဟာထဲ ဝင်လာပြီး ဟိုဟိုသည်သည် ကြည့်လိုက်သည်။



အလုပ်သမားတစ်ယောက်က...

"ဦးလေး ကျွန်တော် ဘာများကူညီရမလဲ အမိန့်ရှိပါခင်ဗျာ"

ဟု ယဉ်ကျေးသိမ်မွေ့စွာ မေးလာလေသည်။

ထိုလူကြီးက...

"ဒါ ချမ်းအန်းအရူးထောင်လား"

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး၊ သည်နေရာမှာ စိတ်ဖောက်ပြန်နေတဲ့ လူတွေကိုတောင် စိတ်ချမ်းသာအောင် ထားနိုင်တယ်၊ ဘာမှ လိုလေသေးမရှိ ကျွေးမွေးပြုစုစောင့်ရှောက်ထားနိုင်တယ်ဆိုတာ တကယ်ပဲလား"

အလုပ်သမားက...

"ဟုတ်ပါတယ် ခင်ဗျာ၊ သည်မှာ လာပြီး နေထိုင်သူအားလုံး စိတ်ချမ်းသာပြီး ပျော်မွေ့နေကြတာကို တွေ့နိုင်ပါတယ်ဗျာ"

ထိုလူကြီးက...

"မင်းသေချာရဲ့လား"

"ဦးလေးကိုယ်တိုင် လိုက်ပြီး လေ့လာကြည့်ရှုနိုင်ပါတယ်ဗျာ"

"ကောင်းပြီ"

ထိုလူကြီးက ဂေဟာတစ်ခုလုံးအနှံ့ လိုက်လံစစ်ဆေးကြည့်ရှုလိုက်လေသည်။

ပင်မဂေဟာကြီးနှင့် မလှမ်းမကမ်းတွင် အခိုင်အခံ့ ဆောက်

လုပ်ထားသော အဆောက်အဦးတစ်ခု ရှိလေသည်။

ထိုအဆောက်အဦးတွင် အခန်းကျယ်ကြီးတစ်ခုနှင့် အခန်းငယ် ခြောက်ခန်း ရှိပြီး တံခါးခုနစ်ချပ်ကို အခိုင်အမာ တပ်ဆင်ထားလေသည်။

ထိုလူကြီးက လိုက်လံရှင်းပြနေသော အလုပ်သမားကို မေးလိုက်လေသည်။

"သည်အဆောက်အဦးက တခြားဟာတွေထက် ပိုပြီး နိုင်ခဲ့နေသလိုပဲ"

အလုပ်သမားက...

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါက တမင် သီးသန့်ဆောက်လုပ်ထားတာပါ"

"နေပါဦး၊ သီးသန့်ဆောက်ထားတယ်ဆိုတာက"

"ပွင့်ပွင့်လင်းလင်း ပြောရယင် စိတ်ဖောက်ပြန် ရူးသွပ်နေတဲ့အပြင် အင်မတန် ခက်ထန်ကြမ်းတမ်းသူတွေ ရှိပါတယ်၊ သူတို့ဟာ အသိစိတ်ပျောက်ပြီး ကြမ်းကြမ်းတမ်းတမ်း ရန်မူတတ်ကြပါတယ်၊ သည်လို ဝေဒနာရှင်မျိုးတွေကို ထိန်းသိမ်းထားဖို့ သီးသန့်ဆောက်လုပ်ထားတာပါ ခင်ဗျာ"

"ဩော် သည်လိုလား"

ထိုလူကြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျုပ်က သည်အဆောက်အဦးကို သဘောကျတယ်"

"ဟုတ်တယ်"



"ကျုပ် သည်မှာ နေမယ်"

"ဗျာ"

အလုပ်သမား အံ့သြသွားလေသည်။

ထိုလူကြီးကို မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

"ဦးလေးက သည်မှာ နေမယ် ဟုတ်လား"

"အေးလေ"

"ဒါ အရူးတွေ နေတဲ့ နေရာပါ"

"အဲဒါ ဘာဖြစ်သလဲ"

"ဦးလေးက"

"ငါလည်း အရူးပဲကွ"

"ဗျာ"

"ဘာလဲ ငါ့ကို မရူးဘူး ထင်လို့လား"

အလုပ်သမား ပါးစပ်အဟောင်းသားဖြင့် နောက်ဆုတ်လိုက်လေသည်။

ထိုလူကြီးက...

"ငါကမှ အားလုံးထက် ပိုပြီး ရူးတဲ့လူတစ်ယောက်ဆိုတာ မှတ်ထားလိုက်စမ်းပါ၊ ငါ သည်မှာ နေမယ်၊ ငါ့အတွက် အစစအရာရာ လိုလေသေးမရှိအောင် ထားရမယ်၊ ငါ့ကို ဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ရမယ်၊ ဘယ်သူမှ ငါ့ကို လာပြီး မနှောင့်ယှက်ရဘူး၊ ငါခေါ်မှ လာရမယ်၊ ကဲ မင်းသွားတော့"

"ဗျာ"

"မင်း ဘာသာ သွားမလား၊ ငါကန်ထုတ်လိုက်ရမလား"

ထိုလူကြီး မျက်လုံးပြူးကာ ငေါက်လိုက်လျှင် အလုပ်သမားလည်း ကြောက်လန့်တကြား ထွက်ပြေးသွားလေတော့သည်။

◆ ◆ ◆

ထိုနေ့ ထိုအချိန်ကစ၍ လူထူးဆန်းကြီးသည် အလွန်ခိုင်ခံ့သော အဆောက်အဦးလေးကို တစ်ယောက်ထဲ အပိုင်စီးထားလိုက်တော့သည်။

သူ၏အခန်းသို့ လာသည့် လမ်းတစ်လျှောက်မှ တံခါးခုနစ်ချပ်ကိုလည်း သော့ခလောက် ခုနစ်ခုဖြင့် ခတ်ထားလိုက်တော့သည်။

ဂေဟာမှ တာဝန်ရှိသူများသည် ထိုလူကြီးအား မောင်းမထုတ်ဝံ့ကြဘဲ ကျေနပ်အောင် ထိုလူကြီး တောင်းဆိုသမျှ လိုက်လျောပေးရလေသည်။

ထိုလူကြီးကား ချန်အန်းအရှုးထောင်၌ ရှင်ဘုရင်အလားမင်းမူနေခဲ့လေတော့သည်။

◆ ◆ ◆



ဟုန်ဟောက ချန်အန်းအကျဉ်းထောင်သို့ ရောက်ရှိလာခဲ့လေသည်။

လူထူးဆန်းကြီး ရှိနေသော အဆောက်အဦးလေးကို ပင်ပင်ပန်းပန်း လိုက်ရှာစရာ မလိုပါချေ။

အလုပ်သမားတစ်ယောက်ကို မေးလိုက်သည်နှင့် သိလိုက်ရလေသည်။

လူထူးဆန်းကြီး၏အဆောက်အဦးဆီသို့ ပုန်းလျှိုးကွယ်လျှိုးသွားစရာလည်း မလိုပါ။

ထိုအဆောက်အဦးအနီး၌ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေခြင်းကြောင့် ဖြစ်ပါသည်။

ဟုန်ဟောက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး မယောင်မလည်ဖြင့် အဆောက်အဦး အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

ထို့နောက်...

အသင့်ပါလာသော အိတ်ကလေးကို ချကာ သောတံများထုတ်ယူလိုက်လေသည်။

ပထမဆုံး တံခါးတချပ်ကို သော့တံများဖြင့် ကြိုးစားဖွင့်လိုက်လေသည်။

သော့ဝိဇ္ဇာဟုန်ဟောအတွက် ခက်ခဲသော ကိစ္စတော့မဟုတ်ပါ။

"ချောက်"

မြည်သံသဲ့သဲ့ ထွက်ပေါ်လာပြီး တံခါးပွင့်သွားတော့သည်။

ဟုန်ဟော ပြုံးလိုက်သည်။

"နောက် တစ်ချပ်"

အဆောက်အဦး အတွင်းသို့ လျှင်မြန်စွာဝင်ပြီး သော့တုများဖြင့် ဒုတိယတံခါးကို ဖွင့်လိုက်ပြန်သည်။

ဟုန်ဟော သိပ်မကြိုးစားလိုက်ရပါ။

"ချောက်"

ဒုတိယတံခါး ပွင့်သွားပြန်သည်။

ဟုန်ဟောက တံခါးတစ်ချပ်ပြီးတစ်ချပ်ဖွင့်ကာ အတွင်းဘက် ဝင်သွားလေသည်။

တံခါးတစ်ချပ်။

နှစ်ချပ်။

သုံးချပ်။

အကောင်းစားသော့ကို အသုံးပြုကာ အခိုင်အမာ ပိတ်ထားသော တံခါးများ တစ်ချပ်ပြီးတစ်ချပ် ပွင့်သွားလေတော့သည်။

သို့ဖြင့် သတ္တမမြောက်တံခါး(ဂါ) နောက်ဆုံးတံခါးသို့ ရောက်ရှိလာလေသည်။

ဟုန်ဟော လက်ဝါးနှစ်ဘက်ကို ပွတ်လိုက်သည်။

"သည်တံခါးကိုသာ ပွင့်နိုင်ယင် အောင်မြင်ပြီ"

ဟုန်ဟောက နောက်ဆုံး တံခါးကို ကြိုးစားဖွင့်လိုက်လေသည်။

စိတ်လှုပ်ရှားနေခြင်းကြောင့် တံခါးဖွင့်ရသည်မှာ လက်တုန်နေသည်။ နဖူးပေါ်၌ ချွေးများပင် စို့လာသည်။

အတန်ကြာသည့်တိုင်အောင် တံခါးဖွင့်၍ မရဘဲ ဖြစ်နေပါတော့သည်။

ဟုန်ဟော မကျေမနပ် ဖြစ်သွားလေသည်။

"သည်တံခါးကို ငါ မဖွင့်နိုင်တော့ဘူးလား"

အံကြိတ်ကာ ကြိုးစားပြီး ဆက်ဖွင့်လိုက်လေသည်။

နောက်ဆုံး တံခါးပွင့်သွားလျှင် ကိုယ့်ကိုကိုယ် သော့ခတ်ထားသူ တစ်ယောက်ကို တွေ့ရပေလိမ့်မည်။

ထိုလူမှာ မည်သို့သော လူစားမျိုး ဖြစ်ပါသနည်း။

ရဲဒင်းဂိုဏ်းနှင့် ပတ်သက်နေခြင်းကြောင့် မည်နည်းနှင့်မျှ လူကောင်းတစ်ယောက် ဖြစ်နိုင်မည် မဟုတ်ပါချေ။

လူဆိုးတစ်ယောက်ဆိုလျှင် အချိန်မရွေး အန္တရာယ်ကြုံတွေ့ရနိုင်သည်ဟု တွေးပြီး စိတ်လှုပ်ရှားနေခြင်းလည်း ဖြစ်ပါတော့သည်။

ဟုန်ဟောက သော့တစ်ချောင်းပြီးတစ်ချောင်း အသုံးပြုကာ ဖွင့်လိုက်သောအခါ နောက်ဆုံး...

"ချောက်"

သတ္တမတံခါး ပွင့်သွားတော့သည်။

ဟုန်ဟောက...

"ကောင်းပြီ"

စိတ်ထဲကြုံးဝါးယင်း တံခါးတွန်းဖွင့်လိုက်၏။

တံခါးတွန်းဖွင့်ကာ အခန်းတွင်းသို့ ချောင်းကြည့်လိုက်လေ

သည်။ ကျယ်ဝန်းသော အခန်းတစ်ခု ဖြစ်သည်။

ခန်းလုံးပြည့် အမွေးပွကော်ဇောများ ခင်းထားသည်။

အဖိုးတန်ပရိဘောဂပစ္စည်းများလည်း ပြည့်နှက်နေ၏။

သူဌေးသူကြွယ်များ၊ မြို့စားနယ်စားကြီးများ အနားယူ အပန်းဖြေသော အခန်းနှင့်ပင် တူနေသည်။

ထိုအခန်း၌ နေထိုင်သူသည် အလွန်အထက်တန်းကျပြီး စည်းစိမ်အပြည့် ခံစားနိုင်မည့်သူ ဖြစ်လေသည်။

"ကောင်းလိုက်တဲ့အခန်း"

ဟုန်ဟောပင် နေချင်စိတ် ပေါက်သွားလေတော့သည်။

အခန်းတွင်းသို့ လှမ်းဝင်သွားမိလိုက်လေသည်။

ဘာဆိုဘာမှ လိုလေသေးမရှိ ပြည့်စုံနေသော အခန်းတွင် တစ်သက်လုံး နေထိုင်သွားရလျှင် ဘယ်လောက်ကောင်းမည်နည်းဟု တွေးလိုက်လေသည်။

ဟုန်ဟော စိတ်ကူးယဉ်နေစဉ်...

"ဟိတ်"

နောက်ကျောဘက်မှ ကျယ်လောင်သော အော်ငေါက်သံကြီး ထွက်ပေါ်လာသဖြင့် ဟုန်ဟော ထိတ်လန့်သွားလေတော့သည်။

"အမယ်လေးဗျ"

အလန့်တကြား ထခုန်လိုက်လေသည်။

နောက်လှည့်ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်ကိုတွေ့လိုက်ရလေသည်။



"အဘိုးအိုက...

"မင်း ဘယ်သူလဲ၊ ငါ့အခန်းကို ဘာကြောင့်ဝင်လာတာလဲ ပြောစမ်း"

"ကျွန်..ကျွန်တော်..."

"မင်းက တစ်ခုခုဝင်ခိုးမလို့ မဟုတ်လား"

"မ..မဟုတ်ပါဘူးဗျာ"

"ဟား..ဟား..ဟား"

ဟုန်ဟောက ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသည်ကိုကြည့်ပြီး အဘိုးအို ရယ်မောလိုက်လေသည်။

"မင်းက သူခိုးတစ်ယောက်ပဲကွ၊ သေ့ဝိဇ္ဇာတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ကောင်းတယ်...ကောင်းတယ်"

"ဗျာ"

"ကောင်းတယ်..ငါကိုယ်တိုင်မဖွင့်ဘဲ တခြားလူတစ်ယောက်ယောက်က တံခါးလာဖွင့်ယင် ငါအပြင်ထွက်မယ်လို့ ဆုံးဖြတ်ထားတာ"

ဟုန်ဟောက...

"ကျွန်တော် တံခါးလာဖွင့်ပေးတာကြောင့် ဘဘက အပြင်ထွက်တော့မယ် ဟုတ်လား"

"ဟုတ်တယ်လေ"

အဘိုးအိုက လက်နှစ်ချောင်း ထောင်ပြလိုက်လေသည်။

“ငါက ဆုံးဖြတ်ချက်နှစ်ခု ချထားတာ”

“ဟုတ်ကဲ့”

“ငါ့ရဲ့ဆုံးဖြတ်ချက်တစ်ခုက တံခါးခုနစ်ချပ်ကို တစ်ယောက်ယောက်က လာဖွင့်ယင် ငါအပြင်ထွက်မယ်၊ နောက်ထပ် ဆုံးဖြတ်ချက်တစ်ခုက သိုင်းလောကမှာ ငါ့ကို ယှဉ်ပြိုင်နိုင်တဲ့လူ ရှိလာတဲ့အခါ အပြင်ထွက်မယ်ဆိုတာပဲ”

“ဗျာ”

ဟုန်ပော မျက်လုံးပြူးသွားလေသည်။

အဘိုးအိုကို မယုံနိုင်စွာ ကြည့်လိုက်လေသည်။

“ဘဘက သိုင်းပညာတတ်တယ် ဟုတ်လား”

“ဒါပေါ့ကွ၊ သိုင်းလောကမှာ ငါ့လောက်တတ်တဲ့လူ ဘယ်သူရှိလို့လဲ”

“ဟာ”

“ဘာလဲ မင်းမယုံဘူးလား”

“သိုင်းလောကမှာ ရှောင်လင်၊ ဝူတန်ဂိုဏ်းကြီးတွေလို ထိပ်တန်းဂိုဏ်းကြီးတွေ ရှိနေတာ၊ အဲဒါ..”

“အေး...မင်းပြောတဲ့ ရှောင်လင်၊ ဝူတန်ဂိုဏ်းကြီးတွေက ဂိုဏ်းချုပ်ကြီးတွေဟာ ငါ့ကို မယှဉ်နိုင်ကြဘူးဆိုယင်ကော”

“ဟာ..မဖြစ်နိုင်တာ”

“ဟား...ဟား...ဟား”



အဘိုးအို ရယ်မောလိုက်ပြန်လေသည်။

ဟုန်ပောက....

“ဘဘ တကယ် ယှဉ်နိုင်လို့လား”

အဘိုးအိုက...

“ငါ့အကြောင်း မင်းမသိသေးဘူးထင်တယ်”

ဟုန်ပော ဘာမှမပြောဘဲ နေလိုက်လေသည်။

အဘိုးအိုက...

“ကောင်းပြီ၊ ငါဟာ ဘယ်လိုလူစားဆိုတာ မင်းသိအောင် ပြောပြမယ်၊ ဒါပေမယ့် ခုလောလောဆယ်တော့ မင်းဘာကိစ္စနဲ့ ငါ့ဆီကိုရောက်လာတယ်ဆိုတာ ပြောစမ်းပါဦး”

ဟုန်ပောက ဂိုဏ်းချုပ်ချန်းမင်း ပေးလိုက်သောစာကို ထုတ်ယူလိုက်လေသည်။

“သည်စာကိုပေးဖို့ လာတာပါ ခင်ဗျာ”

“မှန်းစမ်း”

အဘိုးအိုက စာကိုဆွဲယူကာ ဖောက်ဖတ်လိုက်လေသည်။

ဟုန်ပော အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

အဘိုးအိုသည် စာဖတ်ပြီးလျှင်...

“ဟား..ဟား...ဟား”

ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

ဟုန်ပော နောက်ဆုတ်လိုက်မိသည်။

အဘိုးအိုက...

"လောကပေါ်မှာ ငါ့ကိုယှဉ်နိုင်မယ့်လူ ရှိနေပြီဆိုပါလား။ ကောင်းပြီ သွားကြမယ်"

"ဗျာ"

"သွားကြမယ်လေ"

"ကျွန်..ကျွန်တော်တို့ ဘယ်ကိုသွားကြမှာလဲ"

အဘိုးအိုသည် ဟုန်ပောအနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

ဟုန်ပော ရုန်းမရတော့ပါ။

အဘိုးအိုက...

"သွားကြမယ်"

ဆွဲခေါ်သွားလျှင် ဟုန်ပောလည်း လိုက်ပါသွားရလေသည်။

ထိုအဘိုးအို၏လက်ချောင်းများကား သန်မာလှသည်။

ဟုန်ပော ရုန်းမရပါ။

ခြသ့်ခြံဝင်းအား ဆုံးမနိုင်ရန် ရဲဒင်းဂိုဏ်းက အကူအညီခေါ်နိုင်းလိုက်ခြင်းဖြစ်မည်ဟု တီပါချင်းပြောခဲ့သည့် စကားများကို ပြန်လည် ကြားယောင်လာလေသည်။

ခြသေ့်ခြံဝင်းတော့ ကံဆိုးသွားပြီဟု တွေးပြီး အဘိုးအိုနှင့်အတူ လိုက်ပါသွားလေတော့သည်။

အဘိုးအိုသည် ဂေဟာအပြင်ဘက်သို့ ရောက်သောအခါ...

"အင်း..ငါက ဇိမ်ကျကျနေလာခဲ့တာ အတော်ကြာပြီဆို



တော့ သည်အတိုင်းသွားလို့ မဖြစ်သေးဘူးကွ"

ဟုပြောကာ ဂေဟာမှ အလုပ်သမားတစ်ယောက်ကို မြင်းလှည်းတစ်စီး ငှားခိုင်းလိုက်လေသည်။

မြင်းလှည်းပေါ်တွင် ဇိမ်နှင့်လိုက်ပါသွားနိုင်ရန် လိုလေသေးမရှိ ပြင်ဆင်ခိုင်းလိုက်သည်။

ပြီးမှ...

"တို့သွားမယ်ဟေ့"

ဟုန်ပောကိုခေါ်ကာ မြင်းလှည်းပေါ်တက်သွားလေသည်။

နှစ်ယောက်သား မြင်းလှည်းဖြင့် လိုက်ပါသွားယင်း...

"ငါက ဘယ်လိုလူစားမျိုးလဲဆိုတာ သိယင် မင်းသိပ်အံ့ဩသွားမယ်ကွ"

ဟု အစချီကာ သူ၏အကြောင်း ပြောပြလိုက်လေတော့သည်။

◆ ◆ ◆

## လောဘကြီးတဲ့လူ

ကျန်းလောင်ချန်း...

ကျန်းလောင်ချန်းသည် သိုင်းဆရာဟောင်စွမ်းထံမှ မီးတိမ်လွှာသိုင်းကျမ်းကို ခိုးယူကာ ထွက်ပြေးလာခဲ့လေသည်။

သူက သိုင်းလောကသားတစ်ယောက် မဟုတ်ပါ။

သိုင်းလောကနှင့် ပတ်သက်ခဲ့ဖူးခြင်း မရှိသည့် မျက်နှာစိမ်းတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် သူ့အား မည်သူမျှမသိ ဂရုမစိုက်ကြသဖြင့် ကျန်းလောင်ချန်း လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးလာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ကျန်းလောင်ချန်းသည် နယ်လှည့်ဈေးသည်များနှင့် မိတ်ဖွဲ့ကာ လိုက်ပါသွားယင်း ပြည်မကြီးနှင့် ဝေးလံလှသည့် မြောင်ကျန်းဒေသသို့ ရောက်ရှိသွားခဲ့လေတော့သည်။

◆ ◆ ◆



မြောင်ကျန်းတွင် အမှောင်သိုင်းသမား အတော်များများ ခိုအောင်းနေထိုင်လျက် ရှိလေသည်။

ကျန်းလောင်ချန်းက လွတ်လပ်စွာ သိုင်းလေ့ကျင့်နိုင်မည့် နေရာတစ်ခုကို လိုက်လံရှာဖွေယင်း တောအုပ်တစ်ခုသို့ ရောက်လာသောအခါ...

"အုံအွမ်..အုံအွမ်"

ဖားအော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းလောင်ချန်း အံ့ဩသွားလေသည်။

"နွေခင်းကြောင်တောင် ဖားအော်သံတွေ ထွက်ပေါ်နေပါလား၊ ဘယ်လိုဖြစ်တာလဲ"

မိုးမရွာ လေလည်းမတိုက် နေပူပြင်းနေချိန်၌ ဖားအော်သံများ ထွက်ပေါ်လာခြင်းကြောင့် ကျန်းလောင်ချန်း စိတ်ဝင်စားသွားပြီး လိုက်လံရှာဖွေကြည့်လိုက်မိသည်။

"အုံအွမ်..အုံအွမ်"

ဖားအော်သံက တစထက်တစ ကျယ်လောင်လာသည်။

ကျန်းလောင်ချန်း သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့ကာ ကြည့်လိုက်ရာ အရှေ့ဘက်တွင် ရေအိုင်လေးတစ်ခု ရှိနေပြီး ရေအိုင်နံဘေး၌ အလွန်ကြီးမားသော ဖားကြီးတစ်ကောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ကျန်းလောင်ချန်း ရင်ထိတ်သွားလေသည်။

"သည်လောက်ကြီးတဲ့ ဖားမျိုး လောကပေါ်မှာ ရှိသေးသတဲ့လား"

ဖားကြီးက တစ်ချက်နှစ်ချက် ခုန်လိုက်ရာ ရေအိုင်ကလေးကို ဖြတ်ကျော်ပြီး တစ်ဘက်သို့ ရောက်ရှိကာ သစ်ပင်ချုံနွယ်များကြား၌ ပျောက်ကွယ်သွားတော့သည်။

ကျန်းလောင်ချန်း သက်ပြင်းချလိုက်သည်။

"သည်လောက်ကြီးတဲ့ ဖားတစ်ကောင်ဟာ လူကို ဒုက္ခပေးမယ်ဆိုယင် ကောင်းကောင်းပေးလို့ ရတာပေါ့၊ မဖြစ်သေးပါဘူး၊ တခြားတစ်ဘက်ကို သွားမှ ဖြစ်မယ်"

ရေအိုင်လေးကို ကျောခိုင်းကာ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆



ကျန်းလောင်ချန်းသည် လူတစ်ယောက် ကောင်းစွာ ပုန်းအောင်းနေထိုင်နိုင်သော ကျောက်ဂူကြီးတစ်ခုကို ကံကောင်းထောက်မစွာ တွေ့ရှိခဲ့လေသည်။

ထိုကျောက်ဂူကြီး၌ပင် သင့်တော်အောင် ပြုပြင်ကာ နေထိုင်လိုက်သည်။

ယုန်ကလေးများ၊ ငှက်ကလေးများ ဖမ်းကာ စားသောက်သည်။

တောထွက် သစ်သီးဝလံများလည်း ရရှိသည်။

ကျန်းလောင်ချန်းက ဆရာကြီးဟောင်စွမ်းထံမှ ခိုးယူခဲ့သော သိုင်းကျမ်းကို အချိန်ရှိသရွေ့ ဖတ်ရှုလေ့လာခဲ့လေသည်။

မီးတိမ်လွှာသိုင်းကွက်များကား အပူစွမ်းအားကို အဓိကထား တီထွင်ထားသော သိုင်းကွက်များ ဖြစ်ပေသည်။

အပူစွမ်းအား ရရှိစေရန် အတွင်းအားလေ့ကျင့်ရာမှ ဖန်တီးယူရလေသည်။

အတွင်းအားပညာကို ဆရာကြီးဟောင်စွမ်းက သင်ကြားထားရာ ကျန်းလောင်ချန်း ဂရုစိုက်လေ့ကျင့်နိုင်ခဲ့လေသည်။

ကျန်းလောင်ချန်းသည် အရာရာအားလုံးကို မေ့ထားလိုက်ပြီး မီးတိမ်လွှာသိုင်းကို ဂရုစိုက် လေ့ကျင့်ခဲ့လေတော့သည်။

◆ ◆ ◆

တစ်လ။

နှစ်လ။

သုံးလ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ကျန်းလောင်ချန်းသည် မီးတိမ်လွှာကျမ်းမှ သိုင်းကွက်များကို တစ်ကွက်မကျန် ရရှိသွားလေသည်။

သို့သော်...

ထိုသိုင်းကွက်များကို ထိထိရောက်ရောက် အသုံးမပြုနိုင်သေးချေ။

သူ၏အတွင်းအား နုနယ်သေးခြင်းကြောင့် ဖြစ်လေသည်။

ဆရာကြီးဟောင်စွမ်းက အရေးပေးခဲ့သဖြင့် ဆေးဘက်ဝင်သော သစ်သီးသစ်ဥများ အကြောင်းကို ကျန်းလောင်ချန်း သိရှိထားပြီး ဖြစ်လေသည်။

"မြောင်ကျန်းမှာ ဆေးဘက်ဝင်တဲ့ သစ်သီးသစ်ဥတွေ အင်မတန် ပေါများတယ်လို့ ဆရာကြီး ပြောဖူးတယ်"

ကျန်းလောင်ချန်းက အတွင်းအားတိုးတက်စေမည့် သစ်သီးသစ်ဥများ ရှာဖွေရန် ထွက်လာခဲ့လေသည်။

သို့ဖြင့်...

အလွန်ကြီးမားသော ဖားပြုပ်ကြီးတစ်ကောင်ကို တွေ့ခဲ့ရဖူးသည့် ရေအိုင်လေး အနီးသို့ ရောက်သွားလေသည်။

ကျန်းလောင်ချန်းက ဖားပြုပ်ကြီးကို သတိရလိုက်သည်။



ထပ်မံတွေ့ရဦးမည်လောဟု ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်တစ်ခု ပြေးလွှားလာသည်ကို တွေ့လိုက်ရလေသည်။

"လူတစ်ယောက်ပါလား"

ကျန်းလောင်ချန်း ပုန်းအောင်းရောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

ထိုလူသည် အနီးသို့ ရောက်ရှိလာပြီး...

"ငါ့ညီ မင်းက သည်တောထဲမှာ တစ်ခုခု လာပြီး ရှာဖွေနေတာလား"

ဟု မေးလာလေသည်။

ကျန်းလောင်ချန်းက...

"ကျွန်တော်က ဘယဆေးပင်တွေ လာရှာတာပါဗျာ"

ထိုလူက...

"ဒါဖြင့် မင်းကို မေးရဦးမယ်၊ သည်ဘက်ကို တခြားလူငယ်တစ်ယောက် ရောက်လာတာများ တွေ့မိသေးသလား"

ကျန်းလောင်ချန်း ခေါင်းခါယမ်းလိုက်သည်။

"မတွေ့မိပါဘူး ခင်ဗျာ"

ထိုလူ ပြုံးလိုက်သည်။

"ဒါဆိုယင် ငါလိုက်ရှာနေတဲ့လူဟာ မင်းပဲ ဖြစ်ရတော့မှာ ပေါ့"

"ဗျာ"

"မင်းက ကျန်းလောင်ချန်း မဟုတ်လား"

"ကျွန်..ကျွန်တော်"

ကျန်းလောင်ချန်း ထိတ်လန့်သွားလေသည်။

"ဟား..ဟား..ဟား"

ထိုလူ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကျန်းလောင်ချန်း၊ မင်းဟာ ဆရာကြီးဟောင်စွမ်းဆီက မီးတိမ်လွှာသိုင်းကျမ်းကို ခိုးယူထွက်ပြေးလာခဲ့တယ် မဟုတ်လား"

"ခင်..ခင်ဗျား ဘယ်သူလဲ"

ကျန်းလောင်ချန်း အထိတ်တလန့် မေးလိုက်လေသည်။

ထိုလူက...

"မင်း မသိယင် မှတ်ထား၊ ငါဟာ ဆရာကြီးဟောင်စွမ်းရဲ့ တပည့် အရပ်ရှစ်မျက်နှာဖုံးစုဆိုတာပဲကွ"

ကျန်းလောင်ချန်း နောက်ဆုတ်လိုက်လေသည်။

ဖုံးစုက...

"ဆရာကြီးက မင်းရဲ့အကြောင်း လာပြောပြတော့ ငါလိုက်ရှာနေတာ၊ နယ်ခြားဒေသက လာတဲ့ မိတ်ဆွေတစ်ယောက်က နယ်လှည့်ကုန်သည်တွေနဲ့အတူ ပါလာတဲ့ ကောင်လေးတစ်ယောက်ဟာ ပြည်မကို မပြန်တော့ဘဲ မြောင်းကျန်းက တောနက်တွေထဲ ဝင်သွားပြီး ပျောက်ကွယ်သွားတယ်လို့ ပြောခဲ့တာကို သတိရပြီး လိုက်လာခဲ့တာ၊ ကျန်းလောင်ချန်း မင်းပြေးလို့ မရတော့ပါဘူး"



ကျန်းလောင်ချန်း မကျေမနပ် ဖြစ်သွားလေသည်။

လူသူ အရောက်အပေါက်နည်းပါးလှသော နယ်ခြားဒေသသို့ ပြေးလာပါမှ ဆရာကြီးဟောင်စွမ်း၏တပည့်ဖုံးစုက လိုက်လာပြီး တွေ့အောင် ရှာနိုင်ခဲ့ပြီ ဖြစ်လေသည်။

ဖုံးစု လက်ဝါးဖြန့်လိုက်သည်။

"ကဲ သိုင်းကျမ်းပေးစမ်း"

ကျန်းလောင်ချန်း ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ဘူးဗျ"

"ဘာကွ"

"ကျုပ်ဖျက်ဆီးပစ်လိုက်ပြီ"

"မင်း..မင်း"

ကျန်းလောင်ချန်းက တမင်ဟန်ဆောင်ကာ ခံပြင်းသော လေသံဖြင့် ပြောလိုက်လေသည်။

"ကျုပ်က သိပ်အဖိုးတန်တယ် ထင်ပြီး ခိုးယူလာတာ လက်တွေ့လေ့ကျင့်ကြည့်တော့ ဘာမှ မဟုတ်တာနဲ့ စိတ်ပျက်ပြီး ဖျက်ဆီးပစ်လိုက်တာ"

"မင်း တော်တော်အသုံးမကျတဲ့ကောင်ပဲ၊ မင်းကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ဖုံးစု ဒေါသတကြီး ဖြစ်ကာ ကျန်းလောင်ချန်းကို တိုက်ခိုက်

လိုက်လေသည်။

ကျန်းလောင်ချန်း နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

"မင်း ဘယ်ပြေးမလဲ"

ဖုံးစုက တရကြမ်း လိုက်လံတိုက်ခိုက်လေသည်။

ကျန်းလောင်ချန်းသည် ပြေးမလွတ်တော့သဖြင့် ပြန်လည်ခုခံ တိုက်ခိုက်လိုက်ရတော့သည်။

ဆရာကြီးဟောင်စွမ်း သင်ပေးထားသော သိုင်းကွက်များသာမက မီးတိမ်လွှာသိုင်းကျမ်းမှ သိုင်းကွက်များကိုပါ အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

ဆရာကြီးဟောင်စွမ်းကိုယ်တိုင် ကြပ်မတ်သင်ကြားပေးထားခြင်းကြောင့် ကျန်းလောင်ချန်း၏သိုင်းကွက်များမှာ မချော်လင့်ဘဲ အစွမ်းထက်နေပါတော့သည်။

ဖုံးစု အံ့သြသွား၏။

"မင်း ဘယ်ဆိုးလို့လဲ၊ ဒါပေမယ့် ငါ့ကို ယှဉ်လို့ မရဘူးဆိုတာ မှတ်ထားစမ်းပါကွာ"

သိုင်းကွက်ပြောင်းကာ အတွင်းအားကိုပါ ထုတ်သုံးပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရာ ကျန်းလောင်ချန်း မည်သို့မျှ မယှဉ်နိုင်တော့ဘဲ...

"ဝုန်း"

အဝေးသို့ လွင့်စဉ်သွားတော့သည်။

သူ၏ခန္ဓာကိုယ် အပေါ်မြောက်တက်ပြီး ချုံပုတ်များကြား



သို့ ပြုတ်ကျသွား၏။

ချုံပုတ်ထဲရောက်လျှင် မြေပေါ် ကျမသွားဘဲ ပျော့အိအိ အရာဝတ္ထုတစ်ခုပေါ်သို့ ကျသွားလေသည်။

"ဖုတ်"

ထိုပျော့အိအိ အရာဝတ္ထုသည် သက်ဝင်လှုပ်ရှားလာကာ ထခုန်လိုက်သဖြင့် ကျန်းလောင်ချန်း မြေပေါ်ဖုတ်ခနဲ ပြုတ်ကျသွားတော့သည်။

ထိုအခါမှ...

"ဟာ ဖားပြုပ်ကြီးပါလား"

ကျန်းလောင်ချန်း အထိတ်တလန့် အော်လိုက်မိလေသည်။

"ငါက လူကွ၊ ဖားပြုပ် မဟုတ်ဘူး"

"ဗျာ"

ဖားပြုပ်ကြီးဟု ထင်ရသော အရာဝတ္ထုကား လူဝကြီးတစ်ဦး ဖြစ်နေပါတော့သည်။

ထိုလူဝကြီးသည် လူတစ်ယောက်ကဲ့သို့ မတ်တတ်လျှောက်မသွားဘဲ ဖားပြုပ်တစ်ကောင်ကဲ့သို့ လေးဘက်ထောက်ကာ သွားနေခြင်းကြောင့်လည်းကောင်း၊ သူ၏ရေညှိရောင်အဝတ်အစားများကြောင့်လည်းကောင်း ဖားပြုပ်တစ်ကောင်ဟု ထင်ရခြင်း ဖြစ်ပါတော့သည်။

ထိုမျှမကသေးဘဲ ဖားပြုပ်တစ်ကောင်ကဲ့သို့ အော်မြည်ပုံကို ကျန်းလောင်ချန်း ကြားခဲ့ရသေးသည် မဟုတ်ပါလား။

"ငါက ဖားပြုပ်သိုင်းကို လေ့ကျင့်နေတာ၊ မင်းလာပြီး နှောင့်ယှက်တာပေါ့လေ"

လူဝကြီး ငေါက်လိုက်ရာ ကျန်းလောင်ချန်း တောင်းပန်လိုက်လေသည်။

"ကျွန်တော် တမင် နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ၊ လူတစ်ယောက်က ကျွန်တော့်ကို လိုက်ပြီး ဒုက္ခပေးနေလို့ ထွက်ပြေးလာမိတာပါ"

လူဝကြီးက...

"လူတစ်ယောက်က မင်းကို ဒုက္ခပေးနေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်သူလဲ"

ထိုစဉ်...

"မင်း ဘယ်ပြေးမလဲ"

ဖုံးစုက လွှားခနဲ ခုန်ဝင်လာလေသည်။

ကျန်းလောင်ချန်း ထိတ်လန့်သွားလေသည်။

"ကျွန်တော့်ကို ကယ်ပါဦး"

လူဝကြီး၏နောက်ကျောဘက်သို့ ပြေးဝင်ပြီး အကာအကွယ် ယူထားလိုက်လေသည်။

လူဝကြီးက...

"မင်း ဘာဒုက္ခပေးချင်တာလဲ"

အော်ငေါက်ယင်း မြေပေါ် ခြေနှစ်ဘက်၊ လက်နှစ်ဘက်



ထောက်ကာ ဖားတစ်ကောင် ခုန်လိုက်သည့်ပမာ ခုန်ဝင်သွားလေသည်။

လူဝကြီးနှင့် ဖုံးစုတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်...

"ဝုန်း"

ဖုံးစုမှာ အလွန်ပြင်းထန်သော အရှိန်အဟုန်ကြီး တစ်ခုနှင့် ရင်ဆိုင်လိုက်ရသည့်အလား အဝေးသို့ လွင့်စင်သွားလေတော့သည်။

◆ ◆ ◆

လူဝကြီးက ဖားခုန်သကဲ့သို့ ခုန်ကာ တစ်ချက်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖုံးစုသည် မြေပေါ် ပက်လက်လန်လဲကာ နှုတ်ခမ်း၊ နှာခေါင်းနှင့် ပါးစပ်ထဲမှ သွေးများ ယိုစီးကျပြီး အသက်ပျောက်သွားလေတော့သည်။

လူဝကြီး၏တိုက်ကွက်ကြောင့် ရင်ထဲမှ ကလီစာများ ကြေမွပျက်စီးသွားကြောင်း ထင်ရှားနေပါတော့သည်။

"ဟား..ဟား..ဟား"

လူဝကြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ငါ့ရဲ့ ဖားခုန်သိုင်းတစ်ကွက်ပဲ ထုတ်ရသေးတယ်၊ ကြည့်စမ်း၊ ဘယ်လို ဖြစ်သွားပြီလဲ"

ကျန်းလောင်ချန်း ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ရဲ့အသက်ကို ကယ်တင်လိုက်တဲ့အတွက် ဦးရဲ့ ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို ခိုင်းချင်ရာခိုင်းပါ"

လူဝကြီးသည် ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်နေမှန်း သိသွားပြီး ချဉ်းကပ်လိုက်ခြင်း ဖြစ်လေသည်။

လူဝကြီးက…

"မင်းက ငါ့တပည့် လုပ်မလား"

"ကျွန်တော်"

"ငါ့တပည့်လုပ်ယင် မင်းကို ငါ့ရဲ့ သိုင်းပညာ သင်ပေးမယ်၊ တစ်နေ့ကျယင် သိုင်းလောကမှာ မင်းဟာ ထိပ်တန်းရောက်ရမှာပေါ့"

ကျန်းလောင်ချန်း မြေပေါ် ဒူးထောက်ချလိုက်လေသည်။

"ဆရာ့ကျေးဇူးကို ကျွန်တော် ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ"

"ဟား..ဟား..ဟား"

လူဝကြီး ကျေနပ်စွာ ရယ်မောလိုက်လေသည်။

ထိုလူဝကြီးကား သိုင်းလောက၏ အထူးခြားဆုံး လူသားနှစ်ယောက်(ဝါ) အရူးနှစ်ယောက်တွင် တစ်ယောက်အပါအဝင် ဖြစ်သော အဆိပ်ဖားပြုပ် ဖြစ်လေသည်။

အဆိပ်ဖားပြုပ်က တောထဲတောင်ထဲ၌ နေကာ ဖားပြုပ်တို့၏ သဘာဝကို အတုယူပြီး သိုင်းကွက်များ တီထွင်လေ့ကျင့်ခဲ့လေသည်။



သူ၏ပညာသည် တစ်ချိန်တွင် သိုင်းလောက၌ ပြိုင်ဘက်ကင်းရမည်ဟု သန္နိဋ္ဌာန်ချကာ မရပ်မနား လေ့ကျင့်ခဲ့သဖြင့် ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာ ထက်မြက်လာလေသည်။

သို့သော်…

အရာရာအားလုံးကို လှစ်လျူရှုကာ သိုင်းပညာအကြောင်းကိုသာ တစ်ချိန်လုံး တွေးတောဆင်ခြင်နေခဲ့သဖြင့် ကြာသော် သူ၏ အပြုအမူ၊ အကျင့်အကြံ၊ အတွေးအခေါ်များသည် သာမန်လူများနှင့် မတူတော့ဘဲ ကွဲပြားခြားနားလာလေတော့သည်။

သိုင်းပညာနှင့် ပတ်သက်ပြီး အရူးတပိုင်း ဖြစ်သွားသည်ဟု ဆိုနိုင်ပါတော့သည်။

သိုင်းအလွန်တော်ပြီး စိတ်ဖောက်ပြန်သွားသော သိုင်းသမားကြီးနှစ်ဦးတွင် အဆိပ်ဖားပြုပ်သည်လည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ကျန်တစ်ယောက်ကား ရွှေမိုးမျှော်သိုင်းသမားပါပုတုံး ဖြစ်လေသည်။

ရွှေမိုးမျှော်သိုင်းသမားနှင့် အဆိပ်ဖားပြုပ်တို့၏ သိုင်းပညာမှာ ရှောင်လင်၊ ဝူတန် ဂိုဏ်းချုပ်ကြီးများထက်ပင် သာပြီး ပြိုင်ဘက်ကင်းသည်ဟု အားလုံး နားသည့်လက်ခံထားကြလေတော့သည်။

ကျန်းလောင်ချန်းသည် ဆရာကြီးဟောင်စွမ်းထံမှ မီးတိမ်လွှာသိုင်းကျမ်းကို ရရှိခဲ့ပြီး အဆိပ်ဖားပြုပ်က သူ့အား သဘောကျကာ တပည့်အဖြစ် လက်ခံလိုက်သဖြင့် အလွန်ကံကောင်းသူ ဖြစ်သွား

၏။ သူက အဆိပ်ဖားပြုပ်နှင့်အတူ တောထဲတောင်ထဲ နှစ်ပေါင်းများစွာ ကြာအောင် အတူနေထိုင်ခဲ့လေသည်။

အဆိပ်ဖားပြုပ်ထံမှ သိုင်းပညာများ ရရှိခဲ့သလို အဆိပ်ဖားပြုပ်ကဲ့သို့ သိုင်းပညာမှလွဲပြီး အခြားဘာကိုမှ မသိတော့သည့် အရူးကြီးတစ်ယောက်ကဲ့သို့လည်း ဖြစ်သွားခဲ့လေတော့သည်။

◆ ◆ ◆

ကျန်းလောင်ချန်းသည် မီးတိမ်လွှာသိုင်းပညာကို လေ့ကျင့်တတ်မြောက်သွားသကဲ့သို့ အဆိပ်ဖားပြုပ်၏ သိုင်းပညာကိုလည်း ရရှိခဲ့လေသည်။

အဆိပ်ဖားပြုပ်သည် နှစ်ပေါင်းများစွာ တီထွင်လေ့ကျင့်ခဲ့သော သိုင်းပညာရပ်များကို လက်တွေ့ အသုံးမချရသေးဘဲ အသက်အရွယ်ရကာ ကွယ်လွန်သွားခဲ့လေသည်။

ကျန်းလောင်ချန်းကမူ ပညာစုံသည်နှင့် သိုင်းလောကသို့ ထွက်လာခဲ့လေသည်။

ထင်ရှားကျော်ကြားသော သိုင်းသမားများအား လိုက်လံယှဉ်ပြိုင်အနိုင်ယူခဲ့လေသည်။

ဆရာကြီးဟောင်စွမ်း၏ မိတ်ဆွေများ၊ တပည့်များသည် ကျန်းလောင်ချန်း၏သတင်းကြားလျှင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြလေသည်။



ကျန်းလောင်ချန်းက တစ်ယောက်မကျန် သတ်ပစ်လိုက်သည်။

ထို့အပြင်...

ရှောင်လင်၊ ဝူတန် အစရှိသော ထိပ်သီးဂိုဏ်းကြီးများသို့ အရောက်သွားကာ သိုင်းပညာယှဉ်ပြိုင်ခဲ့လေသည်။

ရှောင်လင်ကျောင်းထိုင်နှင့် ဝူတန်ဂိုဏ်းချုပ်တို့သည်လည်း ကျန်းလောင်ချန်းကို မယှဉ်နိုင်ဘဲ ရှုံးနိမ့်သွားခဲ့ကြလေသည်။

ယှဉ်ပြိုင်ခဲ့ပြီး အရေးနိမ့်သွားခဲ့ကြသော်လည်း ကံကောင်းကြသည်မှာ ကျန်းလောင်ချန်း၏ စိတ်နေသဘောထား ပြောင်းလဲသွားခြင်းကြောင့် ဖြစ်လေသည်။

ကျန်းလောင်ချန်းသည် သိုင်းပညာမှ လွဲပြီး တခြားဘာကိုမှ မသိတော့သည့် အရူးကြီးတစ်ယောက်နှင့် တူသွားခြင်းကြောင့် ဖြစ်လေသည်။

ကျန်းလောင်ချန်းက ရှောင်လင်၊ ဝူတန် ဂိုဏ်းကြီးများကို ယှဉ်ပြိုင်ခဲ့သည့်အပြင် အမှောင်လောကမှ ထိပ်သီးများကိုလည်း စိန်ခေါ်ကာ ယှဉ်ပြိုင်ခဲ့လေသည်။

သူ၏လက်ချက်ဖြင့် အမှောင်ထိပ်သီးအားလုံးလိုလို အရေးနိမ့်သွားကြတော့သည်။

တောင်ပင်လယ် မရဏစောင်းသံချိုစောက်ကား အခြားသော အမှောင်ထိပ်သီးများနှင့် ယှဉ်လျှင် ကံကောင်းသူဟု ဆိုနိုင်ပေသည်။

မရဏစောင်းသံရှင်ချိုစောက်နှင့် ကျန်းလောင်ချန်းတို့ တစ်ရက် တစ်မနက် ယှဉ်ပြိုင်ပြီး ချိုစောက် ရှုံးနိမ့်သွား၏။

ချိုစောက်က ကျန်းလောင်ချန်းကို ဆရာတင်လိုက်သည်။

ကျန်းလောင်ချန်း အလိုရှိလျှင် သူ့ကို အကြောင်းကြားဖို့နှင့် ဘာမဆို သူလုပ်ကိုင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့လေသည်။

◆ ◆ ◆

ကျန်းလောင်ချန်းက 'ခြင်္သေ့ဟိန်းသံရှန်းထင်း'၊ 'သံမဏိလက်ကောက်ကျင်းတုထွေး'၊ 'မှော်လှံတံဟွေ့လုံ'၊ 'လက်နက်မဲ့ချောင်အိမ်း'တို့ကို ယှဉ်ပြိုင်ရန် ကြံစည်နေစဉ် 'ချန်းမင်း'ဆိုသော လူငယ်တစ်ယောက်ကို တွေ့ကာ သဘောကျသွားပြီး တပည့်အဖြစ် မွေးမြူလိုက်လေသည်။

ချန်းမင်းသည် စရိုက်ဆိုးသော လူငယ်တစ်ဦး ဖြစ်ပါသည်။

သိုင်းသမားကောင်းတစ်ဦး ဖြစ်ဖို့ထက် ဒုစရိုက်လောကဖြင့် နေရာရဖို့ ကြိုးစားလိုသူ ဖြစ်လေသည်။

ချန်းမင်းက ကျန်းလောင်ချန်းကို ကျောထောက်နောက်ခံပြုကာ ရဲဒင်းဂိုဏ်းကို ထူထောင်ပြီး သောင်းကျန်းခဲ့လေသည်။

ကျန်းလောင်ချန်းသည် ချန်းမင်းကို စိတ်ပျက်သွားလေသည်။



သို့သော် တပည့်အဖြစ် လက်ခံပြီးပြီ ဖြစ်၍ ဘာမှမပြောသာတော့ဘဲ လက်ပိုက်ကြည့်နေခဲ့ရလေသည်။

သိုင်းလောကဖြင့် ရွှေမိုးမျှော်သိုင်းသမား၏သတင်းက ကျော်ကြားလာသည်။

ရွှေမိုးမျှော်သိုင်းသမားသည်လည်း သိုင်းပညာမှ လွဲပြီး အခြားဘာကိုမှ တွေးတောစဉ်းစားသူ မဟုတ်ပါ။

သူလည်း အရူးတစ်ယောက်ပမာ ရှိလေသည်။

ရွှေမိုးမျှော်သိုင်းသမားပါပုတုံး၏သတင်း ထွက်ပေါ်လာသောအခါ ရင်ဆိုင်ယှဉ်ပြိုင်ရန် ကျန်းလောင်ချန်း ဆုံးဖြတ်လိုက်လေသည်။

ချန်းမင်းကို ခေါ်ကာ မှာကြားလိုက်၏။

"ငါက ပြိုင်ဘက်တစ်ယောက်ကို လိုက်ရှာတော့မယ်၊ မင်းကို စောင့်ရှောက်နေနိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် အရေးအကြောင်း ကြုံလာယင် တောင်ပင်လယ်က မရဏစောင်းသံချိုစောက်ကို ဆက်သွယ်ပြီး အကူအညီတောင်းပါ"

ဟု မှာကြားပြီး ထွက်သွားတော့သည်။

ကျန်းလောင်ချန်းက သိုင်းလောကထဲ လှည့်လည်ကာ ရွှေမိုးမျှော်သိုင်းသမားအား လိုက်လံရှာဖွေခဲ့လေသည်။

သို့သော်...

ရွှေမိုးမျှော်သိုင်းသမားကို ရှာမတွေ့ခဲ့ပါချေ။

ကျန်းလောင်ချန်းက လိုက်ရှာနေသကဲ့သို့ ရွှေမိုးမျှော်သိုင်း

သမားကလည်း လိုက်ရှာနေသည်။

တစ်ယောက်ကိုတစ်ယောက် လိုက်ရှာယင်း လူချင်းကွဲနေခဲ့ပြီး ရှာမတွေ့နိုင်အောင် ဖြစ်ခဲ့ကြတော့သည်။

နောက်ပိုင်းတွင် ရွှေမိုးမျှော်သိုင်းသမား၏သတင်း ပျောက်ကွယ်သွားလေသည်။

ဘယ်လိုမှ လိုက်ရှာ၍ မရတော့သည့် နောက်ဆုံး ကျန်းလောင်ချန်းလည်း ချန်အန်းအရှေ့ထောင်၌ သွားရောက်နေထိုင်လိုက်ခြင်း ဖြစ်ပေတော့သည်။

ယခု...

ချန်းမင်းသည် ခြသေ့်ခြံဝင်းနှင့် ပြဿနာ ဖြစ်ခဲ့ပြီး မရဏစောင်းသံချိုစောက်ထံ အကူအညီ တောင်းခဲ့သည်။

ချိုစောက် ကွယ်လွန်သွားပြီ ဖြစ်၍ ချိုစောက်၏တပည့်နှစ်ယောက်က ဆရာ၏ကတိစကားအတိုင်း ချန်းမင်းကို လာပြီး ကူညီကြသည်။

သူတို့ မရှုမလှ အရေးနိမ့်သွားသဖြင့် ချန်းမင်းက ဆရာဖြစ်သူ ကျန်းလောင်ချန်းထံသို့ ဆက်သွယ်လိုက်ခြင်း ဖြစ်လေသည်။

ကျန်းလောင်ချန်းသည်လည်း ထိပ်သီးသိုင်းပညာရှင်များနှင့် တွေ့ရမည်ဆို၍ ချက်ချင်းလိုက်လာခဲ့တော့သည်။

◆ ◆ ◆



## ဖိတ်ခေါ်မိသော သေမင်း

ကျန်းလောင်ချန်းသည် ဟုန်ပေါ့နှင့်အတူ ရဲဒင်းဂိုဏ်းသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ချန်းမင်းက ဝမ်းသာအားရ ဆီးကြိုလိုက်လေသည်။

"ဆရာရောက်လာတာနဲ့ အတော်ပဲ၊ ခြသေ့်မောင်နှံက ကျွန်တော့်ကို ဒုက္ခပေးနေကြတာ"

ကျန်းလောင်ချန်းက...

"မင်းမှ အသုံးမကျတာ၊ မင်းကြောင့် ချိုစောက်ရဲ့တပည့်နှစ်ယောက်လည်း သေရပြီ မဟုတ်လား"

ချန်းမင်းက...

"သူတို့က စပြီး စော်ကားတာပါ၊ ကျွန်တော့်ရဲ့ ရဲဒင်းဂိုဏ်းကို ဂရုမစိုက်ဘူးဆိုတော့"

ကျန်းလောင်ချန်းက…

"ဂရုစိုက်ရအောင် မင်းက ဘယ်လောက် အစွမ်းအစ ရှိလို့လဲ"

ချန်းမင်း ပါးစပ်ပိတ်ထားလိုက်တော့သည်။

ကျန်းလောင်ချန်းက…

"သွား ခြသေ့်မောင်နှံဆိုတာကို သွားခေါ်လိုက်"

"ဗျာ"

"သူတို့ကို သွားခေါ်လိုက်လို့ ပြောနေတာ မင်းမကြားဘူးလား"

"ဟာ ကျွန်တော် မသွားရဲဘူး"

"ဘာကွ"

ကျန်းလောင်ချန်း ဒေါသထွက်သွားလေသည်။

"အသုံးမကျတဲ့ကောင်"

ချန်းမင်းကို လှမ်းပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"အမယ်လေး"

ချန်းမင်း အထိတ်တလန့် အော်လိုက်သည်။

ကြောက်ကြောက်လန့်လန့်ဖြင့် အနီး၌ ရှိနေသော ဟုန်ဟောကို ဆွဲကာ သူ၏ရှေ့၌ အကာအကွယ် ပြုထားလိုက်လေသည်။

ရုတ်တရက်မို့ ဟုန်ဟောလည်း ခံလိုက်ရလေသည်။

ကျန်းလောင်ချန်း၏လက်ဝါးက ဟုန်ဟော၏ရင်ဝကို ရိုက်ချမိလိုက်တော့သည်။



"ဝုန်း"

"အား"

ဟုန်ဟော အဝေးသို့ လွင့်စင်သွားတော့သည်။

ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် သွေးများ တဝေါ့ဝေါ့ အန်ထုတ်လိုက်၏။

ရင်ထဲမှ ပြင်းပျသော ဝေဒနာကြောင့် ဆောက်တည်ရာမရ ဖြစ်သွားသည်။

ဟုန်ဟောသည် ကြမ်းပြင်ပေါ် လူးလိမ့်နေရာမှ ခနထကာ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားတော့သည်။

ကျန်းလောင်ချန်းက…

"ဘယ်သူက ငါ့ထက်ပိုပြီး သိုင်းပညာတော်နိုင်ဦးမှာလဲ"

မဆီမဆိုင် ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

◆ ◆ ◆

ဟုန်ဟော သွေးရူးသွေးတန်း ထွက်ပြေးသွားလေသည်။

သူ၏မျက်လုံးများ ပြာဝေကာ နားထဲမှ လေတဟူးဟူး ထွက်နေ၏။

ဝေဒနာမျိုးစုံ ရင်ထဲထကြွနေသည်။

နှာခေါင်း၊ ပါးစပ်၊ နားထဲမှ သွေးများ ယိုစီးကျနေ၏။

ကျန်းလောင်ချန်း၏ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ဟုန်ဟော သေဆုံးသွားရတော့မည်လော။

ဟုန်ဟော တုန်လှုပ်ချောက်ခြားနေသည်။

သူအသက်ရှင်လိုနေပါသေးသည်။

"ငါ မသေချင်သေးဘူး"

ဟုန်ဟော အော်ဟစ်ယင်း ဒူးများ ပျော့ခွေကာ မြေပေါ်လဲကျသွား၏။

ထို့နောက် လုံးဝမှောင်အတိကျကာ သတိလစ်မေ့မြော့သွားလေတော့သည်။

◆ ◆ ◆



အချိန်မည်မျှ ကြာသွားမှန်းမသိ။

ဟုန်ဟော သတိရလာသောအခါ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ ရှူရှိုက်လိုက်ရလေသည်။

"ငါ..ငါ မသေသေးပါလား"

ဟုန်ဟော လူးလိမ့်ထလိုက်၏။

မွှေးကြိုင်သော ပန်းရနံ့များကို တရှိုက်မက်မက် ရှူရှိုက်လိုက်လေသည်။

ပန်းရနံ့များကြောင့် ဦးခေါင်းထဲ ကြည်ကြည်လင်လင် ဖြစ်လာပြီး မျက်လုံးနှင့် ကြည့်လိုက်သည်။

ထိုအခါ မိန်းကလေးတစ်ယောက် နေထိုင်သော အခန်းတွင်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဟုန်ဟော မျက်လုံးပြူးသွားသည်။

"ငါ..ငါ ဘယ်ရောက်နေတာပါလိမ့်"

အခန်းအပြင်ဘက်သို့ ချက်ချင်း ပြေးထွက်သွား၏။

အပြင်ဘက်ရောက်လျှင် မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားလေသည်။

"မင်း...မင်း"

"အစ်ကို"

မိန်းကလေးကား ပန်းသည်မလေးလင်ကျင်း ဖြစ်နေပါသည်။

လင်ကျင်းက...

"အစ်ကို ဒဏ်ရာကြီးနဲ့ မဟုတ်လား၊ အိပ်ရာထဲ လှဲနေပါဦး လားရှင်"

စိုးရိမ်တကြီး ပြောလာလေသည်။

ဟုန်ဟော ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာ ဘာဒဏ်ရာမှ မရှိဘူး"

"ရှင်"

"ကျုပ် ဘာမှ မဖြစ်တော့ပါဘူး"

လင်ကျင်း မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

သွေးရဲရဲ၊ သံရဲရဲဖြင့် မြေပေါ် လဲကျနေသော ဟုန်ယောကို တွေ့ရသဖြင့် လင်ကျင်း ကယ်တင်လာခဲ့ခြင်း ဖြစ်ပါသည်။

ယခု…

ဟုန်ဟောကား ဘာမှမဖြစ်တော့ဘဲ လူကောင်းပကတိ ရှိနေပါတော့သည်။

"အစ်ကို ဘာမှ မဖြစ်တော့ဘူးဆိုတာ တကယ် ပြောတာ နော်"

ဟုန်ဟော ခေါင်းညိတ်လိုက်သည်။

"တကယ်ပေါ့၊ ကျုပ် ဘာမှ မဖြစ်တဲ့အပြင် ဒယင်ကထက် ပိုပြီး ပေါ့ပါးလန်းဆန်းလာသလိုပဲ"

"ဖြစ်မှဖြစ်ရလေ ရှင်"

လင်ကျင်း ညည်းတွားလိုက်လေသည်။

ဟုန်ဟော ဦးညွှတ်လိုက်သည်။



"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ညီမရယ်"

သူက လင်ကျင်းနှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် စကား ကောင်း ပြောလိုက်ခြင်း ဖြစ်လေသည်။

လင်ကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ် ပေါ်လာတော့သည်။

သူမ၏မျက်နှာ ပြုံးရွှင်သွားတော့သည်။

"ကိစ္စမရှိပါဘူးရှင်၊ အစ်ကို့ကို ကူညီနိုင်တာပဲ ကျွန်မဝမ်း သာလှပါပြီ"

ဟုန်ဟောက…

"ညီမ ကျုပ်ကို မှတ်မိတယ်နော်"

"ဟုတ်ကဲ့ မှတ်မိပါတယ်ရှင်"

"ကျုပ်က ညီမအပေါ်မှာ စိမ်းစိမ်းကားကား ဆက်ဆံခဲ့တာ ကို ဘယ်လိုမှ သဘောမထားစေချင်ပါဘူး"

"အို ရပါတယ်ရှင်"

နှစ်ယောက်သား ငယ်စဉ်ကပင် သံယောဇဉ် ရှိခဲ့ကြပြီး ယခု မှ ပွင့်ပွင့်လင်းလင်း ပြောဆိုကာ ရင်းရင်းနှီးနှီး ဖြစ်လာခဲ့ကြလေတော့ သည်။

လင်ကျင်းက…

"အစ်ကို၊ အခုမှ သက်သာကာစပဲ ရှိသေးတယ်၊ သည်မှာပဲ အနားယူလိုက်ပါဦးလားရှင်"

ဟုန်ဟောက…

"ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေသေးတာကြောင့် သွားမှဖြစ်မယ်၊ ကျုပ်ကို ဘယ်လိုမှ သဘောမထားစေချင်ဘူး"

လင်ကျင်းသည် ဟုန်ပောအား တားဆီး၍ ရမည် မဟုတ်ကြောင်း သိထား၍ ခွင့်ပြုလိုက်လေတော့သည်။

◆ ◆ ◆



မြို့ပြင် မြက်ခင်းပြင်သို့ ဟုန်ပော ရောက်ရှိလာလေသည်။

ကျန်းလောင်ချန်း၏လက်ဝါးရိုက်ချက်ကြောင့် သေဆုံးရတော့မည် ထင်ခဲ့မိသည်။

သို့သော်...

သူအသက်ရှင်နေသေးသည့်အပြင် ပြင်းထန်သော ရိုက်ချက်က သူ၏ခန္ဓာကိုယ်ထဲမှ ပိတ်ဆို့နေသော သွေးကြောများအား ပွင့်သွားစေခဲ့သည် မဟုတ်ပါလား။

ဟုန်ပောသည် မကြုံစဖူး ထူးကဲအောင် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည်ဟု ခံစားရသဖြင့် သူ၏သွေးကြောများ ပွင့်သွားပြီ ဖြစ်ကြောင်း နားလည်သွားခြင်း ဖြစ်ပါသည်။

သွေးကြောများ ပွင့်သွားပြီဆိုပါလျှင်...

ဟုန်ပော အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

လက်နှစ်ဘက်ကို သိုင်းဟန်ပြင်လိုက်သည်။

ထို့နောက်...

မှော်မိုးမှော်သိုင်းပညာကို ဖော်ထုတ်လေ့ကျင့်လိုက်လေတော့သည်။

◆ ◆ ◆

## ရည်မှန်းချက် ပန်းတိုင်

ခြသေ့်ခြံဝင်း...

ခြသေ့်ခြံဝင်းသည် ယခင်ကနှင့် မတူဘဲ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်ပါသည်။

ခြံဝင်းအတွင်း၌ အသံဗလံများ မကြားရသလို လူရိပ် လူရောင်များလည်း မတွေ့ရတော့ပါ။

အဘယ်ကြောင့် ဤမျှ တိတ်ဆိတ်ငြိမ်သက်နေရပါသနည်း။

ခြံဝင်းအလယ်တွင် စားပွဲတစ်လုံး ချထား၏။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ် ရှိနေသည်။

လူနှစ်ယောက်က မျက်နှာချင်းဆိုင် ထိုင်နေကြ၏။



အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ ဖြစ်သည်။

နှစ်ယောက်သား အရက်သောက်လိုက်၊ ဟင်းလျာများ စားလိုက်ဖြင့် အလုပ်ရှုပ်နေ၏။

သူတို့က ပတ်ဝန်းကျင်ကို အမှုမထားကြပါ။

အတန်ကြာ စားသောက်ပြီးမှ အဒေါ်ကြီးရှန်းက...

"ဂူကျဲ၊ ကျွန်မက ရှင့်ကို တစ်ချိန်လုံး အနိုင်ကျင့်ခဲ့တယ်၊ အဲဒါ ရှင် ဘယ်လိုသဘောထားသလဲ"

ဟု မေးလိုက်လေသည်။

ဦးလေးဂူ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ဘယ်လိုမှ သဘောမထားဘူး"

အဒေါ်ကြီးရှန်းက...

"ကျွန်မကို နည်းနည်းလေးတောင် စိတ်မဆိုးဘူးလားရှင်"

ဦးလေးဂူ ခေါင်းခါယမ်းလိုက်ပြန်သည်။

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မင်းက ငါ့မိန်းမပဲ၊ ဘာကြောင့် ငါစိတ်ဆိုးရမှာလဲ"

"ဒါဖြင့် ကျွန်မအနိုင်ကျင့်"

"အေးလေ ငါကိုယ်တိုင်ကလည်း မင်းအနိုင်ကျင့်တာ ခံနေရတာကိုပဲ ကျေနပ်နေတာကိုး"

အဒေါ်ကြီးရှန်း သက်ပြင်းချလိုက်လေသည်။

"ရှင်ဟာ ကျွန်မအပေါ်မှာ သိပ်ကောင်းတဲ့ ခင်ပွန်းသည်

တစ်ယောက်ပါ”

“မင်းကလည်း ငါ့အတွက် ဇနီးကောင်းတစ်ယောက်ပါပဲကွာ”

ဦးလေးဂူ၏စကားကြောင့် အဒေါ်ကြီးရှန်း ပြုံးလိုက်သည်။

“ဟုတ်တယ်၊ ကျွန်မအစ်ကိုက သဘောမတူပေမယ့် ကျွန်မက ရှင့်ကို လက်ထပ်ခဲ့တာ”

ဦးလေးဂူက...

“သူက မင်းကို ကျေပ်စိတ်ချမ်းသာအောင် ထားနိုင်မှာ မဟုတ်ဘူးလို့ ထင်နေတာ ဖြစ်မှာပေါ့လေ”

အဒေါ်ကြီးရှန်းက...

“အစ်ကိုကြီးရှန်းထင်း ပြီးယင် ရှင့်လောက် ကျွန်မကို စိတ်ချမ်းသာအောင် ထားနိုင်မယ့်လူ လောကပေါ်မှာ မရှိတော့ဘူးဆိုတာ ကျွန်မနားလည်ပါတယ်”

ဦးလေးဂူ ခေါင်းခါယမ်းလိုက်သည်။

“သည်လောက်လည်း မဟုတ်သေးပါဘူးကွာ”

အဒေါ်ကြီးရှန်းက...

“အင်း ဘာလိုလိုနဲ့ ကျွန်မတို့ ခွဲခွာကြရတော့မယ်”

“ဘာဆိုင်လို့လဲ”

“ရှင် သတင်းမကြားသေးဘူးလား”

“ဘာသတင်းကြားရမှာလဲ”

“ရဲဒင်းဂိုဏ်းပေါ့”



“ဩော်”

ဦးလေးဂူက ဘာမှ မဟုတ်သလို အေးတိအေးစက် ရှိနေ၏။

အဒေါ်ကြီးရှန်းက...

“အရှူးကြီးက ရဲဒင်းဂိုဏ်းကို ရောက်လာပြီရှင်”

ထိုသတင်းကို ဦးလေးဂူလည်း ကြားသိထားပြီး ဖြစ်လေသည်။

ဦးလေးဂူ ပြုံးလိုက်သည်။

“ရောက်လာတော့ ကောင်းတာပေါ့၊ တို့က သူ့ကို တွေ့ချင်လို့ သည်နေရာမှာ နှစ်ပေါင်းအတော်ကြာအောင် လာစောင့်နေခဲ့ကြရတာ မဟုတ်ဘူး”

အရှူးကြီးဆိုသည်ကား မီးတိမ်လွှာ ဒုစရိုက် နတ်ဆိုးကြီး ဖြစ်သည်။

သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရသူ ဖြစ်သည်။

အရှူးကြီးသည် တချိန်ချိန်တွင် သိုင်းလောကအား ဖျက်ဆီးပစ်မည့်သူဟု လူတိုင်း လက်ခံယုံကြည်ထားကြလေသည်။

အရှူးကြီးနှင့် ပတ်သက်သည့် ထိပ်တန်းသိုင်းသမားတိုင်းက ရှာဖွေတိုက်ခိုက်မည်ဟု သန္နိဋ္ဌာန် ချထားကြသည်။

ခြသေ့်ကြီးရှန်းထင်းတို့ မောင်နှမသည်လည်းကောင်း၊ ဂူကျဲသည်လည်းကောင်း အရှူးကြီးအား ဆုံးမမည်ဟု သန္နိဋ္ဌာန်ချထားသူများထဲတွင် ပါဝင်ကြလေသည်။

ထူးခြားသည်ကား…

အရှုးကြီးသည် နေရာအနှံ့ လျှောက်သွားနေသူ ဖြစ်ရကား သူ့အား တွေ့ချင်တိုင်း တွေ့ဖို့ မလွယ်ကူခြင်း ဖြစ်လေသည်။

အဒေါ်ကြီးရှန်းတို့ ဇနီးမောင်နှံသည် အရှုးကြီးနှင့် ရဲဒင်းဂိုဏ်းတို့ ပတ်သက်နေသည့် သတင်းကို ကြားမိကြသည်။

ထို့ကြောင့် ခြသေ့်ခြံဝင်း၌ လာရောက်ဇာတ်မြုပ်ကာ စိတ်ရှည်ရှည်ထားပြီး စောင့်ဆိုင်းနေခဲ့ကြတော့သည်။

ယခု…

သူတို့ မျှော်လင့်နေသော နေ့သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

အရှုးကြီးမှာ ရဲဒင်းဂိုဏ်းသို့ ရောက်ရှိလာပြီ မဟုတ်ပါလား။

အဒေါ်ကြီးရှန်းက…

"ကျွန်မတို့ သွားမလား၊ သူလာအောင် စောင့်မလား"

ဦးလေးဝူက…

"သူရောက်လာပြီပဲ၊ စောင့်လက်စနဲ့ ဆက်ပြီး စောင့်လိုက်ကြတာပေါ့"

အံ့သြစရာကောင်းအောင်ပင် အဒေါ်ကြီးရှန်းက ဦးလေးဝူ၏စကားကို လက်ခံလိုက်လေသည်။

◆ ◆ ◆



ရဲဒင်းဂိုဏ်းမှာ ကျားကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဟူသော အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီ ဖြစ်လေသည်။

ချန်းမင်းက ခြသေ့်ခြံဝင်းကို ကြောက်သဖြင့် အရှုးကြီး(ဝါ) မီးတိမ်လွှာဒုစရိုက်နတ်ဆိုးကြီးကို သွားခေါ်ခဲ့လေသည်။

အရှုးကြီး ရောက်လာသောအခါ အကူအညီ မရသည့်အပြင် အားလုံး ဒုက္ခရောက်ကြရတော့သည်။

အရှုးကြီးက…

"သိုင်းလောကမှာ ငါ့ကို ယှဉ်နိုင်တဲ့သူ မရှိဘူး၊ ငါ့တပည့်တွေကတော့ ဘယ်သူ့ကိုမှ မယှဉ်နိုင်ကြဘူး"

ဒေါသထွက်လာသောအခါ ဖားပြုပ်ကြီးတစ်ကောင်ပမာ ခုန်ဆွခုန်ဆွ လုပ်နေ၏။

ချန်းမင်းက ပုန်းနေသည်။

ကျောက်ပါက ဂိုဏ်းသားအချို့နှင့်အတူ အရှုးကြီး၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးနေ၏။

အရှုးကြီးက တဖျစ်တောက်တောက် ပြောဆိုနေသည်။

"အသုံးမကျလိုက်တဲ့ကောင်တွေ"

သူ၏စကားတစ်ခါဆုံးလျှင် ရဲဒင်းဂိုဏ်းသားတစ်ယောက် လဲကျသွားမြဲပင်။

ကျောက်ပါ ထိတ်လန့်သွားသည်။

နောက်ဆုံး သူလည်း မနေဝံ့တော့ဘဲ နောက်ဆုတ်ထွက်ပြေးသွားလေတော့သည်။

"ဟား...ဟား...ဟား"

အရူးကြီး ရယ်မောလိုက်သည်။

"ပြေးစမ်း...ပြေးကြစမ်း"

သူက ကျောက်ပါကိုလည်းကောင်း၊ ချန်းမင်းကိုလည်းကောင်း လုံးဝအလွတ်မပေးပါ။

မတွေ့တွေ့အောင် ရှာပြီး သတ်ပစ်လိုက်လေတော့သည်။

ရဲဒင်းဂိုဏ်းမှာ မည်သူမျှ မဖျက်ဆီးရဘဲ အရူးကြီး၏လက်ချက်ဖြင့် ရစရာ မရှိအောင် ပျက်စီးသွားရလေတော့သည်။

◆ ◆ ◆

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

ဖုန်များ၊ သဲများ တထောင်းထောင်း ထသွား၏။

စားသောက်စရာများတွင် ဖုန်များ ဝင်သွားလျှင်လည်း အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ ဝမ်းနည်းမည် မဟုတ်ပါ။

သူတို့ စားသောက်ပြီးသွားပြီ ဖြစ်၍ ပန်းကန်များထဲ၌ အရိုးအရင်းများသာ ကျန်တော့သည် မဟုတ်ပါလား။

သူတို့သည် မကြာမီ အရူးကြီးနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

သူတို့ သေမည်ရှင်မည်၊ နိုင်မည်ရှုံးမည် မသိနိုင်ပါ။

ထို့ကြောင့် သူတို့ မစဉ်းစားကြပါ။



ဘာကိုမှလည်း မတွေးကြပါ။

ခြသေ့်ခြံဝင်း၌ မှီတင်းနေထိုင်ခဲ့ကြသူများသည် အထုပ်ကိုယ်စီဖြင့် ထွက်သွားခဲ့ကြသည်မှာ ကြာပြီ ဖြစ်သည်။

ထိုလူများ တစ်သက်လုံး နေထိုင်သွားမည်ဆိုလျှင်လည်း အဒေါ်ကြီးရှန်းက တားမည်သာ ဖြစ်ပါသည်။

သို့သော်...

ခြသေ့်ခြံဝင်း၌ နေထိုင်ခြင်းကြောင့် ဒုက္ခရောက်ရမည့် အဖြစ်ကို မလိုလားပါ။ ထို့ကြောင့်...

အဒေါ်ကြီးရှန်းက ကျယ်လောင်သော အသံတစ်ချက် ပြုလိုက်ရာ အားလုံး အထုပ်ဆွဲပြီး ထွက်သွားကြလေတော့သည်။

ခြသေ့်ခြံဝင်း၌ အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြလေသည်။

သူတို့နှစ်ယောက်တည်းတော့ မဟုတ်ပါ။

လေငြိမ်သွားသည်။

ဖုန်များ၊ သဲများ အောက်ဘက်သို့ ကျဆင်းသွား၏။

ဝန်းကျင်တစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်သွားသည်။

ထိုအခါ...

နောက်ထပ် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။

◆ ◆ ◆

ခေါင်းမွေးစုတ်ဖွားနှင့်အဘိုးအိုတစ်ယောက် ရောက်ရှိလာလေသည်။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ ထိုင်ရာမှ မထပါ။

ဦးလေးဂူက…

"မိန်းမရေ တို့ငယ်ငယ်က တံထင်ရေကန်ကို ပျော်ပွဲစားထွက်ခဲ့ကြတာ မှတ်မိသေးသလား"

အဒေါ်ကြီးရှန်းက…

"အိုး မှတ်မိတာပေါ့၊ ကျွန်မတို့ကို လူရမ်းကားတွေက လာပြီး နှောင့်ယှက်တော့ ကျွန်မက ဟောဒီလို အော်လိုက်သေးတယ်"

သူမသည် ထိုင်ရာမှ ထကာ ရင်ကော့ပြီး အော်ဟစ်လိုက်လေသည်။

"ဂူ…ဂူ…ဂူ"

သူမ၏အော်သံသည် မြေကြီးများ သိမ့်သိမ့်တုန်ခါသွားအောင်ပင် ကျယ်လောင်မြည်ဟီး ထွက်ပေါ်လာလေတော့သည်။

ခြသေ့်ဟိန်းသံ…

အဒေါ်ကြီးရှန်းက ခြသေ့်ဟိန်းသံကို အသုံးပြုကာ တိုက်ပွဲစတင်လိုက်ခြင်း ဖြစ်ပါသည်။

ဦးလေးဂူက လက်ခုပ်တဖျောင်းဖျောင်း တီးလိုက်သည်။

"ဟုတ်တယ်ဟေ့၊ မင်းက သည်လို အော်လိုက်တော့ လူဆိုးတွေလည်း ဟောသည်လို…ဟောသည်လို ပြေးကြတာပေါ့"

ဆားပက်ခံလိုက်ရသည့် တီကောင်တစ်ကောင်အလား ခန္ဓာ



ကိုယ် တွန့်လိန်လှုပ်ရှားပြလိုက်လေသည်။

သူ တစ်ချက်လှုပ်ရှားလိုက်တိုင်း လေတိုးသံ ဟူးခနဲမြည်ကာ ထွက်ပေါ်လာသည်။

မမြင်ရသော လေပွေလှိုင်းများသည် အရပ်လေးမျက်နှာသို့ ရိုက်ခတ်သွားလေသည်။

အမှန်တော့ ဇနီးမောင်နှံနှစ်ယောက်က ခြသေ့်ခြံဝင်း အတွင်းသို့ ရောက်ရှိလာသူအား သူတို့၏ပညာ အစွမ်းအစကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

တော်ရုံတန်ရုံ လူဆိုလျှင် သူတို့၏တိုက်ခိုက်မှုကြောင့် မရှုမလှ အရေးနိမ့်ကာ ထွက်ပြေးသွားရလိမ့်မည် ဖြစ်လေသည်။

သို့သော် ယခု သူတို့ရင်ဆိုင်နေရသူမှာ မီးတိမ်လွှာဒုစရိုက်နတ်ဆိုး ကြီး ဖြစ်လေသည်။

"ဟား…ဟား…ဟား"

အရူးကြီး(ဝါ)ဒုစရိုက်နတ်ဆိုးကြီးက တဟားဟား ရယ်မောလိုက်လေသည်။

"ကောင်းလိုက်တဲ့အရက်"

ဘယ်အချိန်က အနီးသို့ ရောက်ရှိလာသည် မသိပါ။

စားပွဲပေါ်၌ တင်ပါးလွှဲထိုင်ရင်း အရက်အိုးကို မ,ယူပြီး မိန့်မိန့်ကြီး သောက်နေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ မျက်နှာပျက်သွားကြလေသည်။

သူတို့၏တိုက်ခိုက်မှုမှာ အသုံးမကျ၊ အရာမဝင် သဲထဲရေသွန် ဖြစ်သွားပြီ မဟုတ်ပါလား။

အရှုးကြီး(ဝါ)နတ်ဆိုးကြီးသည် သူတို့မျှော်လင့်ထားသည် ထက်ပင် ပိုပြီး ကြောက်စရာကောင်းသူ ဖြစ်နေပါတော့သည်။

အဒေါ်ကြီးရှန်း စိတ်ဓာတ်ကျသွားသည်။

ဦးလေးဂူလည်း ပျော့ခွေသွား၏။

အရှုးကြီးက…

"ဘာမှလည်း အသုံးမကျဘူး"

သူ၏စကားအဆုံးတွင်…

"ဝုန်း…ဝုန်း"

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

◆ ◆ ◆



မီးတိမ်လွှာဒုစရိုက်နတ်ဆိုးကြီး…

အရှုးကြီး(ဝါ)နတ်ဆိုးကြီးသည် အလွန်ကြောက်စရာကောင်းသူ ဖြစ်ကြောင်း ထင်ရှားနေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ လူးလိမ့်ထလိုက်ကြလေသည်။

သူတို့၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုဆီးနေ၏။

နှစ်ယောက်စလုံး ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြလေတော့သည်။

အရှုးကြီးကား ခပ်ပြုံးပြုံးပင် ရှိနေ၏။

"ချန်းမင်း၊ အသုံးမကျတဲ့ကောင်၊ ဒါနဲ့များ ငါ့ကို ပြိုင်နိုင်တဲ့လူ ရှိတယ်လို့ ပြောရဲသေးတယ်"

သေဆုံးသွားပြီ ဖြစ်သော ချန်းမင်းကိုပင် အလွတ်မပေးဘဲ ကျိန်ဆဲလိုက်လေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ လူးလိမ့်ထလာကြသည်။

နှစ်ယောက်စလုံး ယိမ်းယိုင်နေကြ၏။

သူတို့လည်း ကြောက်စရာကောင်းသော ထိပ်တန်းသိုင်းသမားများ ဖြစ်ပါသည်။

အရှုးကြီးနှင့် ရင်ဆိုင်လိုက်ရသောအခါ…

အရှုးကြီးက ခေါင်းခါယမ်းလိုက်သည်။

"ငါတွေ့ချင်တာ မင်းတို့ မဟုတ်ဘူး"

သူက မည်သူ့ကို တွေ့လိုနေပါသနည်း။

"လောကပေါ်မှာ အရူးနှစ်ယောက် ရှိတယ်၊ ကျန်တဲ့ အရူးတစ်ယောက်က ဘယ်မှာလဲ"

အရူးကြီး ညည်းတွားလိုက်၏။

သူက မပြုံးတော့ပါ။

ရယ်မောခြင်းလည်း မပြုတော့ပါ။

သူ၏မျက်နှာသည် ရှုံ့မဲ့နေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့က ငေးကြည့်နေကြ၏။

အရူးကြီးသည် မျက်နှာကြီး ရှုံ့မဲ့နေရာမှ ရုတ်တရက် ချုံးပွဲချ ငိုကြွေးလိုက်လေတော့သည်။

"အီး...ဟီး...ဟီး"

"အီး...ဟီး...ဟီး"

အရူးကြီး၏ ငိုကြွေးသံကြောင့် အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့ ရင်ထဲ တုန်ခါသွားကြ၏။

ထို့နောက်...

"ဝေါ့..ဝေါ့"

သွေးများ အန်ချလိုက်ကြလေတော့သည်။

◆ ◆ ◆



အရူးကြီး၏ငိုသံသည်လည်းကောင်း၊ ရယ်သံသည်လည်းကောင်း သိုင်းပညာနှင့် အတွင်းအား သရုပ်သဏ္ဍာန်ဆောင်နေသည်။

အရူးကြီး၏လှုပ်ရှားမှု မှန်သမျှသည် သိုင်းကွက်နှင့် သိုင်းပညာအနှစ်သာရများချည်းသာ ဖြစ်နေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဂူတို့သည် အရူးကြီးကို ကြည့်ပြီး သက်ပြင်းချလိုက်ကြလေသည်။

အဒေါ်ကြီးရှန်းက...

"ငါ့အစ်ကိုကော၊ ငါ့အစ်ကိုရဲ့ဆရာကော၊ သူတို့အားလုံး ပေါင်းရင်တောင် မီးတိမ်လွှာဒုစရိုက်နတ်ဆိုးကြီးရဲ့ ခြေဖျားတောင် မီမှာ မဟုတ်ပါလား"

ဦးလေးဂူက...

"ငါ့အဖေသာ သည်လိုလူစားမျိုး လောကပေါ်မှာ ရှိနေသေးတယ်ဆိုတာသိခဲ့ရင် သူ့ကိုယ်သူ သိုင်းဆရာလို့ နာမည်ခံတော့မှာ မဟုတ်ဘူး"

သူတို့သည် အရူးကြီး(ဝါ)မီးတိမ်လွှာဒုစရိုက်နတ်ဆိုးကြီးအား ယှဉ်ပြိုင်ဖို့ မကြိုးစားကြတော့ပါ။

သူတို့သည် သိုင်းသမားများ ဖြစ်ပါသည်။

သိုင်းပညာနှင့် ပတ်သက်လာလျှင် ခံယူချက် ပြင်းထန်ကြသူများ ဖြစ်သည်။

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သိုင်းပညာသာ အဓိက

ဖြစ်ပါသည်။

အရှုးကြီး(ဝါ)မီးတိမ်လွှာဒုစရိုက်နတ်ဆိုးကြီးက သူတို့အား သတ်ပစ်ဖို့ မကြိုးစားပါ။

သူတို့ကလည်း အရှုးကြီးအား ထပ်မံတိုက်ခိုက်ဖို့ မကြိုးစားပါချေ။

အနိုင်အရှုံး ကွဲပြားခြားနားနေပြီ မဟုတ်ပါလား။

ရုတ်တရက်...

အရှုးကြီး၏ငိုကြွေးသံများ ရပ်တန့်သွားသည်။

"လောကပေါ်မှာ တစ်ယောက်ယောက်တော့ ရှိနေရဦးမှာပေါ့"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ပန်းဗျို့...ပန်း၊ ပန်းဝယ်ကြဦးမလား"

ပန်းသည်တစ်ယောက်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

◆ ◆ ◆



ပန်းသည် ရောက်ရှိလာသည်။

တစ်ယောက်တည်းတော့ မဟုတ်ပါ။ နှစ်ယောက် ဖြစ်သည်။

တစ်ယောက်က ပန်းခြင်းတောင်းကို ထမ်းထားသည်။

နောက်တစ်ယောက်က ပန်းစည်းကို ပိုက်ထားသည်။

ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြလေသည်။

ယောကျ်ားလေးက ဟုန်ပေါ ဖြစ်သည်။

မိန်းကလေးက လင်ကျင်း ဖြစ်သည်။

ဟုန်ပေါ ပျော်နေ၏။

လင်ကျင်း ပျော်နေ၏။

မည်မျှပင် စိတ်သောက ရောက်နေသူဖြစ်စေ သူတို့နှစ်ယောက်အား တွေ့လိုက်ရသည်နှင့် အလိုလို ပျော်ရွှင်သွားကြမည်ဖြစ်လေသည်။

ဟုန်ပေါက ပန်းခြင်းကို ထမ်းကာ အော်ဟစ်လာသည်။

သူ့ကို ကြည့်ရသည်မှာ ကခုန်နေသည်နှင့်ပင် တူနေပါတော့သည်။

ထို့အတူ လင်ကျင်းလည်း ပျော်ရွှင်နေ၏။

ခါတိုင်းဆိုလျှင် ခြသေ့်ခြံဝင်း၌ ပန်းရောင်း၍ ကောင်းလှသည်။

ဆင်းရဲသားမိသားစုများသော်လည်း...

တစ်အိမ်ကို ပန်းတစ်စီးဝယ်လျှင်...

ပန်းတစ်စီးကို တစ်ပြားမြတ်လျှင်...

သူဌေးများက ပန်းကို ရွေးကြသည်။

ဆင်းရဲသားများက ပန်းကို မရွေးဘဲ ငွေကို ရွေးကြသည်။

လင်ကျင်းက ခြသေ့်ခြံဝင်း၌ အကြိမ်ကြိမ် ပန်းရောင်းခဲ့ဖူးပါသည်။

သူမသည် အနည်းဆုံးသော အမြတ်အစွန်းဖြင့် ရောင်းချခဲ့သည်ချည်းသာ ဖြစ်သည်။

သို့သော်...

သူမသည် ငွေကြေးနှင့် တန်ဖိုးဖြတ်၍ မရသော ဝမ်းသာပီတိ အမြတ်အစွန်းများစွာ ရရှိခဲ့လေသည်။

ယခုတစ်ကြိမ်...

သူမ အမြတ်အစွန်း မရနိုင်ပါ။

ဝမ်းသာပီတိ ဖြစ်စရာအကြောင်း မမြင်ပါ။

သူမ၏အသံ ကြည်လင်နေဆဲ။

သူမ၏အမူအရာ တက်ကြွနေဆဲ။

သူမသည် ဟုန်ဟောအတွက် ပေးဆပ်ရန် လူဖြစ်လာခဲ့ရလေသည်။

◆ ◆ ◆



"ညီမရေ ပန်းဝယ်မယ့် လူတွေလည်း မရှိတော့ဘူး၊ အားလုံး ခရီးသွားနေကြပြီ၊ ဒါကြောင့် သည်လိုလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုလုပ်မလဲ အစ်ကို"

"ဝယ်မယ့်လူ မရှိတော့လဲ သူ့ကို ပန်းတစ်စည်းလောက် လက်ဆောင်ပေးခဲ့ရင် မကောင်းဘူးလား"

"အို သိပ်ကောင်းတာပေါ့ အစ်ကိုရယ်"

ဟုန်ဟောက ပြောချင်ရာ ပြောနေ၏။

လင်ကျင်းက ဟုန်ဟော ဘာပြောပြော အားလုံး အကောင်းချည်း ဖြစ်သည်။

သူမ ဟုန်ဟောအား ပန်းတစ်စည်းပေးလိုက်သည်။

ဟုန်ဟောက ပန်းစည်းကို လှမ်းယူလိုက်သောအခါ လက်များ တုန်ခါနေ၏။

လက်တုန်နေသောကြောင့် ပန်းပွင့်ဖတ်များ တစ်စဆီ ကြွေသွားလေသည်။ ထိုအချိန်တွင်...

"ဟူး"

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ပန်းပွင့်ဖတ်လေးများသည် လေနှင့်အတူ လွင့်မျောသွား၏။ အရှူးကြီး(ဝါ)မီးတိမ်လျှာဒုစရိုက်နတ်ဆိုးကြီးထံသို့ လွင့်မျောသွားခြင်း ဖြစ်လေသည်။

◆ ◆ ◆

ပန်းပွင့်လေးများ လေထဲလွင့်မျောနေ၏။

အရှုးကြီးက ငေးကြည့်နေသည်။

"သိပ်လှတဲ့ အိပ်မက်ပါလား"

မှန်ပေသည်။ ပန်းပွင့်ဖတ်လေးများ လွင့်မျောနေခြင်းသည် နှင်းများ ကျဆင်းနေသည်နှင့်ပင် တူနေ၏။

"ကောင်းတယ်..ကောင်းတယ်"

အရှုးကြီးသည် စားပွဲခုံပေါ်မှ ခုန်ဆင်းကာ လက်ခုပ်လက်ဝါးတီးပြီး ရယ်မောလိုက်လေသည်။

သူ၏ရယ်သံက ဟိန်းထွက်လာသည်။

လက်ခုပ်သံက ပွဲတင်ထပ်နေ၏။

အဒေါ်ကြီးရှန်းနှင့် ဦးလေးဝူတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။ ဦးလေးဝူက...

"နားဝိတ်ထား"

အဒေါ်ကြီးရှန်းက...

"ရှင်ရူးနေသလား၊ မျက်စိပါ ပိတ်ထား"

နှစ်ယောက်သား မြေကြီးပေါ်၌ ခပ်ကွေးကွေးလေး ဖြစ်သွားကြသည်။

လေတိုက်ခတ်ခြင်း မရှိပါ။

သို့သော် ရုတ်တရက် လေငြိမ်သွားသကဲ့သို့ ထင်ရ၏။

အရှုးကြီး သက်ပြင်းချလိုက်သည်။

"ငါ မထင်မိဘူး"



ဟုန်ဟောက ပခုံးတွန့်လိုက်သည်။

အရှုးကြီးက...

"ပြောစမ်းပါဦး"

ဟုန်ဟောက...

"ဘာမှ မတည်မြဲဘူးဆိုတာ ကျွန်တော်သိတယ်"

"ဘာကွ"

"ဘာဘက အိုနေပြီ၊ ကျွန်တော်က ငယ်သေးတယ်"

"မင်း.."

"ကျွန်တော်အိုသွားရင်"

"တော်တော့"

ထို့နောက်...

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

အရှုးကြီးနှင့် ဟုန်ဟောတို့ ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

◆ ◆ ◆

ရယ်မောသံများ တဖြည်းဖြည်း ရပ်တန့်သွားသည်။

အရှုးကြီး သက်ပြင်းချလိုက်လေသည်။

"ငါသိပြီ၊ ငါ ဘယ်သူ့ကိုမှ မပြိုင်တော့ပါဘူး"

ဟုန်ပေါက...

"ကျွန်တော်လည်း အနိုင်အရှုံးဆိုတာ ဘာလဲလို့ တွေးနေမိပါတယ် ခင်ဗျာ"

အရှုးကြီးက...

"အနိုင်အရှုံး ဒါတွေ အားလုံး ဘာမှ မဟုတ်ပါဘူးကွာ"

ဟုန်ပေါ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"ဘာမှ မဟုတ်ဘူးဆိုတာ ဟုတ်တယ်"

သူတို့နှစ်ယောက်က...

"ဟား...ဟား...ဟား"

ပြိုင်တူ ရယ်မောနေကြ၏။

ကျယ်လောင်စွာ ရယ်မောနေကြ၏။

မြေပေါ်၌ ခါးကွေးကာ နားပိတ်ထားကြသော အခေါ်ကြီး ရှန်းနှင့် ဦးလေးဝူတို့မှာ လေပူဖောင်းလေးများပမာ လိမ့်၍လိမ့်၍ သွားကြလေတော့သည်။

◆ ◆ ◆



ရာသီဥတု ကြည်လင်သာယာနေသည်။

ဝန်းကျင်တစ်ခုလုံးလည်း သာ သာယာယာ ရှိနေ၏။

ထိုသို့ပင်...

လူအများ၏စိတ်ထဲ၌လည်း ကြည်လင်သာယာနေလေသည်။

ရဲဒင်းဂိုဏ်း...

လမ်းဘေး၌ ဆော့ကစားနေသော ကလေးသူငယ်များအား မေးမြန်းကြည့်မည်ဆိုလျှင် ရဲဒင်းဂိုဏ်းအား မည်သူကမျှ ကြားဖူးသည်ဟု ပြောကြမည် မဟုတ်ပါ။

ရဲဒင်းဂိုဏ်းဟူသည် လောကပေါ်တွင် မရှိတော့ပါ။

ထို့အတူ အရှုးကြီး(ဝါ)မီးတိမ်လွှာသိုင်းသမားကိုလည်း မည်သူမှ သိကြမည် မဟုတ်ပါ။

မည်သူမျှ ကြားဖူးကြမည် မဟုတ်ပါ။

ခြသေ့်ဟိန်းသံ။

မိုးမျှော်သိုင်းသမား။

မီးတိမ်လွှာဒုစရိုက်နတ်ဆိုး။

စသည်စသည်ဖြင့် မည်သူကမျှ ပြောဆိုကြမည် မဟုတ်သလို ကြားဖူးကြမည်လည်း မဟုတ်ပါ။

နေ့ ရက် အလီလီ ပြောင်းလဲသွားသည်။

ရာသီဥတု အလီလီ ပြောင်းလဲသွားသည်။

အခြေအနေ အရပ်ရပ် ပြောင်းလဲသွားသည်။

အချိန်ကာလ ရွေ့လျားသွားသည်နှင့်အမျှ အပြောင်းအလဲများစွာ ဖြစ်ပေါ်နေသည်။

နွေ။

မိုး။

ဆောင်း။

ရာသီဥတုများ ပြောင်းလဲသွားသည်။

သိုင်းလောကကြီးလည်း ပြောင်းလဲသွားသည်။

ငယ်သူ ကြီးသွားသည်။

ကြီးသူ အိုသွားသည်။

အိုသူ ကွယ်လွန်သွားသည်။

အရာအားလုံး ပြောင်းလဲသွားသော်လည်း မပြောင်းမလဲ တည်တန့်နေသော အရာများတော့ ရှိနေပါသေး၏။

"ဟုန်မိသားစု သော့ဆိုင်"

"လင်မိသားစု ပန်းဆိုင်"

ဟူ၍ ဖြစ်လေသည်။

ပြီးပါပြီ။